www.burmeseclassic.com

# မင်းဖြစ်သူရ

## ဂျမဒါမင်းထင် နှင့်
## ဒေါင်းယောင်ဆောင်သောကျီး



BURMESE CLASSIC .com

L လင်း

www.burmeseclassic.com

www.burmeseclassic.com


# မင်းမြတ်သူရ

ဂျမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျီး

စာမူခွင့်ပြုချက်အမှတ်

၅၀၀၈၀၅၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၁၀၂၀၉၁၁

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃

မင်းမြတ်သူရ

ဂျမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျီး၊ မင်းမြတ်သူရ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂

၂၅၆-စာ၊ ၅×၇

(၁) ဂျမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျီး


www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယို ရိုက်ကူးသောစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်မား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကျိုးညိုနှင့် တန်ခိုးရှင်
၁၀။ မိုးမခရတနာသိုက်
၁၁။ မြေဝါတောင်နတ်မင်း
၁၂။ ကျွန်ုပ်တစ်ထောင်
၁၃။ ရေလယ်ဓါးခေါင်းသောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေရာယကွ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဇီဝဖိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၁၈။ လနတ်သမီး
၁၉။ ဓါးမင်းရာဇာ
၂၀။ နေနဲ့လနှစ်ပါးဆိုင်
၂၁။ မောင်နံ့ခုနစ်ဖော်
၂၂။ ပျောက်သောသူ ရှာလျှင်တွေ့
၂၃။ မိုးကြိုးတံခွန်
၂၄။ ပဥ္စလက်မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com

၂၅။ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်
၂၆။ ပဌမမြောက်မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းဆောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်
၃၁။ တစ်ကျွန်းပြန် ဘိုးမှန်
၃၂။ ယက္ခညီနောင်
၃၃။ ပန်းကိုးပွင့်ဓေဝီ
၃၄။ အောင်ပင်လယ်ရှာစား
၃၅။ လေးကျွန်းမောင်ကြီး
၃၆။ နေမင်းစေတမန်
၃၇။ ရလေ လိုလေ အိုတဏှာ
၃၈။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်
၃၉။ သူရိယစန္ဒာဂိုဏ်း
၄၀။ မြွေဖြူရှင်မ
၄၁။ မြင်းရည်တက်သူရဲကောင်း
၄၂။ ပတ္တမြားဆန့်ကျိုး အဖိုးပြည်တန်
၄၃။ စကြာရှင်
၄၄။ မှော်တန်ခိုးရှင်မ
၄၅။ မြင်းရည်တက်သူရဲကောင်း
၄၆။ အမုန်းဝက်ပါ
၄၇။ မိုးလုံးပြည့်လျှံ
၄၈။ ရွှေတစ်ရစ်မြတစ်ရစ်
၄၉။ တောင်တော်ရှင်မ

# မင်းမြတ်သူရ၏ ရုပ်ပြထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၄။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၅။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၆။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၇။ ဆားပုလင်းမင်းအောင်နှင့် ဘက်ပ္ပရင် လူမရွေးဘူး
၈။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၉။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၀။ တစ်ကျွန်းပြန်ဘိုးမှန်
၁၁။ ပြည်တော်ပြန်
၁၂။ ကြာပန်းသုံးနိုင် တံဆိပ်တော်
၁၃။ ပွဲကျောင်းသား မိုးကောင်း
၁၄။ နဝမမြောက်ကျမ်းစာ
၁၅။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၁၆။ မာယာကျွန်းကေရီ
၁၇။ ဂုဏ္ဍာဏ်တစ်ထောင်
၁၈။ ဆင်နွယ်နန်းရှင်
၁၉။ ငွေစန္ဒာသားကောင်
၂၀။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၂၁။ မဟာလူသားမောင်ဇဂါး
၂၂။ မှော်တန်ခိုးရှင်မ
၂၃။ ဆားပုလင်းမင်းအောင်နှင့် တာနောယက္ခ

www.burmeseclassic.com

www.burmeseclassic.com

၂၄။ ဆင်ဖြူရှင်
၂၅။ ဆားပုလင်းမင်းအောင်နှင့် မိုးဖျံတိမ်တိုက်
၂၆။ စကြာရှင်
၂၇။ မိုးကြိုးတံခွန်
၂၈။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၂၉။ အဓတ္တမရှိစည်တော်
၃၀။ ဖိဝိုးရွှေလိုဏ်ဂူ
၃၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၃၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၃၃။ ဘာမထိဘွား
၃၄။ ဆားပုလင်းမင်းအောင်နှင့် သစင်ဖြူ
၃၅။ မိုးမြေသစ္စာ
၃၆။ လနတ်သမီး
၃၇။ တစ်ကျွန်းဆံ
၃၈။ ဂျူမဒါမင်းထင်နှင့် သေမင်းနာရီစင်
၃၉။ ရွှေနတ်တောင်
၄၀။ ပြည်လုံးကျော်
၄၁။ ယကျှညီနောင်
၄၂။ တိမ်ကြာမင်းခေါင်
၄၃။ နဝရတ်ကိုးသွယ်
၄၄။ လျှို့ဝှက်ကော်ဇော
၄၅။ လေးကျွန်းမောင်ကြီး
၄၆။ မနောစကြာ
၄၇။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၄၈။ ကျောက်စိမ်းအမိန့်တော်



## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဂိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်မား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်မှုင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြေမင်းသမီး
၁၅။ လိုတရက်ကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးနိုင် တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသား မိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ
၂၂။ ပဥ္စလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွမ်းငွေ့တဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကျီးညိုနှင့် ထန်းနိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ မဥ္စမမြောက်မိုးနတ်မယ်
၃၁။ မာယာကျွန်းကေရီ
၃၂။ ဂူမှုတ်တစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်

www.burmeseclassic.com

www.burmeseclassic.com


၃၄။ ငွေစန္ဒာသားကောင်
၃၅။ ရေလှယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာဂူသားမောင်ဒဂါး
၃၈။ မှော်ဆန်နိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် ကာနော့ယက္ခ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း
၄၁။ လင်းနို့ဖောင်ကျိန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူရှာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့်အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇီဝဆိုးရွှေလိုက်ဂူ
၅၀။ ရွှေပြစ်ငွေပြစ် ယဇိန်ချပ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့် ဝိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမထီဘုရား
၅၅။ ဆားပုလင်းမင်းအောင်နှင့်သဖင်ဖြိုင်
၅၆။ မိုးမြေဘွာ
၅၇။ လနတ်သမီး
၅၈။ ဟော်ကျွန်းစံ
၅၉။ [illegible]
၆၀။ ကျပဒါမင်းသင်နှင့်ဘောင်းနွာရိုဝင်
၆၁။ ခေါင်းမင်းရာဇာ
၆၂။ ယောင်နံ့ဥနှစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနဲ့လနှစ်ပါးဆိုင်
၆၅။ ကျပဒါမင်းထင်နှင့် သစ္စာတော်ခံ
၆၆။ ပြည်လုံးကျော်
၆၇။ ယက္ခညီနောင်
၆၈။ တိမ်ကြားမင်းခေါင်
၆၉။ နဂရတ်ကိုးသွယ်





၇၀။ လျှို့ဝှက်ကော်ဖာ
၇၁။ အောင်ပင်လယ်ဘုရား
၇၂။ လေးကျွန်းမောင်ကြီး
၇၃။ မနော့စကြာ
၇၄။ ရမလလိုလေအိုဟာရွှေ
၇၅။ ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်
၇၆။ မြေပြိုရှင်မ
၇၇။ ကျောက်စိမ်းအင်နံ့တော်
၇၈။ လင်းနို့ဘုရင်
၇၉။ မြင်းရည်တက်သူ့ရဲ့ကောင်း
၈၀။ ပတ္တမြားနက်ကျုံး အဖိုးပြည်တန်
၈၁။ ဆားပုလင်းမင်းအောင်နှင့် ငှက်ကိုယ်ရဲတော်
၈၂။ ရွှေနန်းတော်သို့သွားရာလမ်း
၈၃။ ရွှေလင်းယုန်
၈၄။ အသူတစ်ရာ
၈၅။ နေသူရိန်ကျောင်းတော်သား
၈၆။ မိုးလုံးပြည့်လျှို
၈၇။ ကောင်းကင်နှင့် မြေကြီး
၈၈။ မဟာအောင်ချမ်းသာ
၈၉။ အမုန်းဝတ်ပါ
၉၀။ တောင်တော်ရှင်မ
၉၁။ ဘောဂ ဗလ မငွေရ
၉၂။ ကြာပန်းမာလာ
၉၃။ ကိန္နရီမောင်နှံ
၉၄။ ပြည်ကြီးတံခွန်
၉၅။ ရဲမက်တော်
၉၆။ ရွှေညာဏ်ရှင်
၉၇။ ဝဏ္ဏပဘာ
၉၈။ ရွှေဘုံစံငွေရံ
၉၉။ မြင့်မိုရ်တောင်တက်သမား
၁၀၀။ ရှင်မယ်ဖြူ
၁၀၁။ ကမ္ဘာကျော်မောင်သာ
၁၀၂။ ရန်ကြီးအောင်




www.burmeseclassic.com

www.burmeseclassic.com

၁၀၃။ စေတမန်လင်းယုန်
၁၀၄။ နှင်းငွေ့တစ်ထောင်
၁၀၅။ ပုလဲဧကရီ
၁၀၆။ မြရတနာမိုး
၁၀၇။ ဆုထူးပန်
၁၀၈။ သီရိဒေဝီ
၁၀၉။ မြေလျှိုးမိုးပျံဘိုးစျာန်
၁၁၀။ မရှိခဏအရှင်
၁၁၁။ ဂမ္ဘီရမျက်လုံးပိုင်ရှင်
၁၁၂။ ဆားပုလင်းမင်းအောင်နှင့် ထင်းရှူးမင်းသမီး
၁၁၃။ ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး
၁၁၄။ ပြည်လုံးချမ်းသာဂိုဏ်း
၁၁၅။ မိန္တာ
၁၁၆။ ဆားပုလင်းမင်းအောင်နှင့် သစ်တော်သီးပုံပြင်
၁၁၇။ နတ်ဘုရားမျက်လုံး
၁၁၈။ တဈေကျွန်း
၁၁၉။ သေမင်းဖြူ
၁၂၀။ ကျွန်းပြန်ပတ္တမြား
၁၂၁။ သွေးဆာနေတဲ့အပျိုစင်
၁၂၂။ ချောက်ချောက်ချားချား
၁၂၃။ ဂျမဒါမင်းထင်နှင့် သေမင်းတမန်
၁၂၄။ မျက်နှာဖုံး
၁၂၅။ လိပ်ပြာ
၁၂၆။ ပုလဲပင်လယ်ဓားဘော်
၁၂၇။ ဂျမဒါမင်းထင်နှင့် သုံးပွင့်ဆိုင်
၁၂၈။ ငရဲတွင်း
၁၂၉။ မြွေဟောက်
၁၃၀။ ဂျမဒါမင်းထင်နှင့် စုန်းမ

ယခုလထုတ်

၁၃၁။ ဂျမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျိုး

BURMESE CLASSIC .com

မင်းမြတ်သူရ

# ဂျမဒါမင်းထင်နှင့်
# ဒေါင်းယောင်ဆောင်သောကျိုး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည် ဘုန်းကြီးလမ်း နေအိမ်၌ ထိုင်၍ ရောက်တတ်ရာရာများ ပြောဆိုနေစဉ်တွင် တံခါး ခေါက်သံသဲ့သဲ့ ကြားလိုက်ရလေ၏။

ဂျာမဒါမင်းထင်သည် ကျွန်ုပ်ဘက်သို့လှည့်၍

“အမှုသည်မိန်းကလေး ငယ်ငယ်ချောချောထဲက ဖြစ်ဖို့ များတယ်”

ဟုဆိုလိုက်ရာ ကျွန်ုပ်က မျက်မှောင်ကြုတ်၍ ဂျာမဒါ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကို ကြည့်လိုက်ပြီး

"ကျုပ်တို့နှစ်ယောက်စလုံး ဒီမှာရှိနေတယ်၊ တံခါးခေါက်သံကို အခုပဲကြားရတယ်၊ ဒါပေမယ့် ဂျာမဒါက အမှုသည် မိန်းကလေးငယ်ငယ်ချောချောလို့ပြောတယ်၊ ဘယ်လိုများပြောလိုက်တာလဲဗျာ၊ ဂျာမဒါမှာ နတ်မျက်စိများ ရှိနေသလား"

ဟုမေးမြန်းလိုက်၏။

ဂျာမဒါမင်းထင်က ရယ်မော၍

"ကျုပ်တို့နဲ့ ရင်းနှီးတဲ့သူတွေရဲ့ တံခါးခေါက်သံကို ကျုပ်မှတ်ထားတာ ခင်ဗျားသိပါတယ်၊ ဒါဟာ လူစိမ်းတစ်ယောက်ရဲ့ တံခါးခေါက်သံဗျ၊ တံခါးခေါက်သံကြားပြီးပြီးချင်း ကျုပ်ရဲ့ နှာခေါင်းဝမှာ ပိုက်တဝေးတိုက်ကရောင်းတဲ့ ရေသွမရေမွှေးနဲ့ သင်းသင်းလေးကို ရတယ်ဗျ၊ ရေသွမရေမွှေးကို ဒီနေ့ခေတ် မိန်းမငယ်လေးတွေ သုံးလေ့ရှိတယ်၊ ဒါကြောင့် ကျုပ်တို့အိမ်တံခါးခေါက်တဲ့သူ





ဟာ မိန်းမငယ်လေးလို့ မှန်းဆလိုက်တယ်၊ ချောမောလှပတယ်ဆိုတာကတော့ ထင်ကြေးနဲ့ ရမ်းပြောလိုက်တာဗျ၊ ဒါပေမယ့် ကျုပ်ရဲ့ထင်ကြေး မှန်တယ်ဆိုတာ ခင်ဗျားတံခါးဖွင့်ရင် သိပါလိမ့်မယ်"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်း ဂျာမဒါမင်းထင်၏အဖြေကို ကျေနပ်သွားပြီး အခန်းတံခါးဆီသို့ လျှောက်လှမ်းကာ တံခါးကို ဖွင့်လိုက်လေ၏။ ထိုအခါ တံခါးဝ၌ အသက်နှစ်ဆယ်ဝန်းကျင် မိန်းမချောလေးတစ်ယောက်ကို မြင်တွေ့လိုက်ရ၏။

ဂျာမဒါမင်းထင်က

"ကျုပ်အထင် မှန်တယ်မဟုတ်လား"

ဟုမေးမြန်းလိုက်လေရာ ကျွန်ုပ်က

"သိပ်မှန်တာပေါ့ ဂျာမဒါ"

ဟုပြောလိုက်လေ၏။

ကျွန်ုပ်က မိန်းမချောလေးကို အိမ်ထဲသို့ဝင်ရန် ဖိတ်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။

မိန်းမချောလေးသည် ပဒုမ္မာအင်္ကျီအဖြူရောင်နှင့် အနက်ရောင် ဇင်းမယ်လုံချည်ကို ဝတ်ဆင်ထား၏။

သူမ၏အသားအရည်မှာ ရွှေလိုဝင်းပြီး ကိုယ်လုံးကိုယ်ထည်မှာလည်း အရွယ်နှင့်မျှအောင် ဖွံ့ထွားလှပေ၏။

မိန်းမချောလေးသည် ဂျာမဒါမင်းထင်၏အရှေ့၌ ယို့ယို့လေးဝင်ထိုင်လိုက်၏။ ဂျာမဒါမင်းထင်က

"ကျုပ်နာမည် ဂျာမဒါမင်းထင်ပါ၊ ဘာအကူအညီပေးရမလဲ မိန်းကလေး၊ ဟောဒီပုဂ္ဂိုလ်က ကျုပ်မိတ်ဆွေပါ၊ လုံခြုံစိတ်ချစွာနဲ့ တိုင်ပင်ဆွေးနွေးနိုင်ပါတယ်"

ဟုပြောလေ၏။

ထိုအခါ မိန်းမချောလေးက

"ကျွန်မနာမည် မမြဖူး လို့ခေါ်ပါတယ်ရှင်၊ ဂျာမဒါမင်းထင်





ရဲ့ အကြောင်းကို ကျွန်မ သူငယ်ချင်းရဲ့ဦးကြီးတစ်ယောက်က ပြောဖူးလို့ သိပါတယ်၊ ဒါကြောင့် ကျွန်မဘဝမှာ အင်မတန်ရှုပ်ထွေးပွေလီတဲ့ အမှုဖြစ်နေချိန်မှာ ဂျာမဒါမင်းထင်ဆီကို အားကိုးတကြီး လာခဲ့တာပါ"

ဟုပြောလေ၏။

ထိုအခါ ဂျာမဒါမင်းထင်က စိတ်ဝင်စားဟန်ဖြင့်

"ရှုပ်ထွေးပွေလီတဲ့ အမှုမျိုးကို လိုက်ဖို့ ကျုပ်တို့ပိုပြီး စိတ်ဝင်စားပါတယ်၊ မမြဖူးရဲ့ အမှုအကြောင်းပြောပါဦး"

ဟုမေးမြန်းလေ၏။

ထိုအခါ မမြဖူးက

"ကျွန်မအဖေက ဗြိတိသျှဘုရင်မ လေတပ်မှာ အမှုထမ်းပါတယ်၊ လွန်ခဲ့တဲ့ ၅ နှစ်လောက်က အဖေ လိုက်ပါသွားတဲ့ ကုန်တင်လေယာဉ်ဟာ အိန္ဒိယ-မြန်မာ နယ်စပ်မှာ ပျက်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ သိရပါတယ်၊ ကျွန်မဘဝမှာ အဖေတစ်ခု သမီးတစ်ခု ဆိုတော့ အဖေမရှိတဲ့အတွက် ကျွန်မ ဝမ်းနည်းကြေကွဲ မဆုံးဖြစ်ရပါတယ်၊ အဖေဆုံးသွားတော့ ကောလိပ်ကျောင်းလဲ ဆက်မတတ်နိုင်ဘဲ ကျွန်မတို့မြို့မှာပဲ ကျောင်းဆရာမအလုပ် ဝင်လုပ်ခဲ့ပါတယ်၊ ဒီလိုနဲ့အဖေ လေယာဉ်ပျက်ကျ သေဆုံးပြီးလို့ တစ်နှစ်အကြာမှာ စာတိုက်ကနေ ထူးဆန်းတဲ့ စာတစ်စောင်ရောက်လာပါတယ်၊ ဒီစာကိုဖတ်ပြီးတဲ့အခါမှာ ကျွန်မ အင်မတန်အံ့ဩဝမ်းသာရပါတယ်၊ စာကိုရေးလိုက်တဲ့သူက အိန္ဒိယ-မြန်မာ နယ်စပ်မှာ လေယာဉ်ပျက်ကျသွားတယ်ဆိုတဲ့ ကျွန်မ အဖေပါ၊ အဖေရဲ့စာထဲမှာ သူ လေယာဉ်ပျက်ကျပြီး အသက်မသေတဲ့အကြောင်း၊ မြန်မာပြည်နယ်စပ်မှာ ရောက်နေပြီး စီးပွားရှာနေတဲ့အကြောင်း ရေးထားပါတယ်၊ အဖေက လေယာဉ်ပျက်ကျပြီး သူ မသေတဲ့အကြောင်းကို ဘယ်သူ့ကိုမှ မပြောဘဲ လျှို့ဝှက်ထားဖို့ အရေးကြီးတဲ့





အကြောင်းပြောပါတယ်”

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“မမြဖူးရဲ့ အဖေက သူလေယာဉ်ပျက်ကျပြီး မသေဘူးဆိုတာ လျှို့ဝှက်ထားခိုင်းတယ် ဟုတ်လား”

ဟု ပြောလေ၏။ မမြဖူးက ခေါင်းညိတ်၍

“ဟုတ်ပါတယ်၊ အဖေရဲ့အမှာစကားက ထူးခြားနေလို့ ကျွန်မ ကိုယ်တိုင် တအံ့တဩဖြစ်ရပါတယ်၊ လွန်ခဲ့တဲ့ ၆ လလောက်က ကျွန်မ အဖေဆီက စာတစ်စောင်ထပ်ပြီးရပါတယ်၊ စာထဲမှာ သူ ရန်ကုန်မြို့က မြို့မဟိုတယ်မှာ တည်းခိုမဲ့အကြောင်း၊ ကျွန်မကို ရန်ကုန်ကိုတက်ပြီး သူနဲ့လာတွေ့ဖို့ ရေးသားထားပါတယ်၊ ကျွန်မလဲ ၅ နှစ်နီးပါး ခွဲခွာနေရတဲ့ အဖေနဲ့ တွေ့ရတော့မယ်ဆိုပြီး ရန်ကုန်မြို့ကိုတက်လာခဲ့တယ်၊ ရန်ကုန်မြို့က မြို့မဟိုတယ်ကိုရောက်တော့ ကျွန်မ အဖေကိုမတွေ့ရပါဘူး၊ ဟိုတယ် မန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ စုံစမ်းကြည့်တော့ ကျွန်မအဖေ သူတို့ ဟိုတယ်မှာ တည်းခို သွားကြောင်း၊ ဟိုတယ်ကိုရောက်ပြီး နောက်တစ်နေ့မှာ အဝတ်အစားအိတ်ကြီးထားခဲ့ပြီး ပြန်မလာတာ နှစ်ရက်ရှိပြီဖြစ်ကြောင်း ပြောခဲ့တယ်၊ ကျွန်မလဲ အဖေ ခရီးလွန်နေတယ် ထင်ပြီး မြို့မ ဟိုတယ်မှာ တည်းပြီး တစ်ပတ်တိတိ စောင့်ခဲ့တယ်၊ တစ်ပတ်ကြာ လို့ အဖေပြန်မလာတဲ့အခါမှာ ဟိုတယ်မန်နေဂျာရဲ့ တိုက်တွန်းချက်အရ ပုလိပ်ကို သွားတိုင်ခဲ့တယ်''

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

''ပုလိပ်ကိုတိုင်တဲ့အခါ မမြဖူးအဖေဟာ ဘုရင်မလေတပ်က အမှုထမ်းလို့တိုင်ခဲ့သလား''

ဟုမေးမြန်းလေ၏။ မမြဖူးက ခေါင်းခါယမ်း၍

''အဖေက သူလေယာဉ်ပျက်ကျပြီး မသေတာကို လျှို့ဝှက်ထားချင်တဲ့အတွက် ပုလိပ်ကို ကျွန်မ မပြောခဲ့ပါဘူး၊ အဖေ့ကို





လက်လုပ်လက်စား ကုန်သည်တစ်ယောက်လို့ပဲပြောခဲ့ပါတယ်၊ ပုလိပ်က အဖေရဲ့သတင်းကို စုံစမ်းနေပေမဲ့ ဒီနေ့အထိ အဖေ ပျောက်နေတုန်းပဲ''

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

''မမြဖူးရဲ့အဖေမှာ ရင်းနှီးတဲ့သူငယ်ချင်းတွေရှိသလား''

ဟုမေးမြန်းလေ၏။ မမြဖူးက သက်ပြင်းချ၍

''အဖေနဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေက ဘုရင်မလေတပ်ထဲက အမှုထမ်းတွေပါ၊ ကျွန်မအဖေနာမည် ဦးစိန်တိုးပါ၊ ဦးမင်းခေါင်နဲ့ ဦးအုန်းဖေဆိုတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ကို တော်တော်ရင်းနှီးတယ်လို့ သိရတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးကို အဖေနဲ့အတူ လေယာဉ်ပျက်ကျတုန်းက ပါသွားခဲ့ပါတယ်''

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

''မမြဖူးရဲ့အဖေ ကိုစိန်တိုးဟာ လေယာဉ်ပျက်ကျတုန်းက



www.burmeseclassic.com

www.burmeseclassic.com



မသေခဲ့ဖူးဆိုရင် ကိုမင်းခေါင်နဲ့ ကိုအုန်းဖေကလဲ အသက်ရှင်နိုင်ပါတယ်၊ သူတို့ရဲ့နေရပ်ကို သိသလား”

ဟုမေးမြန်းလေ၏။ မမြဖူးက ခေါင်းခါယမ်း၍

“သူတို့ ရန်ကုန်မြို့က မဟုတ်ဘူးဆိုတာတော့ သိပါတယ်၊ လိပ်စာတိတိကျကျ မသိပါဘူး”

ဟုပြောလေ၏။

ဂျာမဒါမင်းထင်က ဆက်လက်၍

“မမြဖူး အဖေ ကိုစိန်တိုးရဲ့အဝတ်အစားအိတ်ထဲမှာ ဘာတွေ့သလဲ”

ဟုမေးမြန်းလေ၏။ မမြဖူးက စိတ်ပျက်ဟန်ဖြင့်

“သဲလွန်စ ရစရာဘာမှမရှိပါဘူး၊ အဝတ်အစားနည်းနည်းနဲ့ မြေပုံလို စာရွက်စုတ်တစ်ရွက်ပါ၊ မြေပုံစာရွက်ကို ကျွန်မ ယူလာပါတယ်”





ဟုပြောပြီး ဂျာမဒါမင်းထင်လက်သို့ ကမ်းပေးလိုက်လေ၏။ ဂျာမဒါမင်းထင်က မြေပုံစာရွက်ပိုင်းကလေးကိုကြည့်၍

“အဖိုးတန်ပစ္စည်းတစ်ခုကို မြှုပ်နှံပြီး မြေပုံဆွဲတယ်၊ မြေပုံကို သုံးပိုင်းပိုင်းပြီး ခွဲယူထားတဲ့သဘောပဲ၊ ဒါနဲ့ မမြဖူးရဲ့အဖေနဲ့ ပတ်သက်ပြီး ရှုပ်ထွေးပွေလီမှုတွေကို ဆက်ပြောပါဦး”

ဟုမေးမြန်းလိုက်လေ၏။

မမြဖူးက သက်ပြင်းချ၍

“ကျွန်မလဲ အဖေ့ကို မတွေ့ရလို့ စိုးရိမ်တကြီးနဲ့ ဖုန်းမော်ကို ပြန်ပြီး ဆရာမအလုပ်ကို ပြန်လုပ်နေခဲ့တယ်၊ ကျွန်မ ဖုန်းမော်ပြန်ပြီး သုံးလလောက်အကြာမှာ စာတိုက်ကနေ ပါဆယ်ရောက်လာပါတယ်၊ ပါဆယ်ထုပ်ထဲမှာ ဘာစာမှ မပါပေမဲ့ အလွန်ထူးဆန်းတဲ့ ရွှေဒင်္ဂါးဆယ်ပြားတိတိပါတယ်ရှင့်၊ ရွှေဒင်္ဂါးတွေဟာ ကျွန်မတို့ မြင်နေကျ ရော့ချ်ခေါင်းတွေမဟုတ်ဘူး၊ ရွှေဒင်္ဂါးရဲ့ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



မှာ တောင်ပုံကြီးဆွဲထားပြီး တစ်ဖက်မှာတော့ မြန်မာစာနဲ့ ဒေါင်းယောင်ဆောင်သောကျိုးလို့ ရေးသားထားပါတယ်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က စိတ်ဝင်တစားနှာ ထောင်၍

"မမြဖူးရဲ့အကြောင်းအရာတွေက ပိုပြီးစိတ်ဝင်စားဖို့ကောင်းနေပြီ၊ ရွှေဒင်္ဂါးတွေက အစစ်တွေနော်"

ဟုမေးမြန်းလေရာ မမြဖူးသည် သူမ၏စလင်းဘတ်အိတ်ထဲသို့ နှိုက်၍

"အစစ်တွေပါရှင်၊ နမူနာကြည့်ဖို့ ကျွန်မ ယူလာခဲ့ပါတယ်"

ဟုဆိုကာ ဂျာမဒါမင်းထင်အား ရွှေဒင်္ဂါးတစ်ပြားလှမ်းပေးလေ၏။

ကျွန်ုပ်တို့ ကြည့်ရှုလိုက်ရာ ရွှေဒင်္ဂါး၏တစ်ဖက်တွင် မြင့်မားသောတောင်ကြီးတစ်လုံးကို ရေးဆွဲထားပြီး တစ်ဖက်၌ ဒေါင်းယောင်





ဆောင်သောကျိုးဟု ရေးသားထားလေ၏။

မမြဖူးက ဆက်လက်၍

"အဲဒီလကစပြီး လစဉ်လကုန်ရက်တိုင်း ကျွန်မဆီကို ပါဆယ်ထုပ်တွေရောက်လာပြီး ရွှေဒင်္ဂါး (၁၀) ပြားစီ ပို့ပို့နေတာ၊ အခုဆိုရင် ပါဆယ်ထုပ် ၃ ထုပ်နဲ့ ရွှေဒင်္ဂါး အပြား(၃၀) တိတိ ရရှိပြီးပါပြီ၊ ရွှေဒင်္ဂါးတွေကို ဘယ်သူပို့သလဲ ဆိုတာ ကျွန်မ မသိ ပါဘူး၊ ကျွန်မအဖေ ဦးစိန်တိုးများ ပို့နေသလားမသိဘူး"

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"ရှေ့ဆက်ပြီး ဘာတွေဖြစ်သေးလဲ"

ဟုမေးမြန်းလေ၏။

မမြဖူးက စလင်းဘတ်အိတ်ထဲမှ စာတစ်စောင်ကိုထုတ်၍

"လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်မဆီကို ရောက်လာတဲ့ စာပါ၊ ဂျာမဒါမင်းထင် ဖတ်ကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ စာကို ကျွန်ုပ်တို့ ဖတ်ကြည့်လိုက်သောအခါ အောက်ပါအတိုင်း တွေ့ရလေ၏။

ယခုလ (၁၅) ရက်နေ့ည (၈) နာရီတိတိတွင် ဘုံဘော ရက်စတော့ ရင့်မှာ စောင့်နေပါ၊ မမြဖူး စိုးရိမ်သောက မဖြစ်စေရန် မိတ်ဆွေ တစ်ယောက်နှစ်ယောက်ကို အဖော်အဖြစ် ခေါ်ယူလာနိုင်ပါသည်၊ ကျွန်ုပ်တို့နှင့် လာရောက်တွေ့ဆုံသည့်အတွက် မမြဖူးမှာ အရှုံးမရှိနိုင်ပါ။ ကျွန်ုပ်တို့သည် မမြဖူး၏ အကျိုးကိုလိုလားသူများ ဖြစ်ပါသည်။ ဤကိစ္စကို ပုလိပ်ထံမပေါက်ကြားစေလိုပါ။ ပုလိပ်များ သိသွားလျှင် မမြဖူးသာ ပျက်စီးနစ်နာပါလိမ့်မည်။

(အကျိုးလိုလားသူ)

ဂျာမဒါမင်းထင်က စာကိုဖတ်ရှု၍ နေ့စွဲကိုကြည့်ကာ

"ဒါဆိုရင် သူတို့ချိန်းတဲ့နေ့က မနက်ဖြန်ပဲ၊ မမြဖူး ဘယ်လိုသဘောရသလဲ"





ဟုမေးမြန်းလေ၏။ မမြဖူးက မျက်မှောင်ကြုတ်၍

"ကျွန်မ ဂျာမဒါမင်းထင်ကို အဖော်ခေါ်ပြီး သူတို့နဲ့သွားတွေ့ချင်တယ်၊ ဂျာမဒါ ကျွန်မကို ကူညီမယ်မဟုတ်လား"

ဟုမေးမြန်းလေ၏။ ဂျာမဒါမင်းထင်က

"ကူညီရတာပေါ့ဗျာ၊ ဒါနဲ့ မမြဖူးဆီကို ပါဆယ်ပို့တဲ့အခါ လိပ်စာမှာ ရေးထားတဲ့လက်ရေးနဲ့ ဒီစာပေါ်မှာရေးတဲ့လက်ရေးဟာ မမြဖူးဖခင် ကိုစိန်တိုးရဲ့ လက်ရေးဖြစ်နိုင်မှာလား"

ဟုမေးမြန်းလေ၏။

မမြဖူးက ခေါင်းခါယမ်း၍

"အဖေ့လက်ရေးမဟုတ်ပါဘူးရှင်၊ အဖေ့လက်ရေးကို ကျွန်မ ကောင်းကောင်းသိပါတယ်၊ ဒါဟာ လူစိမ်းတစ်ယောက်ရဲ့လက်ရေးပါ"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ မမြဖူးနှင့် ဂျာမဒါမင်းထင်သည် မနက်ဖြန် ညနေ ချိန်းဆိုကြပြီးနောက် မမြဖူးသည် သူမ တည်းခိုသည့် ဟိုတယ် သို့ ပြန်လည်ထွက်ခွာသွားလေ၏။

ဂျာမဒါမင်းထင်သည် မမြဖူး ထွက်ခွာသွားသောအခါ တစ်ကိုယ်တည်း လေးနက်စွာ စဉ်းစားရင်း ကျန်ရစ်ခဲ့လေ၏။





ဂျာမဒါမင်းထင်သည် အတန်ကြာအောင် တစ်စုံတစ်ရာကို စဉ်းစားနေရာမှ ရုတ်တရက် ထ၍

"ကျုပ်သတိရပြီ၊ သတင်းစာတွေထဲမှာ ရှာကြည့်ရမယ်၊ အနည်းဆုံး လွန်ခဲ့တဲ့ ၄ လ၊ ၅ လ လောက်က သတင်းစာတွေ မှာ ရှာရမယ်"

ဟုဆိုကာ ကျွန်ုပ်တို့အိမ်ရှိ သတင်းစာပုံကြီးကို ရှာဖွေလေ တော့၏။ အတန်ကြာအောင် ရှာဖွေပြီးနောက် သတင်းစာတစ်စောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိ ကြော်ငြာကို လက်ညှိုးဖြင့် ထောက်၍

"ဟောဒီမှာ ကြော်ငြာတွေ့ပြီ"

ဟုပြောလေ၏။

ကျွန်ုပ်သည် ဂျာမဒါမင်းထင် လက်ညှိုးထောင်၍ ပြသရာသို့ ကြည့်လိုက်သောအခါ

"ဒေါင်းယောင်ဆောင်သောကျီးကို တွေ့ချင်ရင် အောက်ပါလိပ်စာအတိုင်း လာခဲ့ပါ"

ဟူသောကြော်ငြာ၏အောက်၌ ကြည့်မြင်တိုင်ဘက်ရှိ အိမ်လိပ်စာတစ်ခုကို တွေ့ရ၏။

ကျွန်ုပ်က မျက်မှောင်ကြုတ်၍

"ဒေါင်းယောင်ဆောင်သောကျီးဆိုတာ မမြဖူးရဲ့ ရွှေဒင်္ဂါးတစ်ဖက်မှာ ရိုက်နှိပ်ထားတဲ့ စာသားပဲဗျ။ တိုက်ဆိုင်မှုရှိမယ် ထင်တယ်"





ဟုပြောလိုက်လေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"တိုက်ဆိုင်မှုရှိနိုင်တာပေါ့ဗျာ၊ မမြဖူးကို သူ့အဖေက စာရေးပြီး ဆက်သွယ်တဲ့အချိန်နဲ့ ဒီသတင်းစာမှာ ကြော်ငြာပါတဲ့ အချိန်ဟာ အတော်နီးစပ်တယ်ဗျ၊ ကျုပ်သွားပြီး စုံစမ်းကြည့်လိုက်မယ်"

ဟုဆိုကာ စိတ်မြန်လက်မြန်ဖြင့်ထ၍ အော်စတင်ကားလေးကို ကိုယ်တိုင်မောင်း၍ ထွက်ခွာသွားလေ၏။

ကျွန်ုပ်မှာမူ ဖတ်လက်စ ဂန္ထလောကမဂ္ဂဇင်းကို ပြန်လည်ဖတ်ရှုရင်း အိမ်၌ ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမင်းထင်သည် အတန်ကြာသောအခါ အိမ်သို့ ရှင်လန်းစွာပြန်လည်ရောက်ရှိလာ၏။ ကျွန်ုပ်က စိတ်လှုပ်ရှားဟန်ဖြင့်

"အခြေအနေ ထူးရဲ့လား ဂျာမဒါ"

ဟုမေးမြန်းလိုက်လေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"ထူးတာပေါ့ဗျာ၊ ကျုပ် သွားစုံစမ်းတဲ့လိပ်စာမှာ ပျောက်ဆုံးသွားတဲ့ ကိုစိန်တိုးရဲ့မိတ်ဆွေ ကိုအုန်းခင် နေထိုင်တယ်ဗျ၊





ဒါပေမယ့် ကိုအုန်းခင်က လွန်ခဲ့တဲ့ ၄ လလောက်ကပဲ ဆုံးပါးသွားတယ်၊ ဒါကြောင့် ပျောက်ဆုံးနေတဲ့ ကိုစိန်တိုးဟာ ကိုအုန်းခင်နဲ့အတူ လေယာဉ်ပျက်ကျရာမှာ ပါသွားတယ်ဆိုပေမဲ့ ကျုပ်စုံစမ်းရသမျှ ကိုအုန်းခင်လဲ အသက်မသေဘဲ ရန်ကုန်မြို့ကို လွန်ခဲ့တဲ့နှစ်က ရောက်ရှိနေတယ်၊ ကိုအုန်းခင် သေဆုံးပြီးတော့ နောက်တစ်လအကြာမှာ မမြဖူးဟာ ရွှေဒင်္ဂါးတွေကို လက်ခံရရှိတာပဲ၊ ဒါကြောင့် မမြဖူးရရှိတာယ်ဆိုတဲ့ ရွှေဒင်္ဂါးတွေဟာ သေသူဦးအုန်းခင်နဲ့ ပတ်သက်နေနိုင်တယ်၊ ဦးအုန်းခင်ရဲ့ ကျန်ရစ်သူမိသားစုတွေက မမြဖူးကို ရွှေဒင်္ဂါးတွေ ပို့ပေးနေသလား မသိဘူး"

ဟုပြောလေရာ ကျွန်ုပ်က

"ဒီလောက်တန်ဖိုးရှိတဲ့ ရွှေဒင်္ဂါးတွေကို ဘာဖြစ်လို့ မမြဖူးကို ပို့ပေးနေတာလဲ"

ဟုမေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

“ဒါတော့ ကျုပ်တို့ကောက်ချက်ဆွဲလို့ မရသေးဘူး၊ ကျုပ်အထင်တော့ ကိုအုန်းခင်ဟာ ရန်ကုန်မြို့ ကြည့်မြင်တိုင်ကို တစ်နှစ်လောက်စောရောက်ပြီးတော့ သူနေတဲ့နေရပ်ကို ကိုစိန်တို့သိအောင် သတင်းစာထဲကနေ ခေါင်းယောင်ဆောင်သောကျိုးကို တွေ့ချင်ရင် အောက်ပါလိပ်စာအတိုင်း လာခဲ့ပါလို့ ကြော်ငြာရတာပဲ၊ အမှုကတော့ တော်တော်ကို ရှုပ်ထွေးမဲ့သဘောရှိတယ်”

ဟုပြောလေတော့၏။





နောက်တစ်နေ့ညနေသို့ရောက်သောအခါ ဘုန်းကြီးလမ်းနေအိမ်သို့ မမြဖူးရောက်ရှိလာလေ၏။

ကျွန်ုပ်သည် လှပစွာပြင်ဆင်ထားသော မမြဖူးကိုကြည့်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိ၏။ ဂျာမဒါမင်းထင်သည် ကိုစိန်တို့၏ အိတ်ထဲမှာရရှိသော မြေပုံစာရွက်အပိုင်းလေးကို စူးစိုက်ကြည့်ရှုနေရာမှ မမြဖူးကိုကြည့်၍

“ဒီနေ့ည စိတ်ထိခိုက်စရာ အတွေ့အကြုံတွေကို မြင်ရကြားရရင် မမြဖူးကိုယ်တိုင် ထိန်းနိုင်အောင် ကြိုးစားပါ”



www.burmeseclassic.com

www.burmeseclassic.com



မမြဖူးက ခေါင်းညိတ်၍

"ကျွန်မတို့ အန္တရာယ်တွေနဲ့ တွေ့နိုင်သလား"

ဟုမေးမြန်းလေ၏။

ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"ဘာတစ်ခုမှ ကြိုပြောလို့မရဘူး၊ ဒါပေမယ့် မမြဖူးကို မှဲ့တစ်ပေါက်မှ မစွန်းရအောင် ကျုပ်တို့တာဝန်ယူပါတယ်"

ဟုဆိုကာ ဂျာမဒါမင်းထင်သည် တစ်ကိုယ်တည်း လေးနက်စွာ စဉ်းစားနေလေ၏။

ည (၇)နာရီကျော်သောအခါ ဂျာမဒါမင်းထင်သည် ကျွန်ုပ်နှင့် မမြဖူးကို ခေါ်၍ အော်စတင်ကားလေးကို ကိုယ်တိုင်မောင်းလေ၏။

ကျွန်ုပ်တို့သည် ဘုံဘေရက်စတော့ရင့်ကိုရောက်သောအခါ ကားကို ရပ်၍ ဝင်ခဲ့၏။ ထို့နောက် ရက်စတော့ရင့်ထဲရှိ စားပွဲလွတ်





တစ်လုံး၌ ထိုင်လိုက်လေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့၏စားပွဲသို့ လူတစ်ဦးရောက်ရှိလာပြီး

"မမြဖူးတို့ မှတ်တယ်"

ဟုဆိုလိုက်ရာ မမြဖူးက ဟုတ်မှန်ကြောင်းပြောလေ၏။

ထိုသူသည် ကျွန်ုပ်နှင့်ဂျာမဒါမင်းထင်၏မျက်နှာကိုကြည့်၍

"ပုလိပ်ခေါ်လာရင်တော့ ကျွန်တော်တို့အစီအစဉ်ပျက်မှာပဲ"

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

"ကျုပ်တို့ ပုလိပ်မဟုတ်ပါဘူးဗျာ"

ဟုပြောကြားလိုက်လေ၏။

ထိုအခါ မမြဖူးကို လာရောက်ခေါ်ဆောင်သူက

"ခင်ဗျားတို့မှာ ကားပါတာ ကျုပ်သိတယ်၊ ကျုပ် ကားနောက်က လိုက်ခဲ့ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဘုံဘေရက်စတော့ရှင့်ရှေ့၌ ရပ်ထားသော ဂျစ်ကားကို မောင်းထွက်သွားလေ၏။





ကျွန်ုပ်တို့သည် အော်စတင်ကားလေးကိုမောင်း၍ ဂျစ်ကား အနောက်သို့ လိုက်ခဲ့လေ၏။

ဂျစ်ကားသည် ရန်ကုန်မြို့စွန်ရှိ အင်းစိန်ဘက်သို့ဦးတည် မောင်း နှင်သွားလေ၏။

အင်းစိန်ဘက်ရှိ လူသူအသွားအလာနည်းပါးသော လမ်း တစ်လမ်းထဲသို့ ချိုးဝင်၍ ခြံကြီးတစ်ခြံရှေ့၌ ဟွန်းကိုတီးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဂေါ်ရခါးတံခါးစောင့်က ခြံတခါးကိုဖွင့်လှစ်ပေး လေ၏။ ခြံထဲသို့ ကျွန်ုပ်တို့ကားရောက်ရှိသွားသောအခါ ဂေါ်ရခါး ဒရဝမ်သည် ခြံတံခါးကို ပြန်ပိတ်လိုက်လေ၏။

မမြဖူးအား လာရောက်ခေါ်ဆောင်သူက အရှေ့မှ ဦးဆောင် ၍ အိမ်ကြီး၏အပေါ်ထပ်သို့ တက်သွားလေ၏။

ထိုအိမ်ကြီးသည် ရှေးကျသော်လည်း အတွင်းအပြင်အဆင် မှာ သပ်ရပ်သားနားလှ၏။

အိမ်ကြီး၏ အပေါ်ထပ်ရှိ ကျွန်းကုလားထိုင်ကြီး၌ ကျွန်ုပ် တို့ကိုထိုင်စောင့်နေသော အသက် (၂၀) ဝန်းကျင် လူငယ်တစ် ယောက်ကိုတွေ့ရ၏။

ထိုသူသည် ဥပဓိရုပ်ကောင်းမွန်သန့်ပြန့်ပြီး ရိုးသားပုံရ လေ၏။

ထိုသူက ကျွန်ုပ်တို့ကို သူ၏အရှေ့ရှိ ထိုင်ခုံ၌ထိုင်ရန် ညွှန်





ပြလိုက်ပြီး

"ကျုပ်နာမည် ကိုအေးဆင့်လို့ခေါ်ပါတယ်၊ ကျုပ်ရှေ့မှာ ရောက်နေတာ မမြဖူးဖြစ်မယ်ထင်ပါတယ်၊ မမြဖူးမှာ မိတ်ဆွေတွေ ခေါ်လာတာ အလွန်ကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကိစ္စကို မပေါက်ကြားဖို့ တာဝန်ယူရမယ်နော်"

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"ကျုပ်တို့ကြောင့် ဘယ်လိုသတင်းမှ မပေါက်ကြားစေရ ပါဘူး"

ဟုပြောလေ၏။

ထိုအခါ ကိုအေးဆင့်ဆိုသူက မမြဖူးကိုကြည့်၍

"မမြဖူးဆီကို စာရေးပို့လိုက်တုန်းကတော့ ကျုပ်ရဲ့လိပ်စာ ကို ထည့်ပေးလိုက်ရင် ရပါတယ်၊ ဒါပေမယ့် မမြဖူးတို့ဘက်က မစူးစမ်း မဆင်ခြင်ဘဲ ကြမ်းကြမ်းတမ်းတမ်းတွေ ပြောဆိုဆင်ဆဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မိုးတဲ့အတွက် အဲ့လို ဘုံဘောရက်စတော့ရင့်ကတစ်ဆင့် ချိန်းဆိုလိုက်တာပါ၊ ဒီလို လျှို့ဝှက်ပြီး လုပ်ကိုင်တဲ့အတွက် ကျုပ်ကို မရိုးသားသူလို့ မထင်စေချင်ဘူး၊ ကျုပ်က မမြဖူးအတွက် အကျိုးမရှိဘူးဆိုရင် ဒီအလုပ်ကို မလုပ်ပါဘူး''

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

''ခင်ဗျားရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ပါတယ်၊ အလုပ်ကိစ္စကိုသာပြောပါတော့''

ဟုပြောလေ၏။

ယင်းအခါ ကိုအေးဆင့်က သက်ပြင်းချ၍

''ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့အေးအေးဆေးဆေး ပြောချင်တယ်၊ ပြီးရင် ကျုပ်တို့ ကြည့်မြင်တိုင်ဘက်ကို သွားကြရဦးမယ်၊ ကြည့်မြင်တိုင်မှာ ကျုပ်အစ်ကို ကိုအေးတင့်ရှိပါတယ်၊ ကိုအေးတင့်ဟာ ကျုပ်ရဲ့ အမွှာပူးအစ်ကိုပါ၊ ကျုပ်တို့နှစ်ယောက်ဟာ အမွှာတွေ





ဖြစ်ပေမယ့် တစ်ဦးနဲ့တစ်ဦး စိတ်ဓာတ်ချင်းမတူပါဘူး''

အစ်ကို ကိုအေးတင့်ဟာ အင်မတန်လောဘကြီးပြီး ကျုပ်ကတော့ သူတစ်ပါးကို ပေးကမ်းချင်စိတ်များပါတယ်၊ ကျုပ်ရဲ့သနားညှာတာတဲ့စိတ်ထားနဲ့ အစ်ကိုစိတ်ထားက ပြဒါးတစ်လမ်း သံတစ်လမ်းပါ''

ဟုပြောလေရာ ဂျာမဒါမင်းထင်က ကိုအေးဆင့်ကိုကြည့်၍

''ကိုအေးဆင့်ရဲ့ ဖခင်အကြောင်းပြောပါဦး''

ဟုဆိုလိုက်ရာ ကိုအေးဆင့်က သက်ပြင်းချ၍

''အဖေ့အကြောင်းပြောရရင်တော့ အတော်ကို ရှုပ်ထွေးပွေလီတဲ့အကြောင်းတွေ ပါလာလိမ့်မယ်၊ အဖေဟာ ဟောဒီက မမြဖူးရဲ့အဖေလိုပဲ ဘုရင်မလေတပ်မှာ အမှုထမ်းတစ်ယောက်ပါ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အဖေတို့ ၃ ယောက် အိန္ဒိယ-မြန်မာ နယ်စပ်မှာ လေယာဉ်ပျက်ကျသွားတယ်လို့ သိရတယ်၊ ကျုပ်တို့ ညီ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို နှစ်ယောက် အဖေအတွက် ပူဆွေးဝမ်းနည်းနေပြီး တစ်နှစ်ခွဲလောက်ကြာတော့ အဖေ့ဆီက ထူးဆန်းတဲ့စာတစ်စောင် ရောက်လာတယ်၊ အဖေဟာ လေယာဉ်ပျက်ကျပြီး မသေဘူးလို့ သိရတယ်၊ အိန္ဒိယ-မြန်မာ နယ်စပ်မှာ စီးပွားရှာနေတယ်လို့လဲဆိုတယ်၊ အဖေက အရေးကြီးတာတစ်ခု မှာကြားတယ်၊ သူလေယာဉ်ပျက်ကျပြီး မသေဘူးဆိုတာ လူအများမသိအောင် လျှို့ဝှက်ထားဖို့ပြောတယ်၊ ဒီလိုနဲ့ ကျုပ်တို့ညီအစ်ကို နှစ်ယောက်အဖေ့ကို စောင့်မျှော်နေတုန်း လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က မန္တလေးအိမ်ကို အဖေရေးလိုက်တဲ့ စာတစ်စောင်ရောက်လာတယ်၊ စာထဲမှာ အဖေက ရန်ကုန်မြို့ ကြည့်မြင်တိုင်ဘက်မှာ သူအိမ်ဝယ်ထားကြောင်းပြောပြီး ကျုပ်တို့ညီအစ်ကို နှစ်ယောက်ကို သူ့နောက်လိုက်လာဖို့မှာကြားတယ်၊ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်က ဖိနပ်ရုံတစ်ရုံမှာ အခစား လုပ်ပါတယ်၊ ကျုပ်တို့ နှစ်ယောက်ဟာ ဖိနပ်ရုံက ထွက်ခဲ့ပြီး အဖေပေးတဲ့





လိပ်စာအတိုင်း ကြည့်မြင်တိုင်ကို လိုက်သွားတော့ အဖေဟာ ကြွယ်ဝချမ်းသာစွာ နေထိုင်နေတာတွေ့ရတယ်၊ အဖေ့ရဲ့စီးပွားရေး ဘယ်လိုကောင်းမွန်လာတယ်ဆိုတာ ကျုပ်တို့မေးမြန်းလို့မရဘူး၊ ဒါပေမယ့် အဖေ ချမ်းချမ်းသာသာနေရတော့ ကျုပ်တို့ ညီအစ်ကိုတွေ အလွန်ပျော်ရွှင်ခဲ့ရတယ်"

ဟုပြောရင်း ရေတစ်ခွက်ကို ငုံ့သောက်လိုက်၏။ ရေသောက်ပြီးသောအခါ ကိုအေးဆင့်က

"အဖေဟာ ကြည့်မြင်တိုင်က တိုက်အိုကြီးကို ဝယ်ယူပြီးတဲ့နောက်မှာ အရင်လို အေးအေးချမ်းချမ်း မနေနိုင်တော့ဘူး၊ တစ်ခုခုကို ကြောက်ရွံ့သလိုဖြစ်နေတယ်၊ အိမ်ပေါ်ကနေ မှန်ဘီလူးတစ်လက်နဲ့ ပတ်ဝန်းကျင်ကို ကြည့်ရှုနေတတ်တယ်၊ လူကို သေစေနိုင်တဲ့ ဓားလှံလက်နက်တွေလဲ ဝယ်ယူထားတယ်၊ နောက်တော့ ခြောက်လုံးပြူးသေနတ်ကိုဝယ်ပြီး ဆောင်ထားသေးတယ်၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ သက်တော်စောင့်ဆိုပြီး သိုင်းဆရာတစ်ယောက်ကို ငှားရမ်းလိုက်ပြန်တယ်၊ ခြံစောင့်သားတာတောင် သိုင်းသမားတစ်ယောက်ကို ထားတယ်၊ အဖေ ချမ်းသာလာမှ ကြောက်ရွံ့တတ်လာတယ်ဆိုတော့ အဖေ့မှာ ရန်သူရှိနေပုံရတယ်၊ ကျုပ်တို့ညီအစ်ကို နှစ်ယောက်ကိုတော့ အဖေ ဘာမှဖွင့်မပြောဘူး၊ တစ်ခါတုန်းကလဲ အဖေဟာ ဆံပင်နီနီနဲ့ လူတစ်ယောက်ကို လူမှားပြီး သေနတ်နဲ့ပစ်လို့ ငွေတွေအများကြီး လျော်ပေးလိုက်ရတယ်၊ ဒီလိုနဲ့ စိုးရိမ်ထိတ်လန့်မှုတွေ အစွဲဖြစ်နေတဲ့အဖေဟာ သူ့ရဲ့နှလုံးရောဂါ ဖိစီးလာပြီး ဆရာဝန်က လက်လျှော့ရတဲ့အခြေအနေကို ရောက်ရှိလာပါတယ်၊ အဖေဟာ သူ့ရဲ့နောက်ဆုံးအချိန်ရောက်ပြီလို့ ယူဆတဲ့အတွက် ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို လျှို့ဝှက်ချက်တွေပြောပြဖို့ အခန်းထဲကို ခေါ်လိုက်ပါတယ်၊ အဖေဟာ လေယာဉ်ပျက်ကျပြီး ဟိမဝန္တာတောထဲက အလွန်ထူးခြားဆန်းကြယ်တဲ့ နယ်မြေတစ်ခုကို ရောက်ရှိ





ခဲ့တယ်လို့ ဆိုတယ်၊ အဖေဟာ ထူးခြားဆန်းကြယ်တဲ့ နယ်မြေမှာ လူရိုင်းတွေ ပိုင်ဆိုင်တဲ့ ရွှေတုံးရွှေခဲတွေကို ခိုးယူခဲ့ကြယ်လို့ ဆိုပါတယ်၊ အဖေတို့သူငယ်ချင်းသုံးယောက်ဟာ လူရိုင်းတွေလက်က ထွက်ပြေးလွတ်မြောက်ခဲ့ပြီး အိန္ဒိယ-မြန်မာ နယ်စပ်မှာ စီးပွားရှာခဲ့ကြတယ်လို့ ဆိုပါတယ်''

ဟုဆိုလေရာ ဂျာမဒါမင်းထင်က

''သူတို့ဘာဖြစ်လို့ ဘုရင့်လေဘော်ကို ပြန်မလာခဲ့တာလဲ''

ဟု မေးမြန်းလေ၏။ ထိုအခါ ကိုအေးဆင့်က

''အဖေတို့ သုံးယောက်ဟာ ဗြိတိသျှလေတပ်ကို ပြန်မသွားတော့ဘဲ စာတ်မြှုပ်နေထိုင်ဖို့ ဆုံးဖြတ်ခဲ့တယ်တဲ့၊ ဘာကြောင့်လဲဆိုတော့ အဖေတို့ ဘုရင့်လေတပ်ကို ပြန်ခဲ့ရင် သူတို့နဲ့ပါလာတဲ့ရွှေတွေကို သိသယဖြစ်သွားမှာစိုးရိမ်လို့ပဲ''

အဖေတို့ဟာ တရုတ်-မြန်မာနယ်စပ်မှာ စီးပွားရှာရင်း ကျ



www.burmeseclassic.com

www.burmeseclassic.com



တို့ဆီကို စာနဲ့ဆက်သွယ်အကြောင်းကြားခဲ့တာပဲ၊ ဒီလိုနေရင်းနဲ့ အဖေတို့ အုပ်စုထဲက အဖေနဲ့ ဦးစိန်တိုးဆိုတဲ့ ပုဂ္ဂိုလ်နှစ်ယောက်ဟာ နယ်စပ်မှာ စီးပွားရေးလုပ်ရတာ အဆင်မပြေဘူး ဖြစ်လာတယ်၊ သူတို့ထဲက ဦးမင်းခေါင်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ နယ်စပ်မှာ စားသောက်ဆိုင်ဖွင့်ပြီး အတော်စီးပွားဖြစ်တယ်တဲ့၊ အဖေတို့နှစ်ယောက်ဟာ ဦးမင်းခေါင်ကို ရွှေတွေ ဝေစုခွဲဖို့ပြောခဲ့တယ်၊ ဦးမင်းခေါင်က ရွှေတွေကို တစ်ယောက်တည်း အပိုင်စီးချင်တဲ့ အတွက် အဖေတို့ကို ဝေစုခွဲမပေးခဲ့ဘူး၊ နောက်ဆုံးတော့ အဖေနဲ့ ဦးစိန်တိုး တိုင်ပင်ပြီး ရွှေတွေကို လက်ဦးမှုရယူခဲ့တယ်၊ အဖေဟာ ရွှေတွေကို မြှုပ်နှံထားရာက တူးဖော်ယူပြီး ရန်ကုန်မြို့ကို ပြေးခဲ့တယ်၊ ရန်ကုန်ရောက်တော့ ထုခွဲပြီး ကြည့်မြင်တိုင်ဘက်က အုတ်တိုက်နီကြီးကို ဝယ်ယူခဲ့တယ်၊ နောက်ပြီးတော့ ကျုပ်တို့နှစ်ယောက်ကို မန္တလေးကနေ ရန်ကုန်ကို ခေါ်ခဲ့တယ်၊ အဖေဟာ သတင်းစာထဲကနေ





ဒေါင်းယောင်ဆောင်သောကျိုး ကြော်ငြာထည့်ပြီး သူငယ်ချင်း ဦးစိန်တိုးကို ဆက်သွယ်ခဲ့တယ်၊ တစ်နေ့တော့ ကျုပ်တို့ညီအစ်ကို နှစ်ယောက် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်နေတုန်း အဖေရဲ့မိတ်ဆွေ ဦးစိန်တိုးရောက်လာခဲ့တယ်၊ အဖေဟာ ရွှေတုံးရွှေခဲတွေကို ရွှေဒင်္ဂါးပြားတွေအဖြစ် သွန်းလုပ်ခဲ့တယ်၊ နောက်တော့ ရွှေဒင်္ဂါးတွေ သွန်းလုပ်တဲ့ကိစ္စနဲ့ ဦးစိန်တိုးနဲ့အဖေဟာ အကြီးအကျယ် စကားများခဲ့ကြတယ်၊ ဦးစိန်တိုးက အဖေ့ကို မယုံသင်္ကာစကားတွေနဲ့ စွပ်စွဲခဲ့တယ်၊ ပြီးတော့ အဖေ့ကို ဦးစိန်တိုး ကစပြီး ထိုးကြိတ်ခဲ့တယ်၊ အဖေလဲ ပြန်ခုခံရင် လက်လွန်သွားတယ်၊ ဦးစိန်တိုးဟာ အဖေ့ကြောင့် အသက်ဆုံးခဲ့ရတယ်”

ဟုပြောလေရာ မမြဖူးသည် ကိုအေးဆင့်၏စကားကို နားထောင်နေရာမှ အင့်ခနဲ ရှိုက်ငိုလိုက်၏။

ကျွန်ုပ်တို့လူစုသည် မမြဖူးကို ကရုဏာသက်စွာဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။

ကိုအေးဆင့်သည် မမြဖူးကို စိတ်မသက်သာဟန်ဖြင့် ကြည့်ရှု၏

“ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ဒါကြောင့်လဲ မမြဖူးကို ကိုယ်ချင်းစာစိတ်နဲ့ ကျုပ် ရွှေဒင်္ဂါးတွေ ပို့နေရတာပါ၊ မမြဖူးရဲ့ အဖေ သေဆုံးသွားတော့ ကျုပ်အဖေဟာ ဒရဝမ်ကုလားကိုခေါ်ပြီး ခြံထဲမှာ မြှုပ်နှံခိုင်းလိုက်တယ်၊ ဒရဝမ်ကုလားကိုလဲ တစ်ပြိုင်တည်း အိန္ဒိယကို ပြန်ခိုင်းလိုက်တယ်၊ အဖေဟာ ဦးစိန်တိုးကို လက်လွှန် သွားပေမယ့် ဦးစိန်တိုးမှာ သမီးလေးတစ်ယောက်ကျန်ခဲ့တယ်လို့ သိရတယ်၊ ဒါကြောင့် ဦးစိန်တိုးသမီးလေးကို ရွှေဒင်္ဂါးတွေ ခွဲဝေ ပေးချင်တဲ့ဆန္ဒရှိခဲ့တယ်၊ အဖေဟာ သူ့ရဲ့ ရွှေဒင်္ဂါးတွေကို မြှုပ်နှံ ထားတဲ့နေရာကို ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို ပြောပြဖို့ကြံစည် လိုက်တယ်၊ အဖေဟာ စကားပြောဖို့ အားယူနေတုန်းမှာပဲ ပြတင်း





ပေါက်ကိုကြည့်ပြီး အထိတ်တလန့်အော်ဟစ်လိုက်တယ်၊ ကျုပ်တို့ ပြတင်းပေါက်ကိုကြည့်လိုက်တော့ ပြတင်းပေါက်မှန် နဲ့ထိကပ်နေကဲ့ မျက်နှာကြီးကို ကြောက်မက်ဖွယ်မြင်လိုက်ရတယ်၊ ကျုပ်တို့ ဖမ်းဆီးဖို့ ပြေးထွက်သွားတော့ ဒီလူထွက်ပြေးလွတ်မြောက်သွားတယ်၊ ကျုပ်တို့ ညီအစ်ကို အဖေ့ဆီကို ပြန်လာတော့ အဖေအသက်မရှိတော့ဘူး၊ အဖေဟာ ရွှေဒင်္ဂါးတွေ ဖွက်ထားတဲ့နေရာကို ကျုပ်တို့ကို ပြောမပြ နိုင်ခဲ့ဘူး၊ ပြတင်းပေါက်က ကြောက်စရာမျက်နှာကြီးဟာ ဘယ်သူ လဲဆိုတာ ဒီနေ့အထိ မသိခဲ့ဘူး၊ ကျုပ်တို့လဲ အိမ်ခြံဝန်းထဲမှာ တစ်ချိန်လုံးတူးဆွပြီး ရှာဖွေခဲ့ပေမယ့် ရွှေဒင်္ဂါးတွေ မြှုပ်နှံထား တဲ့နေရာကို မတွေ့ခဲ့ပါဘူး၊ ဒါပေမယ့် ဦးစိန်တိုးရဲ့ သမီး မမြဖူးကို ရသင့်ရထိုက်တဲ့ဝေစုခွဲဝေပေးချင်လို့ ရွှေဒင်္ဂါး (၁၀) ပြားစီ ပို့ပေး ခဲ့တာပါ”

ဟုပြောရင်း သူ၏စကားကို ခဏမျှ နားလိုက်၏။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကို ဆက်ပြန်၏။

"ကျုပ်နဲ့အစ်ကို အေးတင့်ဟာ စိတ်သဘောချင်းအလွန်ကွာခြားတယ်၊ အစ်ကိုဟာအလိုလောဘ တော်တော်ကြီးပါတယ်၊ ကျုပ်နဲ့အစ်ကိုဟာ စိတ်သဘောထားချင်း မတိုက်ဆိုင်တဲ့အတွက် အတူတူမနေဘဲ အခုလို အိမ်ခွဲပြီးနေထိုင်ခဲ့တာပဲ၊ အစ်ကိုက အဖေရဲ့အမွေတွေကို အားလုံးမရလိုက်လို့ မကျေနပ်ခဲ့ဘူး၊ သူဟာ အဖေထားခဲ့တဲ့ ရွှေဒင်္ဂါးတွေကို မရရအောင် ရှာဖွေခဲ့တာ နောက်ဆုံးတော့ရွှေဒင်္ဂါးတွေကို ရှာတွေ့ခဲ့တယ်"

ဟုပြောလေရာ ကိုအေးဆင့်က မျက်မှောင်ကြုတ်၍

"နောက်ဆုံးတော့ အဖေကိုယ်တိုင် ဝယ်ယူခဲ့တဲ့ အုတ်တိုက်နှီကြီးရဲ့ မျက်နှာကြက်ထဲမှာ ရွှေဒင်္ဂါးသေတ္တာကိုတွေ့ခဲ့တယ်၊ ကျုပ်တို့ညီအစ်ကိုလက်ထဲကို ရွှေဒင်္ဂါးတွေ အားလုံးရောက်တော့ ကျုပ်က အစ်ကိုကို ဦးစိန်တိုးရဲ့သမီး မမြဖူးကိုခွဲဝေပေးဖို့ ပြောဆိုခဲ့တယ်၊





အစ်ကိုက ကိုယ်နဲ့ထိုက်လို့ ကိုယ်ရတာဆိုပြီး ညီအစ်ကို နှစ်ယောက်တည်း ခွဲဝေယူဖို့ကြံစည်တယ်၊ ကျုပ်ကလဲ မတရားလုပ်ချင်တဲ့စိတ်စာတ်မရှိဘူး၊ နောက်ဆုံး ကျုပ်တို့ညီအစ်ကို နှစ်ယောက်စကားများခဲ့ရတယ်"

ဟုပြောလေရာ မမြဖူးက ကိုအေးဆင့်ကို ကျေးဇူးတင်ဟန်ဖြင့်ကြည့်၍

"အခုလို ကျွန်မအတွက် အစ်ကိုဖြစ်သူကို တိုက်တွန်းပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

ဟုပြောလေ၏။ ကိုအေးဆင့်က ခေါင်းညိတ်၍

"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ မမြဖူး ရသင့်ရထိုက်တာကို တောင်းဆိုပေးတာပါ၊ အစ်ကို့ကို တိုက်တွန်းမရတဲ့အဆုံးမှာမမြဖူးဆီကို စာရေးပြီး ခေါ်လိုက်တာပါ၊ မမြဖူးနဲ့ ကျုပ်တို့အားလုံးဝိုင်းပြီး ဖျောင်းဖျလိုက်ရင် အစ်ကို စိတ်လျော့ပြီး မမြဖူးရဲ့ဝေစုကို



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာပါ"

ဟုပြောလေရာ ဂျာမဒါမင်းထင်က ကိုအေးဆင့်ကို ချီးကျူးဟန်ဖြင့်ကြည့်၍

"အခုလို တစ်ဘက်သားအတွက် မှုမှုတတ စိတ်မျိုးထားပေးတာ ချီးကျူးပါတယ်ဗျာ၊ ခင်ဗျားရဲ့အစ်ကို့ဆီကို သွားမယ်ဆိုရင်လဲ သွားကြပါစို့၊ မိုးတောင်အတော်ချုပ်နေပြီ"

ဟုပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်တို့အားလုံး ဂျာမဒါမင်းထင်၏ အော်စတင်ကားထဲ၌ ကျပ်ကျပ်တည်းတည်းထိုင်၍ ကြည့်မြင်တိုင်ဘက်သို့ ထွက်ခဲ့လေ၏။





ကြည့်မြင်တိုင်ရှိ အုတ်တိုက်နီကြီးရှိရာ ခြံဝန်းရှေ့သို့ရောက်လျှင် ဂျာမဒါမင်းထင်က ကားကို ရပ်တန့်လိုက်လေ၏။

ဂျာမဒါမင်းထင်က ကားဟွန်းကိုတီးလိုက်ရာ ခြံစောင့်သည် ကားရှေ့ခန်း၌ ပါ[illegible]သော ကိုအေးဆင့်ကိုကြည့်၍ ခြံတံခါးဖွင့်ပေးလိုက်လေ၏။

ကိုအေးဆင့်က ခြံစောင့်ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးအိမ်မှာရှိတယ်မဟုတ်လား"

ဟုမေးမြန်းလေ၏။

ထိုအခါ ခြံစောင့်ကုလားက

"တစ်နေကုန် အိမ်ထဲမှာပဲနေတယ်ဆရာ၊ အစေခံ မောင်ပု ရဲ့ စကားအရ နေ့လယ်စာ၊ ညစာကိုတောင် ဆင်းမစားဘူးလို့ ပြောတယ်"

ဟုပြောလေ၏။

ကျွန်ုပ်တို့လူစု အိမ်ကြီးထဲသို့ရောက်သောအခါ အစေခံ မောင်ပုထွက်လာပြီး

"ဒီနေ့တစ်နေ့လုံး ဆရာအိပ်ခန်းထဲက မထွက်ဘူး၊ နေမကောင်းဖြစ်နေသလား မသိဘူး၊ ကျွန်တော်တို့ကတော့ ဆရာဆူမှာစိုးလို့ မမေးရဲဘူး"

ဟုပြောလိုက်ရာ ကိုအေးဆင့်က





"ငါရောက်နေတယ်လို့ သွားပြောလိုက်"

ဟုအမိန့်ပေးလိုက်ရာ အစေခံမောင်ပုသည် အိမ်ပေါ်ထပ်သို့ ပြေးတက်သွားလေ၏။

ကျွန်ုပ်တို့လူစုသည် အိမ်ကြီး၏ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် ထိုင်၍ ကိုအေးဆင့်၏အစ်ကိုကို စောင့်နေလေ၏။

ထိုအခိုက်မှာပင် အစေခံမောင်ပုသည် အိမ်ပေါ်ထပ်မှ ပြန်ဆင်းလာပြီး

"ဆရာ့ကို ခေါ်လို့မရဘူး၊ ဘာဖြစ်နေလဲ မသိဘူး"

ဟုပြောလေ၏။

ထိုအခါ ကျွန်ုပ်တို့လူစုသည် ကိုအေးတင့်အတွက် စိုးရိမ်ပြီး အိမ်ကြီး၏အပေါ်ထပ်သို့ တက်သွားလေ၏။

အိမ်ပေါ်ထပ် အိပ်ခန်းရှေ့သို့ရောက်သောအခါ ကိုအေးဆင့်က

"အစ်ကို...အစ်ကို..ကျွန်တော်တို့ရောက်နေတယ်"



www.burmeseclassic.com

ဟုပြောလေ၏။

သို့သော် အိပ်ခန်းထဲမှမည်သည့်တုံ့ပြန်သံကိုမျှမကြားရချေ။

ဂျာမဒါမင်းထင်သည် ထိုမြင်ကွင်းကိုကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး ကြောင်ကဲ့သို့ လျှင်မြန်ဖျတ်လတ်စွာဖြင့် ထုတ်တန်းကို ဆွဲခို၍ တက်လိုက်၏။ ပြီးနောက် လေကာမှန်မှတဆင့် အခန်းထဲသို့ ချောင်းကြည့်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ ပေါ့ပါးစွာခုန်ဆင်းလိုက်၏။ ပြီးနောက် ကိုအေးဆင့်ဘက်သို့လှည့်၍

"တရားနဲ့သာ ဖြေပါ ကိုအေးဆင့်၊ ခင်ဗျားအစ်ကိုတော့ သွားရှာပြီ"

ဟုဆိုကာ အိပ်ခန်းတံခါးကို ခြေထောက်ဖြင့် ဆောင့်ကန်ဖွင့်လိုက်၏။

ကိုအေးဆင့်သည် အိပ်ခန်းထဲသို့ ကမူးရှူးထိုးပြေးဝင်သွား၏။ ထိုအခါ အိပ်ခန်းထဲရှိ ကုလားထိုင်တွင် ထိုင်လျက်ကြီး သေဆုံး





နေသော ကိုအေးတင့်ကို တွေ့ရ၏။ ကိုအေးတင့်၏ နှုတ်ခမ်းများ တွန့်လျက်ရှိပြီး ရယ်မောနေဟန်ရှိလေ၏။

www.burmeseclassic.com



ကိုအေးဆင့်သည် အစ်ကိုဖြစ်သူ၏ အလောင်းနံဘေးမှ ဒူးထောက်ထိုင်၍ ငိုယိုနေလေ၏။

မမြဖူးသည် ထိတ်လန့်ဟန်ဖြင့် အခန်းအပြင်၌ ရပ်တန့်နေလေ၏။

ဂျာမဒါမင်းထင်သည် အိပ်ခန်းတစ်နေရာ၌ ကြမ်းပေါ်သို့ ကျကွဲနေသော ဆေးပုလင်းကိုယူ၍ ငုံ့ကြည့်လိုက်ပြီး

"ဘာစကောဘီလီမ်းဆေးပုလင်းကြီး ကျကွဲသွားတာပျ၊ ကိုယ်





ခန္ဓာမှာ ယားယံတဲ့အခါ လိမ်းတဲ့ဆေးပါပဲ"

ဟုပြောပြီး ကြမ်းပြင်ပေါ်ရှိ ခြေရာများကို သေချာစွာ စစ်ဆေးကြည့်ရှုလေ၏။

အိပ်ခန်း၏ မျက်နှာကျက်ပေါ်သို့တက်သော အပေါက်မှာ ပွင့်နေပြီး ထိုအပေါက်မှ ကြိုးလှေကားတစ်ခုတွဲလောင်းကျနေ၏။

ဂျာမဒါမင်းထင်သည် သေသူကိုအေးတင့်၏ ကုလားထိုင်အနီးသို့လာကြည့်ပြီး မျက်မှောင်ကြုတ်၍ သေသူ၏အိတ်ထဲသို့ နှိုက်ကြည့်လိုက်ရာ စာရွက်ခေါက်လေးတစ်ခုကို တွေ့ရပြီး ဖတ်ကြည့်လိုက်ရာ

"ဒေါင်းယောင်ဆောင်သောကျီး"

ဟုသော စာကြောင်းကို မင်နက်ဖြင့်ရေးသားထားကြောင်း တွေ့ရ၏။ ကျွန်ုပ်က ဂျာမဒါမင်းထင်၏အနီးသို့ကပ်၍

"သေသူရဲ့မျက်နှာက တစ်မျိုးဖြစ်နေတယ်၊ ရယ်မလို ငိုမ



www.burmeseclassic.com

www.burmeseclassic.com

နှာထားမျိုးပဲ''

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က ကိုအေးတင့်၏ ဦးခေါင်းအနောက်သို့ လက်ဖြင့်စမ်းကြည့်ပြီး ကျွန်ုပ်ကို ပြသလေ၏။ ထိုအခါ ကိုအေးတင့်၏ လည်ပင်း၌ စိုက်ဝင်နေသော ဆူးတစ်ချောင်းကို မြင်တွေ့ရလေ၏။

ဂျာမဒါမင်းထင်က ကိုအေးတင့်၏မျက်နှာကိုကြည့်၍

''အဆိပ်မိပြီး သေသွားတာဗျ၊ ဒီလိုအဆိပ်မျိုးနဲ့မိရင် မျက်နှာက ရယ်မောသလို မျက်နှာထားမျိုးနဲ့ သေဆုံးတတ်တယ်၊ ဒီအဆိပ်က သိပ်ပြင်းတာဗျ၊ ဒဏ်ရာက သွေးတွေထွက်ပြီဆိုရင် ကုဖို့မစဉ်းစားနဲ့၊ သေတာပဲ''

ဟုပြောလေ၏။ ထိုအခါ အစ်ကို၏အလောင်းအနီး၌ ငိုယိုနေသော ကိုအေးဆင့်သည် အနီးရှိ ဗီရိုကြီးကိုဖွင့်၍ ကြည့်လိုက်ပြီး

''အမလေး၊ ကုန်ပြီဗျို့၊ ဘာမှ မရှိတော့ဘူး၊ ကျုပ်တို့





မနေ့ကမှ ရှာတွေ့လို့ရတဲ့ ရွှေဒင်္ဂါးတွေ ပါသွားပြီ၊ ဟောဒီ မျက်နှာကျက်မှာ တွဲလောင်းချထားတဲ့ ကြိုးလှေကားကို တွေ့သလား၊ လွန်ခဲ့တဲ့ရက်ကပဲ ဒီလှေကားနဲ့ မျက်နှာကျက်ပေါ်တက်ပြီး ရွှေဒင်္ဂါးတွေကို ရှာတွေ့ခဲ့တာဗျ''

ဟု ငိုသံပါကြီးဖြင့် ပြောလေ၏။ မပြိုမှာမှု ပျောက်ဆုံးသွားသော ရွှေဒင်္ဂါးများနှင့်ပတ်သက်၍ နှမြောတသဟန် မရှိဘဲ ထိတ်လန့်တုန်လှုပ်နေဟန်သာရှိ၏။

ထို့နောက် ဂျာမဒါမင်းထင်က ကိုအေးဆင့်ကိုခေါ်၍

''ပုလိပ်ကို အကြောင်းကြားဖို့ ဝတ္တရားရှိတယ်၊ ဒါကြောင့် ပုလိပ်ဌာနကို ကိုအေးဆင့်သွားပေတော့''

ဟုစေခိုင်းလိုက်ရာ အေးဆင့်သည် တရှုံ့ရှုံ့ငိုယို၍ အိမ်ပေါ်မှ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမင်းထင်က အေးဆင့်၏နောက်ကျောကိုကြည့်၍

''ပုလိပ်တွေ ရောက်မလာမီ ကျုပ်တို့ စုံစမ်းစရာရှိတာ စုံစမ်း ရအောင်၊ ဒီအမှုက အတော်ခေါင်းရှုပ်ရတဲ့ အမှုမျိုးဗျ၊ ဘာပဲဖြစ် ကျုပ်တို့ မရရအောင် ဖော်ထုတ်ရမှာပဲ၊ ကျုပ်တို့ ပထမဦးဆုံး စဉ်းစားရမှာက လူသတ်သမားဟာ အိမ်ထဲကို ဘယ်လိုလုပ်ပြီး ဝင်လာတယ်ဆိုတာပဲ၊ အိပ်ခန်းတံခါးကို အမြဲပိတ်ထားတယ်၊





ဒါပေမယ့် လူသတ်သမားကတော့ အိပ်ခန်းထဲကို ရောက်လာတယ်၊ ပြတင်းပေါက်ကို စစ်ဆေးကြည့်တော့လဲ ပြတင်းပေါက်ရဲ့ ချက်ကို အခန်းထဲက ချထားတယ်ဗျ၊ တံခါးမကြီးကိုလဲ အခန်းထဲက ပိတ်ထားတယ်''

ဟုပြောလိုက်ရာ ကျွန်ုပ်က ပြတင်းပေါက်ကို ဖွင့်ကြည့်၍ အောက်သို့ငုံ့ကြည့်ကာ

''မြေပြင်နဲ့ ပြတင်းပေါက်က အမြင့်ကြီးဗျ၊ တရားခံဟာ ပြတင်းပေါက်က ဘယ်လိုလုပ်ပြီး တက်မှာလဲ၊ ပြတင်းပေါက်ရဲ့ ချက်ကိုလဲ အိမ်ထဲကချထားတယ်ဆိုတော့ တရားခံဟာ အိမ်ထဲမှာ ရှိနေသလား''

ဟုပြောလေ၏။

ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

''တရားခံအခန်းထဲကို ဘယ်လိုဝင်လာသလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းနေတယ်၊ သူဟာ မြေလျှိုးမိုးပျံပြီး ဝင်လာသလား”

ဟုရေရွတ်ရင်း မျက်နှာကျက်၌ တွဲလောင်းကျနေသော ကြိုးလျှောကားကို အကြည့်ရောက်သွားပြီး ကြိုးလျှောကားကို ဆွဲ၍ အပေါ်သို့တက်သွားလေ၏။

အတန်ကြာသောအခါ မျက်နှာကျက်ပေါ်မှ ခုန်ဆင်းလာပြီးနောက် ဂျာမဒါမင်းထင်က

“တရားခံ ဘယ်ကနေ အိပ်ခန်းထဲ ဝင်လာသလဲဆိုတာ သိပြီ၊ အိမ်ခေါင်မိုးပေါ်က အုတ်ကျွတ်မိုးဗျ၊ ခေါင်မိုးပေါ်ကို တက်နိုင်အောင် တံခါးငယ်လေးတစ်ချက်လဲ လုပ်ထားတယ်၊ လူသတ်သမားက ခေါင်မိုးပေါ်ကတစ်ဆင့် ပြန်ထွက်သွားတာပဲ၊ ကျုပ်မျက်နှာကျက်ကို လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်တော့ မျက်နှာကျက်တစ်ခုလုံး ဖုံတွေရှိနေပေမဲ့ သေတ္တာပုံစံလေးထောင့် အကွက်လေးကတော့ ဖုံတွေရှိမနေဘူး၊ သေသူ ကိုအေးတင့်ဟာ ရွှေဒင်္ဂါးသေတ္တာ





ကို မျက်နှာကျက်မှာ သိမ်းဆည်းခဲ့တဲ့ သဲလွန်စပေါ့ဗျာ၊ ကဲ...ကျုပ်မျက်နှာကျက်ပေါ် တစ်ခါတက်ကြည့်ပြီး တရားခံ ကျန်ရစ်ခဲ့တဲ့ သဲလွန်စကို ရှာကြည့်ဦးမယ်၊ ခင်ဗျား အိမ်အောက်ထပ်ခြံထဲဆင်းပြီး စောင့်ပေတော့”

ဟုဆိုလိုက်ရာ ကျွန်ုပ်သည် အိမ်အောက်သို့ဆင်း၍ ခြံထဲမှတစ်ဆင့် ခေါင်မိုးပေါ်သို့ မော့ကြည့်နေ၏။

ခဏကြာလျှင် ခေါင်မိုးတစ်နေရာမှ ဂျာမဒါမင်းထင် ပေါ်လာပြီး

“ဒီနေရာက ဆင်းခဲ့တာဗျ”

ဟုအော်ဟစ်ပြောဆိုပြီး ခေါင်မိုးအစွန်းမှ ရေတိုင်ကီပေါ်သို့ ခုန်ချလေ၏။ ရေတိုင်ကီမှတစ်ဆင့် မြေပေါ်သို့ ပေါ့ပါးစွာ ခိုတွယ်ပြီး ဆင်းလာလေ၏။

ဂျာမဒါမင်းထင်၏ လက်ထဲ၌ အနက်ရောင်သားရေအိတ်

www.burmeseclassic.com



ကလေးတစ်လုံးပါရှိပြီး သားရေအိတ်ထဲ၌ သေသူကိုအေးတင့်၏ လည်တိုင်၌ စိုက်ဝင်နေသော ဆူးချောင်းလေးများကိုတွေ့လိုက်ရ၏။

ကျွန်ုပ်က ဆူးချောင်းလေးများကို ကိုင်ကြည့်ရန် ကြိုးစားလိုက်ရာ ဂျာမဒါမင်းထင်က လက်ကာပြ၍

''လက်နဲ့မထိနဲ့ဗျ၊ အလွန်ပြင်းထန်တဲ့ အဆိပ်တွေ သုတ်လိမ်းထားတယ်၊ လူရိုင်းတွေသုံးလေ့ရှိတဲ့ အဆိပ်ဗျ၊ သိပ်ပြီးကြောက်ဖို့ ကောင်းတယ်၊ တရားခံ ခေါင်မိုးပေါ်က ဆင်းခဲ့တဲ့လမ်းကြောင်းကို ကျုပ်သေသေချာချာ သိခဲ့ရပြီ၊ ခေါင်မိုးပေါ်က အမိုးအုပ်ပြားအချို့ ပြုတ်ကျနေတယ်ဗျ၊ ဒီလူဟာ အတော်လေး ပေါ့ပါးဖျတ်လတ်တဲ့ လူတစ်ယောက်ပဲ၊ ကျုပ်အထင်တော့ သူက ကိုအေးတင့်တို့ သူငယ်ချင်းသုံးယောက်ထဲက ကိုမင်းခေါင်ဆိုတဲ့လူ ဖြစ်ဖို့များတယ်''

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က





''တရားခံကို ဘယ်လိုလိုက်မှာလဲ ဂျာမဒါ''

ဟုမေးမြန်းလိုက်၏။

ဂျာမဒါမင်းထင်က

''သူ့နောက်ကိုလိုက်ဖို့ အကောင်းဆုံးနည်းလမ်းတစ်ခုရှိတယ်၊ တရားခံမှာ အိပ်ခန်းထဲက ဘာစကောဘီလိမ်းဆေးပုလင်းကို ခြေထောက်နဲ့တိုက်မိပြီး ပုလင်းကွဲသွားတယ်ဗျ၊ တရားခံရဲ့ ကိုယ်ပေါ်မှာ ဘာစကောဘီအနံ့ စွဲကျန်ရစ်တယ်၊ ခေါင်မိုးမျက်နှာကျက်ပေါ် တက်ကြည့်တော့ ပိုသိသာတယ်ဗျ၊ မျက်နှာကျက်တစ်ခုလုံး ဆေးနံ့တွေ လှိုင်နေတယ်၊ ကျုပ်တို့အနံ့ခံခွေး အသုံးချပြီး တရားခံရဲ့ အနောက်ကို လိုက်ကြည့်ကြမယ်၊ ခင်ဗျားက ကျုပ်မိတ်ဆွေ ဦးလှမိုးဆီက အနံ့ခံခွေးကြီး ဘိုနီကို သွားယူပေးရမယ်''

ဟုဆိုလိုက်ပြီး ကျွန်ုပ်တို့အနီးသို့ရောက်ရှိလာတော့ မဖြူးကိုကြည့်၍ ဂျာမဒါမင်းထင်က



www.burmeseclassic.com

www.burmeseclassic.com



"မမြဖူးအိမ်ကိုပြန်ပြီးအေးအေးဆေးဆေးနားလိုက်ပါ၊ ဒီအမှုကို ကျုပ်ကိုယ်တိုင်ကိုင်တွယ်ရဦးမယ်"

ဟုဆိုလိုက်၏။ မမြဖူးသည် ညိုးငယ်သောမျက်နှာဖြင့် ဂျာမဒါ မင်းထင်ကိုနှုတ်ဆက်ပြီးထွက်ခွာသွားတော့၏။





ထိုအခိုက်မှာပင် ဌာနအုပ်နှင့် ပုလိပ်များသည် အိမ်ပေါ်မှဆင်းလာပြီး ဂျာမဒါမင်းထင်ကို မြင်သောအခါ ရှုးစမ်းဟာန်ဖြင့်

"သေသူရဲ့ကိုယ်ခန္ဓာက တော်တော်လေးမာနေတယ်၊ ဒီလို အလောင်းမျိုးဟာခံခါမှ  တွေ့ဖူးဘူး"

ဟုပြောလေ၏၊ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

" အလွန် ပြင်းထန်တဲ့ အဆိပ်တစ်မျိုးကိုမိသွားတာဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အဆိပ်မျိုး မိတဲ့လူဟာ ခန္ဓာကိုယ်လိုတာထက် ပိုတောင့်တင်းပြီး မျက်နှာကရယ်သလိုဖြစ်နေတတ်တယ်''

ဟုပြောလေ၏။ ထိုအခါ ဌာနအုပ်က မိမိကိုယ်မိမိယုံကြည်သောဟန်ပန်ဖြင့် ပုလိပ်များဘက်သို့လှည့်၍

''မင်းတို့ခြံပြင်မှာစောင့်နေကြ၊ ငါနဲ့ဂျာမဒါမင်းထင် တိုင်ပင်စရာရှိတယ်''

ဟုဆိုကာ ပုလိပ်များကို မောင်းနှင်ထုတ်လေ၏။ ပုလိပ်များ ထွက်ခွာသွားသောအခါ ဌာနအုပ်က

''တရားခံလက်ထဲကို ရွှေဒင်္ဂါးတွေ အများကြီးပါသွားတယ် ဆိုဗျ၊ ကျုပ်စိတ်ထဲမှာတော့ ကိုအေးဆင့်ကို မသင်္ကာဘူး၊ သူတို့ဟာ ညီအစ်ကိုဆိုပေမဲ့ စိတ်ဓာတ်ချင်း ပြဒါးတစ်လမ်းသံတစ်လမ်း ဆိုပဲဗျ၊ အခုရက်ပိုင်းမှာတစ်ယောက်နှင့်တစ်ယောက် မကြာခဏ စကားများရန်ဖြစ်ကြတယ်လို့ အစေခံတွေက ထွက်ဆိုကြတယ်၊ နောက်ပြီး





တော့ သေသူကို ကိုအေးတင့်ကို နောက်ဆုံးအသက်ရှင်လျက် မြင်ရတာလဲ ကိုအေးဆင့်ဗျ''

ထိုအခါ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

'' ခင်ဗျားမှားနေပြီ၊ ကိုအေးဆင့်က ကိုအေးတင့်ကို သတ်ပြီးတော့ ဆိုသတဲ့သူက အိပ်ခန်းထဲကနေ တံခါးမင်းတုတ်ကိုဘယ်လို ပြန်ချမှာလဲ၊ အလောင်းမှာလဲ အဆိပ်ဆူးတစ်ချောင်း စိုက်နေတာ တွေ့တယ်၊ ကိုအေးဆင့် သတ်မယ်ဆိုရင် အဆိပ်ဆူးကို သုံးစရာ မလိုဘူးဗျ၊ နောက်ပြီးတော့ သေသူရဲ့ အိတ်ထဲမှာထည့်ထားတဲ့ ဒေါင်းယောင်ဆောင်သောကျိုး ဆိုတဲ့စာရွက်လဲတွေ့ရတယ်၊ ဒီအချက်တွေ အားလုံးကို တိုက်ဆိုင်စစ်ဆေးပြီး ကောက်ချက်ဆွဲသင့်တယ်ဗျ''

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ပုလိပ်သားတစ်ဦးသည် ဌာနအုပ်ထံသို့ အရေးတကြီးအမူအရာဖြင့် ရောက်ရှိလာပြီး



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာကျက်ကနေ ခေါင်မိုးပေါ်တက်နိုင်တဲ့ ဆွဲတံခါး တစ်ချပ်လဲရှိတယ်"

ဟုဆိုလိုက်ရာ ဌာနအုပ်၏မျက်နှာဝင်းပသွားပြီး ကိုယ်ကိုယ်ကိုယ် အထင်ကြီးဟန်ဖြင့် ရယ်မောကာ

"နောက်ဆုံးတော့ တရားခံဘယ်သူလဲဆိုတာ လက်တွေ့ပြလိုက်ပြီပေါ့၊ ဂျာမဒါမင်းထင် ခင်ဗျားက အရည်အချင်းရှိတဲ့ စုံထောက်တစ်ယောက်ပါ၊ ဒါပေမဲ့ အမြဲတမ်းတော့ မမှန်နိုင်ဘူးပေါ့ဗျာ၊ ဒီနေ့တော့ ခင်ဗျားထက်အရင် တရားခံကို ကျုပ်ဖမ်းနိုင်ခဲ့ပြီ၊ တရားခံဟာ သေသူကိုသတ်ပြီးတော့ တံခါးတွေကိုအထဲက ချက်ချတယ်၊ ပြီးတော့ မျက်နှာကျက်ကနေ ပြန်ထွက်သွားတာပဲ၊ ဒီအမှုကို ကျုပ်အချိန်တိုတိုလေးအတွင်းမှာ ဖော်ထုတ်နိုင်ခဲ့ပြီ၊ တရားခံကိုအေးဆင့်ကို အစ်ကိုဖြစ်သူကို သတ်မှုနဲ့ ကျုပ်ဖမ်းလိုက်တော့မယ်၊ ကျုပ်ရဲ့တွေးဆချက် မှန်ကန်ကြောင်း တရားရုံးရောက်ရင်





အစေခံတွေက ထောက်ခံကြလိမ့်မယ်"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

"ဒီအတွက်ခင်ဗျား့ပဲ အရှက်ကွဲရလိမ့်မယ်၊ တရားခံအစစ်ကို ကျုပ်မရရအောင် ဖမ်းပြမယ်"

ဟုပြောလေရာ ဌာနအုပ်သည် ဂျာမဒါမင်းထင်၏ စကားကို နားမဝင်ဘဲ ကိုအေးဆင့်ကို ဖမ်းဆီးရန် ပြင်ဆင်လေ၏။

မကြာမီ ကိုအေးဆင့်သည် မျက်နှာညှိုးငယ်စွာဖြင့် ဂျာမဒါမင်းထင်၏အနီးသို့ ရောက်လာ၏။ ဂျာမဒါမင်းထင်က ကိုအေးဆင့် ပခုံးကိုပုတ်၍

"အားမငယ်ပါနဲ့ဗျာ၊ ခင်ဗျား ခဏပဲအဖမ်းခံရမှာပါ၊ ကျုပ် တရားခံကို အမြန်ဆုံး ရအောင်ဖမ်းပေးပါ့မယ်"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်သည် ကိုအေးဆင့်ကိုပုလိပ်များ ဖမ်းဆီးသွားသောအခါ ကားပေါ်သို့ လျှင်မြန်စွာတက်၍



www.burmeseclassic.com

www.burmeseclassic.com



သူ၏ မိတ်ဆွေကိုလှမိုး ထံသို့ကားကိုမောင်းလေ၏။

ကိုလှမိုးထံသို့ရောက်သောအခါ အကျိုးအကြောင်းပြော၍ အမဲလိုက်ခွေးကြီး ဘိုနီကိုခဏငှားလေ၏။

ကျွန်ုပ်တို့သည် ဘိုနီကိုရရှိသောအခါ ကားပေါ်သို့တင်၍ ကြည့်မြင်တိုင်ရှိ လူသတ်မှုဖြစ်ပွားရာ အုတ်တိုက်နီကြီးသို့ ပြန်ခဲ့လေ၏။ အုတ်တိုက်နီကြီးသို့ရောက်သောအခါ ဂျာမဒါမင်းထင်သည် ဘာစကောဘီဆေးကို လက်ကိုင်ပဝါဖြင့်တို့၍ ခွေးကြီးဘိုနီ၏ နှာခေါင်းဝ၌ ခဏမျှ အနံ့ခံခိုင်းလေ၏။

ပြီးနောက် ခွေးကြီးကို ခြံထဲသို့ခေါ်သွားပြီး အနံ့ခံခိုင်းလေရာ ခွေးကြီးသည် ခြံထဲ၌ တရှုံ့ရှုံ့ အနံ့ခံ၍ အုတ်တံတိုင်းရှိရာသို့ ပြေးလေ၏။

ဂျာမဒါမင်းထင်သည် ခေါင်းတဆတ်ဆတ်ညိတ်၍

"အုတ်တံတိုင်းက ကျော်တက်သွားတာဗျ၊ ကျုပ်တို့ ခွေး





ကြီးကို ခြံပြင်ခေါ်သွားရအောင်"

ဟုပြောကာ ခွေးကြီးကို ခြံပြင်သို့ ခေါ်ဆောင်သွားလေ၏။ ခွေးကြီးသည် ခြံပြင်သို့ရောက်သောအခါ မြေပြင်ကို တရှုံ့ရှုံ့အနံ့ခံ၍ လမ်းအတိုင်း သွားလာနေလေရာ ကျွန်ုပ်တို့က သံကြိုးကိုင်၍ အနောက်မှ လိုက်လေ၏။

ခွေးကြီးသည် အမဲလိုက်ရန် ကောင်းစွာလေ့ကျင့်ထားသဖြင့် တရားခံ သွားရာလမ်းကို လွယ်ကူစွာ လိုက်နိုင်လေ၏။

ခွေးကြီးသည် တစ်ခါတစ်ရံ၌ ရပ်တန့်ပြီး မြေကြီးပေါ်ရှိ အနံ့ကိုခံလေ၏။ ပြီးနောက် လျှင်မြန်ဖျတ်လတ်စွာဖြင့် ရှေ့သို့ တိုးပြီး သွားလေ၏။ ကျွန်ုပ်တို့သည် ခွေးကြီးအနောက်မှ တကောက်ကောက်လိုက်ခဲ့လေ၏။

ခွေးကြီးသည် ကမ်းနားဘက်သို့ ဦးတည်သွားလေ၏။ ကမ်းနားသို့ရောက်သောအခါ အိမ်တစ်အိမ်ရှေ့၌ ရပ်တန့်လိုက်ပြီး အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ဟန်ပြုလေ၏။ ထိုအိမ်၏ရှေ့၌ မော်တော်ဘုတ်ငှားသည် ဆိုသော ဆိုင်းဘုတ်ကိုရေးသားထားလေ၏။ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"ဒီအိမ်ဟာ မော်တော်ဘုတ်ငှားတဲ့ ဂျူးအဘိုးကြီးရဲ့အိမ်ဗျ၊ တရားခံဟာ ဂျူးအဘိုးကြီးရဲ့မော်တော်ဘုတ်ကိုငှားပြီး ရေလမ်းက သွားပုံရတယ်၊ ကျုပ်တို့တော့ ခွေးကြီးကို အသုံးမဝင်တော့ဘူး"

ဟုပြောလေ၏။

ပြီးနောက် မော်တော်ဘုတ်ငှားသော ဂျူးအဘိုးကြီးနှင့် တွေ့ဆုံရန် အိမ်ထဲသို့ ဝင်ခဲ့ရာ ဂျူးအဘိုးကြီးနှင့်တွေ့သောအခါ ၎င်းက

"မော်တော်ဘုတ်အငှားလိုက်သွားတယ်၊ ငှားလို့မရဘူး"

ဟုပြောလေရာ ဂျာမဒါမင်းထင်က

"ဘယ်သူနဲ့အငှားလိုက်သွားတာလဲ"

ဟုမေးမြန်းလေ၏။ ထိုအခါ ဂျူးအဘိုးကြီးက





"လွန်ခဲ့တဲ့နေ့ကပဲ လူတစ်ယောက်လာပြီး ငှားသွားတယ်၊ မော်တော်ဘုတ်ကို ပိုက်ဆံအများကြီးပိုပေးပြီးငှားတယ်၊ ဒီနေ့ မော်တော်ဘုတ် လာပြန်အပ်လိမ့်မယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဂျူးအဘိုးကြီး၏အိမ်မှထွက်ခဲ့ပြီးနောက် ဂျာမဒါမင်းထင်က

“ကိုမင်းခေါင်ဟာ အတော်လည်တဲ့လူဗျ၊ သူဟာ ဂျူးအဘိုးကြီးရဲ့ မော်တော်ဘုတ်ကို အပျောက်ရိုက်ပြီး ရန်ကုန်မြို့နဲ့ဝေးရာကို ပြေးဖို့ကြံစည်ပုံရတယ်၊ ကျုပ်တို့ နည်းနည်းနောက်ကျသွားတယ်ဗျာ၊ ဒါပေမယ့် လိုရမယ်ရ တစ်ခုခုသိရအောင် ကျုပ်ရဲ့နင်ဂျာကောင်





လေးတွေ အားကိုးနဲ့ စုံစမ်းကြည့်ရအောင်”

ဟုဆိုကာ ဆိပ်ကမ်း၌ရှိသော ဂျာမဒါမင်းထင်၏ တပည့်လူငယ်များအား ဂျူးအဘိုးကြီး၏ မေရီအမည်ရှိ မော်တော်ဘုတ်ကို ရန်ကုန်၏ ပတ်ဝန်းကျင်၌ ရှာဖွေခိုင်းလိုက်လေ၏။

ပြီးနောက် အိမ်သို့ပြန်လာပြီး ခဏမျှ အနားယူကြလေ၏။

ကျွန်ုပ်က ဂျာမဒါမင်းထင်အတွက် ကော်ဖီတစ်ခွက်ဖျော်ရင်း

“ကိုအေးတင့်ရဲ့ လည်ပင်းမှာ စိုက်ဝင်နေတဲ့ဆူးဟာ ဘယ်လိုများ တိုက်ခိုက်ခံရတာလဲ ဂျာမဒါ”

ဟုမေးမြန်းလေရာ ဂျာမဒါမင်းထင်က

“လူရိုင်းတွေ အသုံးပြုလေ့ရှိတဲ့ မှုတ်ပြောင်းနဲ့ထည့်ပြီး မှုတ်တယ်လို့ ကျုပ်ထင်တယ်၊ ကိုမင်းခေါင်ဟာ လူရိုင်းတွေနဲ့ပတ်သက်ခဲ့ဖူးပုံရတယ်”

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ဂျာမဒါမင်းထင်၏တပည့် လူငယ်လေး တစ်ဦး ပြေးတက်လာပြီး

"ဂျူးအဘိုးကြီးရဲ့ မော်တော်ဘုတ်မေရီကို မော်တော်ဘုတ် ပြင်တဲ့ရုံမှာ အပ်ထားတယ်ဆရာ"

ဟုပြောလေရာ ဂျာမဒါမင်းထင်သည် ပြုံးရွှင်သောအမူအရာ ဖြင့်

"ကံကြမ္မာက ကျုပ်တို့ဘက်မှာရှိနေပြီဗျို့၊ မော်တော်ဘုတ် ပြင်တဲ့ရုံက ဘယ်နေရာမှာလဲ"

ဟုမေးမြန်းလိုက်၏။ ထိုအခါ ဂျာမဒါမင်းထင်၏တပည့် လူငယ်လေးက

"သံလျှင်ဘက်ကမ်းက မော်တော်ဘုတ်ပြင်တဲ့နေရာမှာပါ"

ဟုပြောလေ၏။

ဂျာမဒါမင်းထင်သည် လူငယ်လေးအား ချီးကျူး၍ မုန့်ဖိုး





ငွေများ ပေးအပ်လိုက်လေ၏။

ပြီးနောက် ဂျာမဒါမင်းထင်က ကြည့်မြင်တိုင်ဂါတ်တဲရှိ ဌာနအုပ်ကို ဖုန်းဆက်လိုက်လေ၏။

ခဏကြာလျှင် ဌာနအုပ်သည် မျက်စိပျက်မျက်နှာပျက်ပြီး ဂျာမဒါမင်းထင်ထံသို့ ရောက်ရှိလာ၏။

ဂျာမဒါမင်းထင်က ဌာနအုပ်ကို တည်ကြည်စွာကြည့်၍

"တရားခံကိုမင်းခေါင်ကို ကျုပ်ဒီနေ့ပဲဖမ်းပေးမယ်၊ ခင်ဗျား ဘက်က အမြန်ဆုံးမော်တော်တစ်စင်း ရအောင်ရှာပေးပါ၊ ဒီအမှု မှာ ခင်ဗျားနဲ့မည် ဘယ်လိုရမယ်ဆိုတာ သိတယ်မဟုတ်လား"

ဟုမေးမြန်းလိုက်ရာ ဌာနအုပ်က ခေါင်းညိတ်၍

"ကျွန်တော်ဖမ်းထားတဲ့ ကိုအေးဆင့်ကို အခုပဲလွှတ်ပေး လိုက်ပြီဆရာ၊ ဝန်ထောက်မင်းက ကျွန်တော့်ကို အမိန့်မှာယ်မရှိ ဖမ်းဆီးတယ်ဆိုပြီး ဆူပူကြိမ်းမောင်းနေတယ်၊ ဒါကြောင့် ခေါ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ပြန်လွှတ်ပေးလိုက်တယ်''

ဟုပြောလေရာ ဂျာမဒါမင်းထင်က

''အခုတော့ ခင်ဗျားရဲ့ဂုဏ်သိက္ခာတွေ ပြန်ဆယ်နိုင်ပါပြီဗျာ၊ ကျုပ်ကို မော်တော်ဘုတ်တစ်စီး စီစဉ်ပေးပေတော့''

ဟုပြောလေ၏။

ထို့နောက်တွင်မူ ဌာနအုပ်က ကျွန်ုပ်တို့ကို ဆိပ်ကမ်းသို့ခေါ်ဆောင်သွားပြီး ရေကြောင်းလုံခြုံရေးဌာန၏ အမြန်ဆုံးမော်တော်ဘုတ်ကို ငှားရမ်းပေးလေ၏။

မော်တော်ဘုတ်မောင်းနှင်ရန် ပုလိပ်တစ်ယောက်လည်းပါရှိ၏။

ကျွန်ုပ်တို့သည် မော်တော်ဘုတ်ရရှိသောအခါ သံလျှင်ဘက်ရှိ မော်တော်ဘုတ်ရုံသို့ထွက်ခဲ့လေ၏။ မော်တော်ဘုတ်ရုံနှင့် မနီးမဝေးသို့ရောက်သောအခါ မလှမ်းမကမ်းမှ စောင့်ကြည့်လေ၏။





ထိုသို့ စောင့်ကြည့်နေစဉ် မော်တော်ဘုတ်ရုံမှ မော်တော်ဘုတ်တစ်စီးထွက်သွားလေ၏။ ထိုမော်တော်ဘုတ်၌ ရေးထိုးထားသော မေရီဆိုသည့် အမည်ကိုမြင်တွေ့လိုက်သောအခါ ဂျာမဒါမင်းထင်က

''ကျုပ်တို့ လက်မတင်လေး ရောက်လာတာပဲ၊ နည်းနည်းနောက်ကျသွားရင် သူ့ကိုဖမ်းမိဖို့မလွယ်ဘူး၊ သူ့နောက်ကို လိုက်ဗျို့''

ဟုဆိုကာ မေရီဆိုသော မော်တော်ဘုတ်အနောက်သို့လိုက်လေ၏။ ထိုအခါ မေရီကို မောင်းနှင်နေသော တရားခံသည် အနောက်သို့ လှည့်ကြည့်ပြီး ရေကြောင်းလုံခြုံရေးမော်တော်ကို မြင်သောအခါမေရီကို အရှိန်မြှင့်၍ မောင်းနှင်နေလေ၏။ ဂျာမဒါမင်းထင်က မော်တော်ဘုတ်ပေါ်ရှိ အသံချဲ့စက်ကိုဖွင့်၍

''ကိုမင်းခေါင် အဖမ်းခံပါ၊ ရှေ့ဆက်ပြေးဖို့မကြိုးစားပါနဲ့၊ အဖမ်းခံပါ''

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုမင်းခေါင်သည် မော်တော်ဘုတ်ကို မရပ်ဘဲ အရှိန်ကို မြန်သည်ထက်မြန်အောင် မောင်းလေ၏။

ကျွန်ုပ်တို့၏ လုံခြုံရေးမော်တော်သည် စက်အားကောင်းလှသဖြင့် မကြာမီ မေရီမော်တော်ဘုတ်ကို မီလာ၏။

သို့သော် မေရီမော်တော်ဘုတ်ပေါ်ရှိ လူသည် မော်တော်ဘုတ်ကို ရပ်ရန်မကြိုးစားဘဲ အရှိန်မြှင့်၍ မောင်းနှင်လေ၏။ ဌာနအုပ်က မော်တော်ဘုတ်ပေါ်ရှိ တရားခံကိုကြည့်၍

"သေနတ်နဲ့ ပစ်ဖမ်းရမလား ဂျာမဒါ"

ဟုမေးမြန်းလေ၏။ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

"ကျုပ် သူ့ကို လက်ရဖမ်းပါမယ်၊ မော်တော်ဘုတ်ကို အနီးကပ် ယှဉ်မောင်းပေးပါ"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်သည် မော်တော်ဘုတ်နှစ်စီး ယှဉ်မိသောအခါ တစ်ဖက်မော်တော်ပေါ်သို့ ခုန်တက်ရန် ပြင်လေ၏။





ခဏကြာလျှင် မော်တော်ဘုတ်နှစ်စီး နီးကပ်လာသောအခါ တစ်ဖက်မော်တော်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

ဂျာမဒါမင်းထင် တစ်ဖက်မော်တော်ပေါ်သို့ ရောက်သောအခါ တရားခံက ဓားမြှောင်နှင့် ဆီးကြို၍ထိုးလေ၏။ ဂျာမဒါမင်းထင်သည် တရားခံ၏ ဓားကိုင်လက်ကို ချုပ်ကိုင်၍ ရင်ဝသို့ ဒူးဖြင့်တိုက်လိုက်ရာ ကိုမင်းခေါင်သည် အနောက်သို့ ယိုင်လဲသွားလေ၏။ ဂျာမဒါမင်းထင်သည် မော်တော်ဘုတ်ကို ရပ်ရန် ကြိုးစားလေ၏။ ထိုအခိုက်မှာပင် ကိုမင်းခေါင်သည် လဲနေရာမှ လူးလဲထ၍ မှုတ်ပြောင်းဖြင့် ပစ်လိုက်လေ၏။

ဂျာမဒါမင်းထင်သည် မော်တော်ဘုတ်ပေါ်၌ ခယုံ့ဒူးစွာ ရှောင်တိမ်းလိုက်ပြီး ကိုမင်းခေါင်၏ရင်ဝသို့ လက်သီးနှင့် နှစ်ချက်သုံးချက်ဆင့် ထိုးကာ လက်ထိတ်ခတ်လိုက်လေ၏။

ဂျာမဒါမင်းထင်က လဲကျနေသော ကိုမင်းခေါင်ကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်က ဂျာမဒါမင်းထင်ပါ၊ အခုလို ခဲခဲယဉ်းယဉ်း ဖမ်းဆီးရတဲ့အတွက် ကျုပ်ကို နားလည်ပေးပါ”

ဟုပြောလေရာ ကိုမင်းခေါင်သည် မည်သည့်စကားကိုမျှ မဆိုဘဲ ခေါင်းကိုသာ ညိတ်ပြ၏။

ဂျာမဒါမင်းထင်သည် မော်တော်ပေါ်ရှိ သံသေတ္တာကို ဖွင့်ကြည့်လိုက်ရာ သေတ္တာထဲတွင် မည်သည့်ရွှေဒင်္ဂါးမျှ မရှိတော့ချေ။

ဂျာမဒါမင်းထင်က သက်ပြင်းချ၍

“ရွှေဒင်္ဂါးတွေ ခင်ဗျား ဖျောက်ဖျက်ပစ်လိုက်ပြီထင်တယ်”

ဟုပြောလေ၏။

ထိုအခါ ကိုမင်းခေါင်က

“ဟုတ်တယ်၊ ကျုပ်တို့ပစ္စည်းတွေကို နယ်ချဲ့အစိုးရ သိမ်းပိုက်သွားမှာစိုးလို့ မြစ်ထဲကို ချပြီးဖျောက်ဖျက်ပစ်လိုက်ပြီ၊ ခင်ဗျားတို့ မော်တော် ကျုပ်အနောက်ကိုလိုက်ပြီး ပြေးလို့မလွတ်တော့ဘူးလို့





သိတဲ့အချိန်ကစပြီး ရွှေဒင်္ဂါးတွေကို ရေထဲပစ်ချလိုက်ပြီ၊ ကျုပ်တို့ သုံးယောက် စွမ်းအားနဲ့ ရယူခဲ့ရတဲ့ ရွှေတွေကို မောင်ပိုင်စီးချင်တဲ့ သစ္စာဖောက် အုန်းဖေကို ကျုပ် လုပ်ကြံခဲ့တာလဲ ကျေနပ်တယ်၊ ဒီအပြစ်ဒဏ်အတွင်း ကျုပ်ရဲရဲကြီး ရင်ဆိုင်ဝံ့ပါတယ်”

ဟုပြောလေ၏။ ထိုအခါ ဂျာမဒါမင်းထင်က

“ကိုအုန်းဖေ အသည်းအသန်ဖြစ်နေတဲ့အချိန်မှာ သူ့အိမ်ကို ခင်ဗျား သွားချောင်းကြည့်ခဲ့သေးတယ်နော်”

ဟုပြောလေရာ ကိုမင်းခေါင်က ခေါင်းညိတ်၍

“ဟုတ်တယ်၊ ကျုပ် နယ်စပ်ကနေ သူရှိတဲ့နေရာကို ခက်ခက်ခဲခဲ ရှာဖွေခဲ့ရတယ်၊ သူ့အိမ်ပတ်ဝန်းကျင်ကို အစဉ်အမြဲ စောင့်ကြည့်နေတဲ့အတွက် သူအသည်းအသန်ဖြစ်တဲ့အချိန်မှာ အိမ်ထဲကို ဝင်ချောင်းဖို့ကြိုးစားတာပဲ၊ နောက်တော့ သူ့သားနှစ်ယောက် သိသွားတဲ့အတွက် အဲဒီညက ထွက်ပြေးလာခဲ့ရတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဂျာမဒါမင်းထင်က

"ကိုအေးတင့် ရွှေဂါးတွေကို ရှာတွေ့ခဲ့တယ်ဆိုတာ ခင်ဗျား ကြိုမသိဘူးထင်တယ်"

ဟုမေးမြန်းလေရာ ကိုမင်းခေါင်က

"ဟုတ်တယ်၊ ကျုပ် သူ့ကို မသင်္ကာဖြစ်တာနဲ့ စစ်ဆေးဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် ကျုပ်ကံကောင်းချင်တော့ ရွှေဂါး သေတ္တာကို အခန်းထဲက ခုတင်အောက်မှာ လွယ်လွယ်ကူကူ တွေ့ ခဲ့တယ်၊ ဒါကြောင့် သူ့ကိုလုပ်ကြံလိုက်ရတာပဲ"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"ခင်ဗျား ကိုအေးတင့်ကို လုပ်ကြံပြီးတော့ ရွှေဂါးသေတ္တာ ကို ပြတင်းပေါက်ကနေ ကြိုးနဲ့ချခဲ့တယ်၊ ပြီးတော့မှ ပုလိပ်တွေ ထင်ယောင်ထင်မှားဖြစ်အောင် ပြတင်းပေါက်ကို ချက်ပြန်ချပြီး ခေါင် မိုးပေါ်ကတစ်ဆင့် ပြန်ထွက်သွားခဲ့တယ်"





ဟုပြောလေ၏။ ထိုအခါ ကိုမင်းခေါင်က

"ခင်ဗျား သိပ်တော်တဲ့ စုံထောက်ပဲ၊ ကျုပ်လုပ်နေတာကို အားလုံး အနောက်ကနေ လိုက်ကြည့်ထားသလား အောက်မေ့ရတယ်"

ဟုချီးမွမ်းစကားပြောလေ၏။

ထိုအခိုက်မှာပင် မော်တော်ဘုတ်သည် ဆိပ်ကမ်းသို့ရောက် ရှိသွားပြီး ဌာနအုပ်နှင့် ပုလိပ်များက ကိုမင်းခေါင်ကို ဖမ်းဆီး ခေါ်ဆောင်သွားလေ၏။

ဂျာမဒါမင်းထင် ကိုမင်းခေါင်ကိုကြည့်၍

"ခင်ဗျားရဲ့ဘဝနောက်ကြောင်းတွေဟာ စိတ်ဝင်စားဖို့ အင် မတန်ကောင်းတယ်ဗျာ၊ ကျုပ်တို့ ခင်ဗျားနဲ့လာတွေ့ပြီး မေးမြန်း ကြည့်ပါဦးမယ်"

ဟုပြောလေရာ ကိုမင်းခေါင်က ခေါင်းညိတ်၍

"အချိန်မရွေးလာခဲ့ပါဗျာ၊ ကျုပ်စောင့်နေပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ကိုမင်းခေါင်နှင့် ပုလိပ်များ ထွက်ခွာသွားသောအခါ ဂျာမဒါမင်းထင်က အသက်ကို တဝကြီးရှူ၍

"အမှုတစ်မှုတော့ ပြီးသွားပြီဗျာ၊ တစ်နေ့နေ့မှာ စာရေးဆရာ လုပ်မယ်ဆိုတဲ့ ကိုမိုးကောင်းအတွက်တော့ ထူးခြားဆန်းကြယ်ပြီး အင်မတန် စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဝတ္ထုကြီးတစ်ပုဒ် ရလိုက်ပြီ"

ဟုပြောလိုက်လေတော့၏။





ကျွန်ုပ်သည် အသက်အရွယ်ရလာသော အချိန်၌ စာရေးဆရာ အဖြစ် အသက်မွေးဝမ်းကျောင်းရန် ရည်ရွယ်ခဲ့၏။ ထို့ကြောင့် ကိုမင်းခေါင်၏အမှုကို စစ်ဆေးနေချိန်၌ ကိုမင်းခေါင်ထံသို့ မကြာခဏသွား၍ ၎င်း၏ဘဝနောက်ကြောင်းများကို မေးမြန်းခဲ့လေ၏။

ထိုသို့ မေးမြန်းခဲ့သမျှကိုလည်း စာဖြင့် လိုက်လံရေးမှတ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုမင်းခေါင်တို့သည် မယုံနိုင်ဖွယ်ကောင်းပြီး လူသာမန်တို့ ရောက်ခဲလှသော ထူးခြားဆန်းကြယ် အရပ်တစ်ခုသို့ ရောက်ရှိခဲ့ကြောင်း သိရလေ၏။

ထိုအရပ်သည် ဟိမဝန္တာတော၏ အလယ်၌ရှိ၏။

ထိုအရပ်၌ အသက်ရာပေါင်းများစွာ ရှည်ကြာသော မိန်းမလှတစ်ယောက်ရှိသည်ဟူ၍လည်း သိရ၏။

ကိုမင်းခေါင်တို့သည် အန္တရာယ်ကြားမှ လက်မတင်လေး လွတ်မြောက်ပြီး များပြားလှသော ရွှေတုံးရွှေခဲများကို ရရှိခဲ့သည် ဆို၏။ ကျွန်ုပ်သည် တစ်သက်တွင် တစ်ကြိမ်မျှ မကြားဖူးသော စိတ်ဝင်စားဖွယ်၊ အသည်းထိတ်ဖွယ်၊ ရင်ခုန်လိုက်မောဖွယ် အကြောင်းအရာများကို ကိုမင်းခေါင်ထံမှ ကြားသိခဲ့ပြီး ဝတ္ထုသဖွယ် ဖန်တီးတင်ဆက်လိုက်ပါသည်။

ဤသည်ပင်လျှင် ကျွန်ုပ် ရေးသားဖော်ပြလတ္တံ့သော





ဂျာမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျီးဆိုသည့် ဝတ္ထုကြီးပင် ဖြစ်ပေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကမ်းနားလမ်းရှိ ကြောင်နှစ်ကောင် ပျော်ပွဲစား ရုံပိုင်ရှင် ဦးမြဒင်သည် ပျော်ပွဲစားရုံအနောက်ရှိ အခန်းငယ်လေး၌ စာတစ်စောင်ကို အခေါက်ခေါက် အခါခါ ဖတ်ရှုနေလေ၏။

ထိုသို့ ဖတ်ရှုရင်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစား ဆင်ခြင်လိုက်ပြီး

"မဖြစ်နိုင်ဘူး၊ ဒါလုံးဝ မဖြစ်နိုင်ဘူး၊ ငါ့ကိုတစ်ယောက် ယောက်က နောက်လိုက်တာ ဖြစ်မယ်"





ဟုတွေးလိုက်မိ၏။

ထိုသို့တွေးရင်း စာကိုတစ်ခေါက်ပြန်၍ ဖတ်ရှုလိုက်ပြီး မျက်မှောင်ကြုတ်ကာ

"ဒါပေမယ့် လက်ရေးကတော့ မင်းခေါင်လက်ရေးဖြစ် နေတယ်၊ မင်းခေါင်သေပြီဆိုရင် ဒီလက်ရေးမျိုးဘယ်သူရေးနိုင် မှာလဲ"

ဟုရေရွတ်ပြီး စိတ်ရှုပ်ထွေးသွားပြန်၏။

မင်းခေါင်ဆိုသည်မှာ သေဆုံးသွားပြီဖြစ်သော သူ၏မယား ဒေါ်မယ်ဖြူ၏ သားဖြစ်၏။ ဦးမြဒင် ငယ်စဉ်က ဆင်းရဲနွမ်းပါးလွန်း သဖြင့် ကြံရာကျပန်းအလုပ်ကို လုပ်ကိုင်ရသော်လည်း မန္တလေးမှ ပိုးတိုက်ပိုင်ရှင်သမီး မုဆိုးမဒေါ်မယ်ဖြူနှင့်လက်ထပ်ပြီး ကြွယ်ဝ ချမ်းသာလာခဲ့၏။

ဒေါ်မယ်ဖြူ၌ (၁၀) နှစ်အရွယ် မင်းခေါင်ဆိုသော သား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါရှိ၏။

မင်းခေါင်သည် ငယ်စဉ်ကပင် ဉာဏ်ထက်မြက်လှသဖြင့် ကျောင်းစာကို နှစ်စဉ် ထူးချွန်စွာ အောင်မြင်ခဲ့၏။ ဒေါ်မယ်ဖြူသည် မင်းခေါင်အရွယ်ရောက်လာသောအခါ ဘိလပ်သို့ပင် ပို့ပြီး ပညာသင်ယူစေခဲ့၏။

မင်းခေါင်သည် ပညာစုံလင်သောအခါ အိန္ဒိယရှိ ဘုရင်လေတပ်မတော်၌ ဝင်ရောက်အမှုထမ်းခဲ့၏။ ထိုနှစ်မှာပင် မင်းခေါင်၏မိခင် ဒေါ်မယ်ဖြူ ဆုံးပါးသွားခဲ့၏။

မင်းခေါင်သည် အလုပ်တာဝန် များပြားလွန်းသဖြင့် မိခင်၏ နောက်ဆုံးခရီးကိုပင် လိုက်လံပို့ဆောင်နိုင်ခြင်း မရှိချေ။ မင်းခေါင်သည် ဘုရင်မလေတပ်မတော်၌ တာဝန်ထမ်းဆောင်ရင်း များမကြာမီ အိန္ဒိယနှင့် မြန်မာနယ်စပ်၌ ကုန်တင်လေယာဉ်ပျက်ကျပြီး သေဆုံးကြောင်း ကြားသိရ၏။





မင်းခေါင်နှင့်အတူ မြန်မာလူမျိုးနှစ်ယောက်လည်း လေယာဉ်ပျက်ကျရာ၌ ပါသွားခဲ့၏။

ယခင် မင်းခေါင်သေဆုံးပြီး ၁၀ နှစ်နီးပါးကြာသောအချိန်ရောက်ကာမှ သေရွာပြန် မင်းခေါင်ထံမှ စာတစ်စောင်ရောက်ရှိလာ၏။ ထိုစာမှာ

ကျွန်တော့်စာကိုဖတ်ပြီး အဖေ အံ့ဩထိတ်လန့်သွားမယ် ထင်ပါတယ်၊ တကယ်တော့ လေယာဉ်ပျက်ကျပေမယ့် ကျွန်တော် အသက်မသေခဲ့ပါဘူး၊ ဒီနေ့တော့ ကျွန်တော် အဖေနဲ့အရေးတကြီး လာတွေ့ဖို့ အချိန်ရောက်ပါပြီ၊ ဘာကြောင့် အဖေနဲ့တွေ့ဖို့လိုတယ် ဆိုတာ အဖေ ကောင်း ကောင်းကြီး ရိပ်စားမိမှာပါ။ ဒီနေ့ည ပွဲရုံပိတ်ချိန်မှာ ကျွန်တော်ရောက်အောင် လာခဲ့မယ်၊ အဖေ့ပွဲရုံမှာ အလုပ်သမားတစ်ယောက်မှ မရှိအောင် စီမံထားပါး



www.burmeseclassic.com

www.burmeseclassic.com



(မင်းခေါင်)

ဦးမြဒင်သည် သေရွာပြန်မင်းခေါင် ပြန်လည်ရောက်ရှိလာလျှင် မိမိဘဝ အပြောင်းလဲကြီး ပြောင်းလဲတော့မည်ဟု တွေးမိ၏။

ဤစာကို နောက်ပြောင်ကျီစယ်သူများ ရေးလိုက်သည်ဆိုလျှင် မည်မျှကောင်းမည်နည်း။

သို့သော် စာထဲတွင် ပါရှိသောလက်ရေးမှာ သူ၏မယားပါသား မင်းခေါင်၏ လက်ရေးစစ်စစ်ပင် ဖြစ်၏။ မင်းခေါင် မောင်းနှင်လာသော ကုန်တင်လေယာဉ်သည် အိန္ဒိယ-မြန်မာ နယ်စပ်၌ ပျက်ကျခဲ့သည်ဟု ဗြိတိသျှဘုရင်မလေတပ်မှ ထုတ်ပြန်ကြေညာခဲ့၏။

ထိုကြေညာချက်အရ မင်းခေါင်၏ အမွေဆက်ခံသူမှာ ဦးမြဒင်ဖြစ်ခဲ့၏။ မင်းခေါင်၏ မိခင် ဒေါ်မယ်ဖြူသည် သားဖြစ်သူ အသက် (၂၅) နှစ်ပြည့်လျှင် ထုတ်ယူသုံးစွဲရန် ဘဏ်၌ ငွေသား





တစ်သိန်းကို အပ်နှံခဲ့၏။

မင်းခေါင်သည် အသက် (၂၅)နှစ် မပြည့်မီ တစ်လအလို၌ ကွယ်လွန်သွားခဲ့သဖြင့် ဘဏ်ရှိငွေများကို ဦးမြဒင် ဆက်ခံခဲ့၏။

ဦးမြဒင်သည် မင်းခေါင်၏ငွေတစ်သိန်းကို အရင်းတည်၍ ပွဲရုံလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ ဥစ္စာစီးပွားများစွာ ဖြစ်ထွန်းခဲ့၏။

ဦးမြဒင်သည် သူ၏ခေါင်းကို လက်ဖြင့်အုပ်၍

"မင်းခေါင် အသက်ပြန်ရှင်လာရင် ငါ့စီးပွားရေးတွေ ရေစုန်မျောပါပြီ"

ဟု တုန်လှုပ်ချောက်ချားစွာ တွေးလိုက်မိ၏။ မင်းခေါင်ထံမှ ရယူထားသော အမွေများကို ပြန်လည်အပ်နှံရပေတော့မည်။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညသို့ရောက်သောအခါ ဦးမြဒင်သည် အိမ်သို့မပြန်တော့ဘဲ ပွဲရုံအနောက်ရှိ အခန်းကျဉ်းလေး၌ သေရွာပြန်မင်းခေါင်ကို စောင့်ဆိုင်းနေလေ၏။

သူ၏ပွဲရုံမှ အလုပ်သမားများအား အလုံဘက်ရှိ အငြိမ့်ပွဲကြည့်ရန် လွှတ်လိုက်လေ၏။

အလုပ်သမားများထွက်ခွာသွားသောအခါ ပွဲရုံအနောက်ရှိ အခန်းလေး၌ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့၏။





ဦးမြဒင်သည် စာရင်းစာအုပ်ကြီးကိုဖွင့်၍ တွက်ချက်ရန်ကြိုးစားကြည့်၏။ သို့သော် စိတ်လှုပ်ရှားလွန်းသဖြင့် စာရင်းတစ်လုံးမျှ ပေါင်းမရဘဲရှိ၏။

ထို့ကြောင့် စာရင်းစာချုပ်ကို ပြန်ပိတ်ပြီး ဗီရိုထဲမှ အရက်ပုလင်းကို ထုတ်ယူလိုက်၏။

ထိုအခိုက်မှာပင် အခန်းဝမှ အသံကိုကြားရသဖြင့် ခေါင်းမော့ကြည့်လိုက်ရာ ကုတ်အင်္ကျီဝတ်ထားသော လူတစ်ဦးကို မြင်လိုက်ရ၏။

ထိုသူသည် အလင်းထဲသို့ တိုးဝင်လာပြီး သက္ကလတ်ဦးထုပ်ကို ချွတ်လိုက်ရာ ဆယ်နှစ်ကျော်ကြာပျောက်ဆုံးနေသော သေရွာပြန် မင်းခေါင်ဖြစ်နေလေ၏။ ဦးမြဒင်သည် တုန်လှုပ်ချောက်ချားစွာဖြင့်

"မင်းခေါင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်မိ၏။ သူ၏ တစ်ကိုယ်လုံးရှိသွေးများ အေးစက်သွားသယောင် ခံစားလိုက်ရ၏။ မင်းခေါင်၌ ပြောင်းလဲလာသောအရာဟူ၍ ရှည်လျားသော ဆံပင်များသာရှိလေ၏။

မင်းခေါင်သည် သက္ကလတ်ဦးထုပ်ကို စားပွဲပေါ်သို့ ပစ်တင်၍ ဦးမြဒင်ကို အေးစက်သော မျက်လုံးများဖြင့်ကြည့်ပြီး ကုတ်အင်္ကျီအနောက်သို့ လက်ဖြင့်နှိုက်လိုက်၏။

ဦးမြဒင် အထိတ်တလန့် ကြည့်ရှုနေစဉ် မင်းခေါင်၏လက်ထဲ၌ အကောင်းစားအရက်ပုလင်းတစ်လုံးပါလာ၏။

မင်းခေါင်က ဦးမြဒင်ကိုကြည့်၍

“ကျုပ်တို့မတွေ့တာ ၁၀ နှစ်ကျော်ပြီနော်၊ ပြန်တွေ့တဲ့အထိမ်းအမှတ်အနေနဲ့ တစ်ခွက်လောက် သောက်လိုက်ကြရအောင်”

ဟုဆိုကာ အရက်ပုလင်းကိုဖွင့်၍ စားပွဲပေါ်ရှိ ဖန်ခွက်ထဲသို့ ထည့်လေ၏။ ပြီးနောက် ဦးမြဒင်ကို အရက်ခွက်ကမ်းပေးကာ





“သောက်လိုက်ပါဦး”

ဟုဆိုလိုက်၏။

ဦးမြဒင်သည် မိမိ၏လှုပ်ရှားနေသော စိတ်များ ငြိမ်သက်သွားရန် အရက်ကို ဖွပ်ခနဲ မော့ချလိုက်လေ၏။

ဦးမြဒင်၏ ရင်ထဲ၌ ပူနွေးသွားပြီး အနည်းငယ် စိတ်တည်ငြိမ်မှု ရရှိလာကာ

“ဘယ်လိုဖြစ်တာလဲ မင်းခေါင်ရယ်၊ လေယာဉ်ပျက်ကျပြီး မင်းသေပြီဆိုတော့ ငါတော်တော်စိတ်မကောင်းဖြစ်သွားတယ်”

ဟုပြောလိုက်ရာ မင်းခေါင်က ဦးမြဒင်ကို လှောင်ပြောင်ဟန်ဖြင့်ကြည့်၍

“ကျုပ်သေပြီဆိုလို့ တော်တော်စိတ်မကောင်းဖြစ်တယ် ဟုတ်လား၊ နားရှိလို့သာ ကြားရတယ်၊ မယုံနိုင်စရာပဲ”

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဒင်သည် မင်းခေါင်ကို အံ့သြဟန်ဖြင့်ကြည့်၍

"ဘယ်လိုပြောလိုက်တာလဲ မင်းခေါင်ရယ်၊ မင်းအတွက် ပူဆွေးဝမ်းနည်းရတယ်ဆိုတာ တကယ်ပါ၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့ရဲ့ သားတစ်ယောက်ပါပဲ"

ဟုပြောလေ၏။

မင်းခေါင်က သဘောကျဟန်ဖြင့် တဟားဟား ရယ်မော၍

"ဟားဟား… ကျုပ်က ခင်ဗျားရဲ့သားဟုတ်လား၊ အဖေ တစ်ယောက်က သားကို ဘာဖြစ်လို့ ရက်ရက်စက်စက် လုပ်ကြံရ တာလဲ၊ ကျုပ်ကို ဘာဖြစ်လို့ လူပြည်က မောင်းထုတ်ချင်တာလဲ"

ဟုပြောလိုက်ရာ ဦးမြဒင်၏ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး မျက်စိမျက်နှာပျက်ကာ

"ဘယ်လို ပြောလိုက်တာလဲ မင်းခေါင်ရယ်၊ မင်းပြောတာ ငါ နားမလည်နိုင်တော့ဘူး၊ မင်း ငါ့ကို တစ်ခုခု အထင်လွဲနေတာ





ဖြစ်မယ်"

ဟုပြောလိုက်၏။

မင်းခေါင်က ဦးမြဒင်ကို မျက်လုံးများမှေးစင်း၍ကြည့်လိုက်ပြီး

"အထင်လွဲနေတာ မဟုတ်ဘူးဗျ၊ ခင်ဗျား ကျုပ်ကိုလုပ်ကြံတာ ရာနှုန်းပြည့်သေချာတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်က ကျုပ်တို့ လေယာဉ်တက်ခါနီးမှာ ခင်ဗျား စေတနာတွေ ပိုပြီးတော့ သစ်သီးဖျော်ရည်တစ်ဘူး ထည့်ပေးလိုက်တယ်လေ၊ ဒီသစ်သီးဖျော်ရည်ကြောင့် ကျုပ်တို့လေယာဉ် ဒုက္ခရောက်ခဲ့ရတယ်"

ဟုဆိုလိုက်ရာ ဦးမြဒင်သည် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး မင်းခေါင်ကို မဝံ့မရဲကြည့်၍

"အဖေရဲ့ သစ်သီးဖျော်ရည်က ဘာဖြစ်လို့လဲသားရယ်၊ အဖေက စေတနာနဲ့ ထည့်ပေးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်လေ၏။ မင်းခေါင်က ဦးမြဒင်ကို ဒေါသတကြီး ကြည့်၍

"ခင်ဗျား သစ်သီးဖျော်ရည်မှာ အဆိပ်ခတ်ထားတယ်လေ၊ ခင်ဗျားဟာ ကျုပ်လေယာဉ်မောင်းနေတုန်း အဆိပ်ခတ်ပြီး လေယာဉ်ပျက်ကျအောင် စီစဉ်ခဲ့တာပဲ၊ ဒါပေမယ့် ကျုပ် ကံကောင်းချင်တော့ လေယာဉ်ပေါ်က လမ်းပြနဲ့ မှန်ပြောင်းကြည့်တဲ့သူက သစ်သီးဖျော်ရည်ကို အရင်သောက်လိုက်ကြတယ်၊ သူတို့နှစ်ယောက် မရှိမဆန့် ဝေဒနာခံစားပြီး အသက်ဆုံးသွားတော့ ကျုပ်တစ်ယောက်တည်း လေယာဉ်ကို ဘယ်လိုမှ ဆက်မထိန်းနိုင်တော့ဘူး၊ နောက်ဆုံးတော့ အိန္ဒိယ-မြန်မာ နယ်စပ်မှာ လေယာဉ်ပျက်ကျတဲ့ အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့ခဲ့ရတာပဲ၊ ခင်ဗျားဟာ လူသတ်မှု ကျူးလွန်ခဲ့တယ်၊ ခင်ဗျားကြောင့် အပြစ်မဲ့ လူနှစ်ယောက်ရဲ့အသက်ဆုံးရသလို အလွန်တန်ဖိုးကြီးတဲ့ လေယာဉ်တစ်စီး ပျက်စီးခဲ့ရတယ်၊ ကျုပ်လဲ ကံကောင်းလို့





အသက်မသေခဲ့တာပဲ"

ဟုပြောလိုက်ရာ ဦးမြဒင်သည် ကြံရာမရဖြစ်ဟန်ဖြင့် မင်းခေါင်ကို ကြည့်၍

"မင်းခေါင် အဖေ့ကို အထင်မှားနေတာပါကွယ်၊ အဖေက ဘာဖြစ်လို့ သားကို အဆိပ်ခတ်ရမှာလဲ"

ဟုပြောလိုက်လေ၏။ မင်းခေါင်က အံကိုကြိတ်၍

"အမွေအတွက်ကြောင့်ပေါ့ဗျာ၊ ကျုပ်အမေက ကျုပ်အသက် (၂၅) နှစ်ပြည့်ရင် ထုတ်ပေးမယ်ဆိုတဲ့ ငွေတစ်သိန်းကြောင့်ပေါ့ဗျာ၊ ဒီငွေတစ်သိန်းကို ခင်ဗျား လက်တွေ့ထုတ်ယူလိုက်ပြီလေ၊ ဒါဟာ သက်သေပဲပေါ့ဗျာ"

ဟုပြောလိုက်လေ၏။ ဦးမြဒင်က ခေါင်းခါယမ်း၍

"လူလေး မရှိတော့ဘူးထင်လို့ အဖေထုတ်ယူလိုက်တာပါကွယ်၊ လူလေးသာ ရှိနေရင် အဖေမထုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုစောဒက တက်လေ၏။ မင်းခေါင်က ဦးမြဒင်ကို ရှုံ့ရှာ ဟန်ဖြင့်ကြည့်၍

"ဘာပဲဖြစ်ဖြစ် ခင်ဗျားကို လူသတ်မှုနဲ့ အရေးယူအောင် လုပ်ရမယ်"

ဟုပြောလေရာ ဦးမြဒင်က မင်းခေါင်ကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်ရှု၍

"မလုပ်ပါနဲ့ သားရယ်၊ အဖေတောင်းပန်ပါတယ်၊ လူလေး ဆီက ယူထားတဲ့ ပိုက်ဆံတွေကို အဖေ ပြန်ပေးပါမယ်"

ဟုတောင်းပန်လေ၏။

မင်းခေါင်က ဦးမြဒင်၏မျက်နှာကို မုန်းတီးဟန်ဖြင့်ကြည့်၍

"ခင်ဗျားရဲ့ ယုတ်မာကောက်ကျစ်မှုကြောင့် အသက်ဆုံးရ တဲ့ လေယာဉ်ဝန်ထမ်းနှစ်ယောက်ရဲ့ သားသမီးတွေ ကျန်ရစ်ခဲ့တယ်၊ သူတို့ မိသားစုတွေအတွက် ခင်ဗျား လျော်ကြေးပြန်ပေးရမယ်၊





ဘာဒီမှာ ခင်ဗျားအတွက် သေတမ်းစာကို အသင့်ပြင်ဆင်ပြီးယူလာ တယ်၊ ဘဏ်မှာ ခင်ဗျားပိုင်ဆိုင်တဲ့ငွေ ဘယ်လောက်ရှိသလဲ၊ ကျုပ် ကို လိမ်ညာမယ်မကြံနဲ့၊ လိမ်ရင် လူသတ်မှုနဲ့ ခင်ဗျားကြိုးစင်တက်ရ မယ်"

ဟုခြိမ်းခြောက်လိုက်ရာ ဦးမြဒင်သည် အလွန်တုန်လှုပ် ချောက်ချားပြီး

"မလိမ်ပါဘူး လူလေးရယ်၊ ဘဏ်မှာ အဖေ့ပိုက်ဆံ ငါး သောင်းရှိပါတယ်"

ဟုပြောလေ၏။

ထိုအခါ မင်းခေါင်က ဦးမြဒင်၏ သေတမ်းစာ၌ အကြောင်း များ ဖြည့်စွက်လိုက်ပြီး

"ခင်ဗျားရဲ့ငွေငါးသောင်းကို ကျန်ရစ်သူမိသားစု နှစ်စု အတွက် တစ်ယောက် နှစ်သောင်းခွဲစီ ခွဲဝေယူကြဖို့ပေါ့၊ ဒီသေတမ်း



www.burmeseclassic.com

www.burmeseclassic.com



စာမှာ မိသားစုတွေရဲ့ အချက်အလက်တွေကို ကြိုတင်ပြီး တိတိကျကျရေးသားထားတယ်၊ သေသေချာချာဖတ်ပြီးရင် ခင်ဗျား အောက်မှာ လက်မှတ်ထိုးပေတော့"

ဟုဆိုလိုက်ရာ ဦးမြဒင်သည် စိတ်ဆင်းရဲဟန်ဖြင့် စာချုပ်ကို ဖတ်ကြည့်လိုက်ပြီး လက်မှတ်ကို မထိုးချင် ထိုးချင်နှင့် ထိုးလိုက်လေ၏။

မင်းခေါင်သည် ဦးမြဒင် လက်မှတ်ထိုးပြီးသည်နှင့် စာချုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး

"လေယာဉ်ဝန်ထမ်း မိသားစုနှစ်စုအတွက် လျော်ကြေးကိစ္စတော့ ပြီးသွားပြီ၊ ကျုပ်ကို ရက်ရက်စက်စက် သေကြောင်းကြံတဲ့အတွက် လျော်ကြေးယူရဦးမယ်"

ဟုပြောလိုက်ရာ ဦးမြဒင်က ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် ကြည့်၍





"ဘယ်လို လျော်ကြေးယူဦးမှာလဲကွယ်"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ မင်းခေါင်က ဦးမြဒင်ကို ရွံရှာမုန်းတီးဟန်ဖြင့်ကြည့်၍

"ကျုပ်အသက်ကို လုပ်ကြံတဲ့အတွက် ခင်ဗျားအသက်ကို အစားပြန်ပေးရမယ်၊ အသက်အတွက် အသက်လျော်ကြေးပေါ့ဗျာ"

ဟုဆိုလိုက်ရာ ဦးမြဒင်သည် အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး

"မလုပ်ပါနဲ့ လူလေးရယ်၊ အဖေတောင်းပန်ပါတယ်၊ အဖေမှားပါတယ်၊ နောက် ဒီလို မဖြစ်စေရပါဘူး"

ဟုတောင်းပန်လေ၏။ မင်းခေါင်က ဦးမြဒင်၏အမူအရာကို ကြည့်၍ လှောင်ပြောင်လိုက်ပြီး

"ဟားဟားဟား.... ခင်ဗျားအတွက် နောင် ဒီလိုအခွင့်အရေးမျိုး ဘယ်တော့မှ မရနိုင်တော့ဘူး၊ ကျုပ်ကို သစ်သီးဖျော်ရည်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အဆိပ်ခတ်လိုက်သလို ခင်ဗျားကိုလဲ အရက်ထဲမှာ အဆိပ်ခတ်လိုက်ပြီ''

ဟုဆိုလိုက်ရာ ဦးမြဒင်သည် အလွန်တုန်လှုပ်ချောက်ချားသွားပြီး

''ဘာ…အရက်ထဲမှာ အဆိပ်ခတ်ထားတယ်၊ ဟုတ်လား၊ မင်း…မင်း… ရက်စက်လိုက်တာ''

ဟုဆိုပြီး လည်ပင်းကို သူ၏လက်ဖြင့် နှိပ်၍ မျက်လုံးပြူးကျယ်လာ၏။

မျက်နှာတစ်ခုလုံး အရုပ်ဆိုး အကျည်းတန်စွာဖြင့် ရှုံ့မဲ့သွားပြီး ပြိုလဲမတတ်ဖြစ်ကာ စားပွဲခုံကို ဆုပ်ကိုင်ထားရ၏။

''ဘုရား…ဘုရား…ငါ့ရင်ထဲမှာ ပူလာပြီ၊ အန်လဲ အန်ချင်နေတယ်''

ဟုပြောလိုက်ရာ မင်းခေါင်က သဘောကျဟန်ဖြင့် ရယ်





မော၍

''ဟုတ်တယ်၊ ခင်ဗျားကြီး လူ့လောကမှာနေဖို့အချိန် နည်းနည်းလေးပဲ လိုတော့တယ်၊ တိတိကျကျပြောရရင် ၁၀ မိနစ်လောက်ပဲ အချိန်ရတယ်၊ ၁၀ မိနစ်အတွင်း ရန်ကုန်ဆေးရုံကြီးကို ပြေးနိုင်ရင် ခင်ဗျားအတွက် မျှော်လင့်ချက်ရှိတယ်''

ဟုဆိုလိုက်၏။ ဦးမြဒင်သည် လည်ချောင်းကို လက်ဖြင့်ဖိ၍

''အမလေး… ငါရင်တွေပူလိုက်တာ၊ မျက်လုံးတွေလဲ ပြာလာပြီ၊ ဆေးရုံ…ဆေးရုံသွားမှဖြစ်မယ်''

ဟုဆိုကာ ပွဲရုံအပေါက်ဝသို့ ကမူးရှူးထိုး ပြေးထွက်သွားလေ၏။ သို့သော် ပွဲရုံအပေါက်ဝ၌ ဆီပုံးများနှင့် တိုက်မိကာ မြေပေါ်သို့ ပြိုလဲကျလေ၏။ မင်းခေါင်က ဦးမြဒင်၏အမူအရာကို ကြည့်၍ ရယ်မောကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟားဟား... လူယုတ်မာကြီး၊ ခင်ဗျားအတွက် အချိန် မရှိတော့ဘူး၊ ဆေးရုံကို အမြန်ပြေးပေတော့"

ဟုပြောလိုက်လေ၏။





ဦးမြဒင်သည် သေရမှာ ကြောက်ရွံ့လှသဖြင့် လဲနေရာမှ လူးလဲထကာ လမ်းမအတိုင်း ကမူးရှူးထိုး ပြေးသွားလေ၏။

ထိုသို့ပြေးလွှားရင်း မီးမှိတ်၍ မောင်းလာသော ဒေါ့ဂျ်စ်ကားကြီးနှင့် ထိပ်တိုက်တိုးမိသွားလေ၏။ ဦးမြဒင်သည် နာကျင်စွာ အော်ဟစ်ပြီး မြေပေါ်သို့ လွင့်စင်ကျသွားလေ၏။

ထိုမြင်ကွင်းကို ကြည့်ရှုနေသော မင်းခေါင်က ခါးကြားရှိ



www.burmeseclassic.com

www.burmeseclassic.com



အရက်ပုလင်းကိုထုတ်၍ တစ်ငုံသောက်လိုက်ပြီး

"အရက်ထဲမှာ ဘာအဆိပ်မှ ခတ်မထားဘူးဗျ၊ ခင်ဗျားမှာ အကုသိုလ်တွေ သိပ်များနေလို့ ငရဲကို အလိုလိုရောက်သွားတာပဲ"

ဟုတီးတိုးရေရွတ်လိုက်ပြီး ကြောင်နှစ်ကောင်ပွဲရုံရှေ့မှ မြေလှမ်းကြဲကြီးဖြင့် ထွက်ခွာသွားလေ၏။





လွန်ခဲ့သော (၁၀) နှစ် ၁၉၂၅ ခုနှစ်၊ ဇွန်လ (၁၉) ရက်

မင်းခေါင် မောင်းနှင်လာသော လေယာဉ်သည် အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့သို့ ရိက္ခာပစ္စည်းများ ပို့ဆောင်ရန်ထွက်ခဲ့၏။

လေယာဉ်ပေါ်၌ မင်းခေါင်နှင့်အတူ လမ်းပြနှင့် မှန်ပြောင်းကြည့်သူ နှစ်ဦးသာပါရှိ၏။

မင်းခေါင်တို့လေယာဉ် ဟိမဝန္တာတောင်တန်းသို့ ကျော်ဖြတ်နေစဉ် လမ်းပြ အုန်းဖေက မြေပုံစာရွက်ကြီးကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာ တောင်တွေထူထပ်တယ်၊ သတိထားမောင်းမင်းခေါင်"

ဟု သတိပေးလိုက်လေ၏။ ထိုအခါ မှန်ပြောင်းကြည့်သူ စိန်တိုးက အိပ်ငိုက်နေရာမှ ထ၍ နေရာအနှံ့သို့ မှန်ပြောင်းရှည်ကြီးဖြင့် ကြည့်ကာ

"ရာသီဥတု အပြောင်းအလဲမြန်နေတယ်ဟေ့၊ လေယာဉ်တောင်ပံမှာတောင် ဆီးနှင်းတွေ စုပုံနေပြီ"

ဟုပြောလေ၏။

မင်းခေါင်သည် တောင်ကြီးများကိုတစ်လုံးပြီးတစ်လုံး ကျော်ဖြတ်နေရသဖြင့် သတိကြီးစွာထား၍ မောင်းနှင်နေရ၏။ တစ်ခါတစ်ရံ တောင်ကြီးများ ပျောက်ကွယ်သွားပြီး စိမ်းလန်းစိုပြည်သော လွင်ပြင်ကျယ်ကြီးများကို မြင်တွေ့ရပြန်၏။

တစ်ကြိမ်တွင် တောင်ထိပ်ရှိ ဆီးနှင်းများနှင့် လေယာဉ်၏





ဝမ်းဗိုက် ထိလုမတတ်ဖြစ်သွားသဖြင့် မှန်ပြောင်းသမား စိန်တိုးက အထိတ်လန့် အော်ဟစ်လိုက်ပြီး

"လွတ်အောင်မောင်းပါကွ မင်းခေါင်ရ၊ လေယာဉ်ပေါ်မှာ ကုန်တွေအများကြီး တင်ထားတယ်၊ အားလုံး မသာပေါ်ကုန်လိမ့်မယ်"

ဟုပြောလေ၏။ မင်းခေါင်က ရယ်မော၍

"ငါတို့နိုင်ငံက သယံဇာတတွေကို နယ်ချဲ့တွေ ဘယ်လောက်များ တင်ထားသလဲမသိဘူး၊ လေယာဉ်တစ်ခုလုံး ညွှတ်နေတာပဲ"

ဟု ပြောလိုက်လေ၏။

အုန်းဖေက မြေပုံစာရွက်ကြီးကို ချ၍

"ဗိုက်ထဲမှာ ဆာလိုက်တာကွာ၊ ဘာများ စားစရာပါသလဲ"

ဟုမေးမြန်းလေရာ စိန်တိုးက လက်ခါပြ၍



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှ မပါဘူးဟေ့၊ ဒါဂျီလင်ရောက်တော့မှ ချာပါတီနဲ့ ပဲဟင်းစားပေတော့”

ဟုပြောလိုက်လေ၏။ ထိုအခါ အုန်းဖေက မျက်မှောင်ကြုတ်၍

“နေပါဦး၊ လေယာဉ်မတက်မီ သစ်သီးဖျော်ရည်ဘူးတစ်ဘူး ကို ငါတွေ့လိုက်ပါတယ်”

ဟုပြောလေ၏။ ထိုအခါမှပင် မင်းခေါင်က သူ၏ပထွေး ဖြစ်သူ လေယာဉ်ပေါ်တက်ကာနီး ပေးလိုက်သော သစ်သီးဖျော်ရည် ဘူးကို သတိရလိုက်လေ၏။ မင်းခေါင်က ခေါင်းညိတ်၍

“ငါမေ့နေတာကွ၊ လေယာဉ်ပေါ်တက်ကာနီး ငါ့ပထွေး ပေးလိုက်တဲ့ သစ်သီးဖျော်ရည်ဘူးရှိတယ်၊ မင်းတို့သောက်ပေတော့၊ ဒီလူကြီး ငါ့ကို တစ်သက်လုံး ဘယ်တော့မှ ဂရုစိုက်ဘူးတာ မဟုတ်ဘူးကွ၊ အခုမှ စိတ်ကောင်းတွေဝင်ပြီး ငါသောက်ဖို့ သစ်သီး ဖျော်ရည်တွေ ဘာတွေ ပို့ပေးနေတယ်”





ဟုပြောလိုက်ရာ အုန်းဖေက ရယ်မော၍

“မင်းပထွေး စိတ်ကောင်းဝင်တော့လဲ ငါတို့သောက်ရတာ ပေါ့ကွာ၊ တကယ်တော့ ဒီလူကြီးက အကြားအမြင်ပေါက်နေတာ ကွ၊ လေယာဉ်ပေါ်မှာ ငါဗိုက်ဆာနေမယ်ဆိုတာ ကြိုသိလို့ ပို့ပေး လိုက်တာဖြစ်မယ်”

ဟုဆိုကာ သစ်သီးဖျော်ရည်ကို တစ်ငုံသောက်လိုက်လေ၏။ စိန်တိုးက အုန်းဖေ၏လက်ထဲရှိ သစ်သီးဖျော်ရည်ဘူးကို လုယူလိုက် ပြီး

“ဟေ့ကောင် ငါ့ကိုလဲ ပေးဦး”

ဟုဆိုကာ သစ်သီးဖျော်ရည်ကို မော့သောက်လိုက်လေ၏။ မင်းခေါင်က ထိုသူနှစ်ဦးကိုကြည့်၍

“ဟေ့လူတွေ ကျုပ်သောက်ဖို့လဲ ချန်ထားပါဦး”

ဟုနောက်ပြောင်လိုက်လေ၏။ မင်းခေါင်၏စကား မဆုံးမီ



www.burmeseclassic.com

www.burmeseclassic.com



အုန်းဖေ၏မျက်နှာ ရှုံ့မဲ့သွားပြီး

"အမလေး ငါ့ဗိုက်ထဲမှာ ဘယ်လိုဖြစ်တာလဲ၊ ပျို့ချင်အန်ချင် လာပြီ၊ ဖျော်ရည်ထဲမှာ ဘာတွေထည့်ထားသလဲမသိဘူး"

ဟုပြောလေ၏။ စိန်တိုး၏မျက်နှာမှာလည်း ရှုံ့မဲ့သွားပြီး

"ဟာ…ငါ့ဗိုက်ထဲမှာလဲ နာလာပြီ၊ လည်ချောင်းထဲမှာ နင် နေသလိုပဲ၊ ဖျော်ရည်ထဲမှာ အဆိပ်၊ အဆိပ်ခတ်ထားတယ်"

ဟုအော်ဟစ်လေ၏။

မင်းခေါင်သည် အဆိပ်ဟူသောအသံကြောင့် ရင်ထဲမှာ ထိတ် ခနဲဖြစ်သွားလေ၏။

သူ၏ပထွေးသည် မိမိကို ဘယ်သောအခါမျှ ဂရုစိုက်သည် မရှိ၊ ယခု ထူးထူးခြားခြား လေယာဉ်ပေါ်သို့ သစ်သီးဖျော်ရည်ဘူး ပို့ဆောင်ပေးခြင်းသည် အဆိပ်ခတ်လိုက်ခြင်းပေလော။

မင်းခေါင်၏အတွေး မဆုံးမီ အုန်းဖေသည် ထိုင်ခုံပေါ်မှ





ပြုလဲပြီး လေယာဉ်ကြမ်းပြင်ပေါ်သို့ လိမ့်ဆင်းသွား၏။ စိန်တိုးက ပျို့အန်ရန်ကြိုးစားနေရာမှ မျက်နှာတစ်ခုလုံး ရှုံ့မဲ့ပြီး နှုတ်ခမ်းမှ အမြှုပ်တစီစီထွက်လာ၏။

မင်းခေါင်သည် သူငယ်ချင်းနှစ်ဦး မချိမဆန့် ဝေဒနာခံစား ရပုံကိုကြည့်၍

"တောက်…ဦးမြဒင် လူယုတ်မာကြီး၊ ရက်စက်လိုက်တဲ့ လူကြီး၊ ကျုပ်တို့ကို အဆိပ်ခတ်လိုက်တယ်"

ဟုဒေါသတကြီးအော်ဟစ်လိုက်လေ၏။

အုန်းဖေနှင့်စိန်တိုးတို့ နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်သို့ ပြုလဲကျသွားပြီး အသီးသီး ပျို့အန်နေကြ၏။ မင်းခေါင်သည် လေယာဉ်ကို အန္တရာယ်များလှသော တောင်တန်းများပေါ်ဖြတ်၍ မောင်းနှင်နေရသဖြင့် ၎င်းတို့ကို မကူညီနိုင်ချေ။

ထိုအချိန်၌ ၎င်းတို့၏လေယာဉ်သည် ဖွေးဖွေးဖြူနေသော



www.burmeseclassic.com

www.burmeseclassic.com



တိမ်တိုက်ကြီးများကြားသို့ တိုးဝင်နေလေ၏။

မင်းခေါင်သည် လမ်းပြ အုန်းဖေ မရှိဘဲ မိမိတစ်ကိုယ်တည်း လေယာဉ်ပျံကို မောင်းနှင်နေရသဖြင့် အသည်းထိတ်ရင်ဖိုဖွယ်ဖြစ်နေလေ၏။ ထိုသို့ ဖြတ်သန်းရင်း သူ၏မျက်စိရှေ့၌ တောင်ကြီးတစ်လုံး ဘွားခနဲပေါ်လာသဖြင့် လေယာဉ်ပျံကို ကမန်းကတန်း မြှင့်တင်ပျံသန်းလိုက်ရ၏။

လေယာဉ်ပျံ၏ ကိုယ်ထည်နှင့်တောင်ထိပ်ပေါ်ရှိ ဆီးနှင်းများ ထိနိုက်သွားသည်ဟူ၍ပင် ထင်မြင်ရ၏။

မင်းခေါင်သည် အခက်အခဲများကြား၌ လေယာဉ်ကို မောင်းနှင်နေရာမှ သူငယ်ချင်းနှစ်ဦးကို ငုံ့စောင်းကြည့်လိုက်သောအခါ သူတို့ နှစ်ဦးစလုံး မချိမဆန့်ဝေဒနာကို အလူးအလဲခံနေကြရ၏။

ထိုသို့ ခံစားရင်း အုန်းဖေသည် ကိုယ်ခန္ဓာတစ်ခုလုံး တဆတ်ဆတ်တုန်နေရာမှ ငြိမ်သက်သွားလေ၏။

---



ခဏကြာလျှင် စိန်တိုးလည်း အလားတူ ခံစားကာ ငြိမ်သက်သွားကြလေ၏။ မင်းခေါင်သည် သူငယ်ချင်းနှစ်ဦးစလုံး သေဆုံးပြီဟု ယူဆကာ အလွန်ဝမ်းနည်းကြေကွဲသွားမိ၏။

သူ၏ပထွေး ဦးမြဒင်ကိုလည်း ရန်ငြိုးရန်စ ကြီးစွာထားမိလေ၏။

သေကံမရောက် သက်မပျောက်ဘဲ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလျှင် ဦးမြဒင်ကို လက်စားချေမည်ဟု ဆုံးဖြတ်လိုက်၏။

ယခုတော့ မိမိ၏ လေယာဉ်သည် လွန်စွာအန္တရာယ်ကြီးမားသော အခြေအနေသို့ ရောက်ရှိနေလေ၏။

ထိုအခိုက်မှာပင် လေယာဉ်၏အရှေ့၌ လွန်စွာ ကြီးမားသော တိမ်တိုက်ကြီးတစ်ခုကို တွေ့ရလေ၏။

လေယာဉ်ကို တိမ်တိုက်အတွင်းမှ ဖြတ်သန်းရန်၊ တိမ်တိုက်အပေါ်မှ ကျော်ဖြတ်ရန်းဖြင့် ဝေခွဲမရ ဖြစ်နေလေ၏

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်သည် တိမ်တိုက်ကြီးနှင့် တဖြည်းဖြည်း နီးကပ်လာ၏။

နောက်ဆုံး၌ တိမ်တိုက်ကို ကျော်ဖြတ်ရန် ဆုံးဖြတ်လိုက်ပြီး လေယာဉ်ကို အစွမ်းကုန်မြှင့်တင်လိုက်၏။

ထိုအခိုက်မှာပင် မင်းခေါင်သည် တိမ်တိုက်များကြားမှ အလွန်ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်လိုက်ရသဖြင့် မိမိမျက်လုံးကိုပင် မယုံနိုင်အောင် ဖြစ်သွားမိ၏။

ထိုမြင်ကွင်းမှာ တိမ်တိုက်များအကြား၌ လွန်စွာချောမောလှပသော မိန်းမတစ်ယောက်ကို မြင်တွေ့လိုက်ပြီး ထိုမိန်းမက မင်းခေါင်အား ရှေ့ဆက်မသွားရန် လက်ဟန်ခြေဟန်ဖြင့် တားဆီးပြီး မြေအောက်သို့ဆင်းရန် ညွှန်ပြလေ၏။

မင်းခေါင်သည် အလွန်ထူးဆန်းသော မြင်ကွင်းကြောင့် မိမိကိုယ်မိမိ ထင်ယောင်မှားခြင်းပေလောဟု ယူဆကာ သေချာအောင်





ပိုမိုရှုစိုက်ပြီး ကြည့်ရှုလေ၏။

ထိုသို့ကြည့်ရှုသောအခါမှပင် မိန်းမလှ၏အသွင်သဏ္ဌာန်ကို ပိုမိုထင်ရှားစွာ မြင်တွေ့ရပြီး ထိုမိန်းမသည် လွန်စွာရှေးကျသော အဝတ်အစားများကို ဝတ်ဆင်ထားကြောင်း တွေ့ရလေ၏။

မင်းခေါင်သည် မိန်းမလှ၏စကားကို နားမထောင်ဘဲ လေယာဉ်ကို ရှေ့ဆက်မောင်းနှင်ရန် ကြိုးစားလေရာ မိန်းမလှသည် အလွန်စိုးရိမ်သောအမူအရာဖြင့် ရှေ့ဆက်မသွားရန် တားဆီးပြီး လေယာဉ်ကို အောက်သို့ဆင်းနိုင်းလေ၏။

မင်းခေါင်သည် တိမ်တိုက်ထဲရှိ မိန်းမ၏အမူအရာကြောင့် ရာသီဥတုဆိုးဝါးသောအချိန်၌ အန္တရာယ်ရှိကြောင်း ရိပ်စားမိသွားပြီး ထူးဆန်းသောမိန်းမ၏စကားကို နားထောင်ရန် ဆုံးဖြတ်လိုက်လေ၏။

ထူးဆန်းသောမိန်းမသည် မင်းခေါင်၏ရင်ထဲသို့ ထွင်းဖောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်နေဟန်ဖြင့် တိမ်တိုက်များထဲမှ ရွေလျားပြီး မင်းခေါင်၏လေယာဉ်ကို ဦးဆောင် ခေါ်သွားလေ၏။

မင်းခေါင်သည် ထိုမိန်းမ ညွှန်ပြသောနေရာ၌လေယာဉ်ကို ဆင်းသက်ရန် ကြည့်လိုက်သောအခါ မြေပြင်ချောမွေ့နေသော လွင်ပြင်ကျယ်ကြီးတစ်ခုကို တွေ့ရ၏။

မင်းခေါင်သည် လွယ်ပြင်ကျယ်ကြီးသို့ လေယာဉ်ကို ကြိုးစားဆင်းလိုက်သောအခါ အန္တရာယ်တစ်စုံတစ်ရာမရှိဘဲ ဘေးကင်းလုံခြုံစွာဖြင့် မြေပေါ်သို့ရောက်ရှိသွားလေ၏။





လေယာဉ်သည် မြေပြင်နှင့်ထိမိပြီး အနည်းငယ်တုန်ခါသွားသဖြင့် မင်းခေါင် သေဆုံးပြီဟု ထင်နေသော အုန်းဖေနှင့်စိန်တိုးတို့သည် လဲကျနေရာမှ လူးလွန့်လာကြောင်းတွေ့ရလေ၏။

မင်းခေါင်သည် မိမိ၏လေယာဉ် မြေပြင်သို့ အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်သည့်အပြင် သေဆုံးပြီထင်နေသော သူငယ်ချင်းနှစ်ဦး သတိလည်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ချင်းနှစ်ဦးကို ရေအနည်းငယ်စီတိုက်လိုက်သောအခါ နှစ်ဦးစလုံး တအင်းအင်း ညည်းညူ၍ လူးလွန့်လှုပ်ရှားလာကြ၏။

ထိုအခိုက်မှာပင် မင်းခေါင်ရောက်ရှိနေသော ပတ်ဝန်းကျင်၌ ဆူဆူညံညံ အသံများကြားရသဖြင့် ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လိုက်၏။

ထိုအခါ လေယာဉ်နှင့် ပေတစ်ရာမျှ ကွာသောနေရာ၌ လူပေါင်း ငါးဆယ်ခန့် စုရုံးရောက်ရှိနေကြောင်း တွေ့ရ၏။

ထိုလူများသည် အပေါ်ပိုင်းဗလာကျင်းပြီး ခန္ဓာကိုယ် အောက်ပိုင်းကို သားရေပြားဖြင့် ဖုံးအုပ်ထားလေ၏။

၎င်းတို့၏ကျော၌ လေးနှင့်မြားကို သိုင်းလွယ်ထားကြ၏။

ကိုယ်ခန္ဓာအပေါ်ပိုင်းတစ်ခုလုံးကိုလည်း လှပသော ဆေးမင်ကြောင်များ ရေးထိုးထားလေ၏။





ထိုသူများသည် ဟိဝမန္တာတောနက်ကြီးထဲတွင်ရှိသော လူရိုင်းများပင် ဖြစ်ပေသလော။

ထိုလူစုအနက် သန်မာထွားကြိုင်းပြီး ကိုယ်ခန္ဓာ၏အထက်ပိုင်း၌ ပုတီးများဆွဲထားသောလူတစ်ဦးသည် မင်းခေါင်တို့ လေယာဉ်ရှိရာသို့ လျှောက်လှမ်းလာလေ၏။

လူရိုင်းများ၏ ထူးခြားချက်မှာ မင်းခေါင်တို့ရောက်ရှိမည့်အကြောင်း ကြိုတင်သိရှိပြီး သကဲ့သို့ ရှိနေ၏။

လူရိုင်းခေါင်းဆောင်သည် မင်းခေါင်အား တဲတစ်လုံးသို့ ဦးဆောင်ခေါ်သွားလေ၏။ မင်းခေါင်က လူရိုင်းခေါင်းဆောင်အား လေယာဉ်ထဲ၌ မိမိမိတ်ဆွေနှစ်ဦး ကျန်ရစ်ခဲ့ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြောဆိုလေ၏။

ထိုအခါ လူရိုင်းများသည် အုန်းဖေ့နှင့် စိန်တိုးအားလေယာဉ်ပေါ်မှ အောက်သို့ချပေးလေ၏။ လူရိုင်းခေါင်းဆောင်သည် မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com



အား ခြေဟန်လက်ဟန်ဖြင့် တဲတစ်လုံးရှိရာသို့ ခေါ်ဆောင်သွားလေ၏။

တဲအတွင်း၌ မင်းခေါင်တို့စားသောက်ရန် သစ်သီးအမျိုးမျိုးနှင့် နို၊ အသားကင် စသည်တို့ကို ပြင်ဆင်ထားလေ၏။

မင်းခေါင်သည် လူရိုင်းများ ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို ကြည့်၍ ဗိုက်ထဲတွင် ဆာလောင်သွားသော်လည်း အုန်းဖေနှင့် စိန်တိုးတို့ အရေးကို စိတ်မအေးနိုင်သဖြင့် မစားနိုင်ဘဲ ဖြစ်နေလေ၏။

ခဏကြာလျှင် လူရိုင်းအဘွားအိုကြီးတစ်ဦးသည် မြေပေါ်၌လဲနေသော အုန်းဖေနှင့်စိန်တိုးတို့၏ မျက်ခွံများကို လက်ဖြင့်လှန်ကြည့်လေ၏။

ပြီးနောက် ၎င်းတို့၏ ပါးစပ်ကို တရှုံ့ရှုံ့နမ်း၍ အနံ့ခံကြည့်ပြန်၏။ ထိုအဘွားအိုသည် လူရိုင်းအုပ်စု၏ နတ်ဆရာပင် ဖြစ်ပုံရ၏။





လူရိုင်းအဘွားအိုသည် လူနာနှစ်ဦးကို အတန်ကြာအောင် စစ်ဆေးပြီးနောက် သားရေအိတ်ထဲမှ ဆေးမြစ်တစ်ခုကို သွေး၍ ၎င်းတို့နှစ်ဦး၏ ပါးစပ်ထဲသို့ ခွံ့ပေးလေ၏။

ထိုဆေးမြစ်၏အရသာ အလွန်ခါးသောကြောင့် အုန်းဖေတို့သည် မျက်နှာများ ရှုံ့မဲ့နေကြ၏။

သို့သော် အလွန်ထူးခြားဆန်းကြယ်စွာပင် ၎င်းတို့နှစ်ဦးစလုံးသေတွင်းမှ လွတ်မြောက်လာသော လက္ခဏာရှိပြီး မျက်နှာ၌ သွေးရောင်များ ပြန်လည်လွှမ်းမိုးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်သည် သူငယ်ချင်းနှစ်ဦး၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိ၏။ ခဏကြာလျှင် အုန်းဖေသည် အင့်ခနဲ ညည်းညူ၍လဲနေရာမှ ထထိုင်လေ၏။

မင်းခေါင်က အုန်းဖေ၏အနီး၌ ထိုင်၍

"မင်းတို့ ပြန်ကောင်းလာပြီ၊ ဝမ်းသာလိုက်တာကွာ"

ဟုပြောလေ၏။

မင်းခေါင်၏စကားမဆုံးမီ စိန်တိုးလည်း လဲနေရာမှ ထထိုင်





ပြန်၏။ အုန်းဖေသည် ပတ်ဝန်းကျင်ရှိ လူရိုင်းများကိုကြည့်ရှု၍ ထိတ်လန့်သွားပြီး

"ငါတို့ဘယ်ရောက်နေသလဲ"

ဟုမေးမြန်းလေ၏။

မင်းခေါင်က မိမိတို့အခြေအနေကို အတိုချုပ်၍ပြောပြလိုက်၏။ မင်းခေါင်၏စကားကြောင့် စိန်တိုးက အံ့သြဟန်ဖြင့်

"မိန်းမတစ်ယောက်ရဲ့ လမ်းညွှန်မှုကြောင့် လေယာဉ်ကို မြေပေါ်ဆင်းခဲ့တယ်ဟုတ်လား၊ မင်းခေါင် မင်းရဲ့စိတ်တွေ ပုံမှန်မှ ဟုတ်သေးရဲ့လား"

ဟုပြောလေ၏။ မင်းခေါင်က

"ငါ့စိတ်တွေဘာမှမဖြစ်ပါဘူး၊ မင်းတို့စဉ်းစားကြည့်လေ၊ ရာသီဥတု ဆိုးဝါးပြီး ဒီလောက်အန္တရာယ်များတဲ့ ဟိမဝန္တာတောင်တန်းတွေကြားမှာ မင်းတို့နှစ်ယောက်ရဲ့ အကူအညီမပါဘဲ ငါဘယ်



www.burmeseclassic.com

www.burmeseclassic.com

လိုလုပ်ပြီးလေယာဉ်ကို ဆက်မောင်းလို့ရမှာလဲ၊ တိမ်တိုက်တွေကြား ထဲမှာ တောင်ကြီးတွေ တစ်လုံးပြီးတစ်လုံး ပေါ်လာတယ်၊ တကယ် တော့ တိမ်တိုက်တွေထဲမှာ ပေါ်လာတဲ့ ထူးဆန်းတဲ့မိန်းမ ကယ်မှ လို့ ငါတို့သုံးယောက်စလုံး အသက်မသေတာကွ"

ဟု ပြောလေ၏။

အုန်းဖေက ခေါင်းညိတ်၍

"ဒါတော့ ဖြစ်နိုင်တယ်၊ ရာသီဥတု ဆိုးဝါးနေချိန်မှာ မင်း တစ်ယောက်တည်း လေယာဉ်ဆက်မောင်းရင် အန္တရာယ်နဲ့တွေ့ရမှာ ပဲ၊ တောထဲမှာ တွေ့ရတဲ့လူရိုင်းတွေကြည့်ရတာ ငါတို့ကို ရန်မူလိုပုံ မရဘူးကွ"

ဟုပြောလေ၏။

မင်းခေါင်က

"လူရိုင်းအဘွားကြီးတစ်ယောက်ရဲ့ ဆေးကြောင့် မင်းတို့





နှစ်ယောက် အသက်ပြန်ရှင်လာတာပဲ၊ ဘာပဲဖြစ်ဖြစ် လူရိုင်းတွေက မင်းတို့ရဲ့ကျေးဇူးရှင်ဖြစ်နေပြီ၊ အခြေအနေကို မီးစင်ကြည့်ကရမှာပဲ"

ဟုပြောလေ၏။

စိန်တိုးက အံကိုကြိတ်၍

"မင်း ပတွေး လူယုတ်မာကြီးကိုတော့ ငါလုံးဝ မကျေနပ် ဘူးကွာ၊ သစ်သီးဖျော်ရည်ထဲမှာ အဆိပ်ခတ်ထားလို့ငါတို့နှစ်ယောက် သေလုမျောပါး ခံလိုက်ရတယ်၊ ရင်ထဲမှာ အနေခက်လိုက်တာကွ၊ ဗိုက်ထဲမှာ မီးကျီခဲတွေ မျိုထားရသလို ခံစားရတယ်"

ဟုပြောလေ၏။ မင်းခေါင်က လက်သီးဆုပ်၍

"ဒီကိစ္စအတွက် ငါ့တာဝန်ထားပါ၊ မြန်မာပြည်ပြန်ရောက် ရင် လူယုတ်မာကြီးကို လက်စားချေရမှ ငါကျေနပ်မယ်"

ဟုပြောလိုက်လေ၏။

ထိုအခိုက်မှာပင် ၎င်းတို့၏တဲအတွင်းသို့ လူရိုင်းမလေး သုံးဦး



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာသဖြင့် စိန်တိုး၏မျက်နှာ ဝင်းပကြည်လင်သွားပြီး

"ဟိုက်...တောထဲက လူရိုင်းတွေဆိုပေမယ့် မြို့ပေါ်က အချောအလှလေးတွေနဲ့ဘာမှ မခြားပါဘူးကွ၊ ဝတ်ထားဆင်ထားတာလဲ ရင်ခုန်စရာကောင်းလိုက်တာ"

ဟုပြောလေ၏။ စိန်တိုးချီးမွမ်းသကဲ့သို့ပင် လူရိုင်းမလေးသုံးယောက်သည် အသားအရည်ဝင်းဝါစိုပြေပြီး ဆွဲဆောင်အားကောင်းလှ၏။ ၎င်းတို့၏ခန္ဓာကိုယ်ကို လက်တစ်ဝါးမျှရှိသောသားရေပိုင်းကလေးများကိုသာ ဝတ်ဆင်ထားသဖြင့် ဘီလပ်ရှိဘိုမများ ဝတ်ဆင်သော ရေကူးဝတ်စုံနှင့် သဏ္ဍာန်တူလေ၏။ အုန်းဖေက မိန်းကလေးများကိုကြည့်၍

"သူတို့အဝတ်တွေကိုကြည့်ရတာ ဘိလပ်က ရေကူးဝတ်စုံနဲ့ တူတယ်၊ ငါတို့ကို ပြုစုမလို့နဲ့တူတယ်"

ဟု ဝမ်းသာအားရ ပြောဆိုလေ၏။ မိန်းကလေးသုံးယောက်





သည် အစားအသောက်များကို ကျွန်ုပ်တို့စားသောက်နိုင်ရန် ပြင်ဆင်ကျွေးမွေးလေ၏။ စိန်တိုးသည် ပန်းသီးတစ်လုံးကို ဓားဖြင့်စိပ်ကျွေးနေသော မိန်းမလှလေးကိုကြည့်၍

"ငါတော့ တောထဲမှာ ပျော်သွားပြီ၊ ကြည့်စမ်းပါဦး၊ သူ့မျက်နှာလေးက ဘယ်လောက်ချစ်ဖို့ကောင်းသလဲ"

ဟုပြောဆိုနေလေ၏။

အုန်းဖေမှာလည်း စိန်တိုးနည်းတူ သဘောကျနေပုံရ၏။

မင်းခေါင်ကမူ ထိုကိစ္စများ၌ ဝါသနာထုံသူမဟုတ်သဖြင့် မိန်းကလေးများကို သတိကြီးစွာဖြင့် စောင့်ကြည်နေမိ၏။ မိန်းကလေးများသည် နှစ်လိုဖွယ်မျက်နှာလေးဖြင့် သူတို့ သုံးယောက်ကို ကျွေးမွေးပြုစုနေ၏။

မိန်းကလေးများ ပြုစုနေချိန်၌ တဲအတွင်း မည်သည်လူရိုင်းမျှ မရှိကြောင်း တွေ့ရ၏။ ထိုမိန်းကလေးများ၏ အသားအရည်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည် နို့နှစ်ရောင်ကဲ့သို့ ဖြူဝင်းသော အသားအရည် ရှိပြီး မြန်မာ အမျိုးသမီးများထက် ပိုမိုဖြူဝင်းသည်ဟု ထင်ရ၏။

ရုပ်ရည်ရူပကာမှာလည်း ခေတ်ဆန်သော အဝတ်အစား များဝတ်ဆင်ပေးလိုက်လျှင် ရန်ကုန်မြို့ရှိ မိန်းမလှများ အရှုံး ပေးရလောက်၏။

မင်းခေါင်တို့ စားသောက်ပြီးသောအခါ လူရိုင်း အကြီး အကဲသည် တဲအတွင်းသို့ ဝင်လာပြီး လက်ဟန်ခြေဟန်ဖြင့် သူ၏ အနောက်သို့ လိုက်ရန် ဖိတ်ခေါ်လေရာ အကြီးအကဲအနောက် သို့ လိုက်ခဲ့လေ၏။





လူရိုင်းများသည် ကျယ်ပြန့်သော လွင်ပြင်နှင့် လျှိုမြောင် များကို ဖြတ်သန်း၍ နေ့တစ်ဝက်ခရီးမျှ ခေါ်ဆောင်သွားလေ၏။ လူရိုင်းများခေါ်ဆောင်သွားသော ခရီးမှာဝေးလွန်းလှသဖြင့် မင်းခေါင်တို့ လူစုသည် အနည်းငယ် ထိတ်လန့်လာ၏။ စိန်တိုး က လေသံတိုးဖြင့်

"ငါတို့လေယာဉ်ပျံနဲ့ ဝေးတဲ့နေရာကို မသွားချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ထဲမှာ ဆီလုံလုံလောက်လောက် ရှိသေးတယ်၊ ကံကောင်းရင် ဒီနေရာက ထွက်ပြေးလို့ရတယ်"

ဟုပြောလေ၏။ အုန်းဖေက သက်ပြင်းချ၍

"သူတို့က ငါတို့ရဲ့ ရန်သူလား၊ မိတ်ဆွေလား မကွဲပြားသေးဘူး၊ အခြေအနေကို စောင့်ကြည့်ပါဦးကွာ"

ဟုပြောလေ၏၊ မင်းခေါင်ကမူ ဤအရပ်သို့ လေယာဉ်ဆင်းသက်ရန် တိမ်တိုက်များထဲမှ မိမိကို လမ်းညွှန်ပြသူ မိန်းမလှလေးကိုသာ မြင်ယောင်နေမိ၏။ မိန်းမလှလေးကို ဤအရပ်၌ တွေ့ရလိမ့်မည်ဟူ၍လည်း ထင်မြင်နေမိ၏။ အုန်းဖေက တောနက်ကြီးထဲတွင် လမ်းလျှောက်ရင် မင်းခေါင်ဘက်သို့လှည့်ကာ

"ဟဲ ဟဲ… ကိုယ့်လူ တိမ်တိုက်ထဲမှာ တွေ့ရတယ်ဆိုတဲ့ မိန်းမဟာ ငါတို့ကို ပြုစုတဲ့ မိန်းကလေးတွေ လောက်လှရဲ့လား"

ဟုမေးမြန်းလေ၏။ မင်းခေါင်က သက်ပြင်းချ၍





"တိမ်တိုက်ထဲမှာ တွေ့ရတဲ့မိန်းမရဲ့ အလှက ငါတို့ကို ပြုစုတဲ့ မိန်းကလေးတွေထက် အဆပေါင်းများစွာ သာလွန်တယ်"

ဟုပြောလိုက်ရာ အုန်းဖေနှင့်စိန်တိုးက ယုံကြည်ဟန် မရှိဘဲ သဘောကျဟန်ဖြင့် ရယ်လာကြကုန်၏။ မင်းခေါင်က ရယ်မောနေသော သူငယ်ချင်းနှစ်ယောက်ကို ကြည့်၍

"မရယ်နဲ့ သူငယ်ချင်း ငါမရူးသေးဘူး ဆိုရင်တော့ ငါပြောတဲ့စကားအမှန်ပဲဆိုတာ မင်းတို့မကြာခင်တွေ့လိမ့်မယ်၊ ငါစိတ်ထဲမှာ ဟိမဝန္တာတောကြီးမှာတောကြီးထဲမှာ မယုံနိုင်လောက်တဲ့ ထူးခြားဆန်းကြယ်မှုတွေ ကြုံတွေ့ရမယ်လို့ ယုံကြည်တယ်"

ဟုပြောလိုက်ရာ အတန်ကြာသော် လျှောက်လှမ်းသွားပြီး လွင်ပြင်ကျယ်ကြီးတစ်ခုသို့ ရောက်ကာ လွင်ပြင်တစ်နေရာ၌ ရှေးဟောင်းမြို့တစ်မြို့ကို တွေ့လိုက်သဖြင့် မင်းခေါင်တို့ အားလုံး အံ့သြသွားလေ၏။ ရှေးဟောင်းမြို့တစ်၏ မြို့ရိုးမှာ မန္တလေးမြို့



www.burmeseclassic.com

www.burmeseclassic.com



၏ မြို့ရိုးနှင့် သဏ္ဌာန်တူပြီး၊ မြို့ရိုး၌ ကျုံးပတ်လည်ဝိုင်းနေ၏။

ကျုံးကို ဖြတ်သန်းနိုင်သော တံတားအား စက်သီးဖြင့် ရွေ့လျားနိုင်အောင် တပ်ဆင်ထားလေ၏။ မင်းခေါင်က လွင်ပြင် ကျယ်ရှိသော ရှေးဟောင်းမြို့ကြီးကို အံ့သြဟန်ဖြင့် ကြည့်၍

"တောခေါင်ခေါင်မှာ မြို့တည်ထားပါလား၊ အံ့သြဖို့ ကောင်းလိုက်တာ ငါတို့ အိပ်မက်များ မက်နေလား"

ဟုရေရွတ်လေ၏။ အုန်းဖေနှင့် စိန်တိုးမှာလည်း ရှေးဟောင်းမြို့ကြီးကို အံ့သြဟန်ဖြင့် ကြည့်ရှုနေကြ၏။ မင်းခေါင်တို့သည် လူရိုင်းအကြီးအကဲ၏ နောက်မှ တအံ့တသြလိုက်လံ ကြည့်ရှုလေရာ ကျုံးတံတားကို ဖြတ်သန်းပြီး မြို့ထဲသို့ ရောက်သွားလေ၏။ မြို့ထဲသို့ ရောက်သောအခါ ကျယ်ဝန်းသော လမ်းမကြီးပေါ်တွင် လူနေအိမ်များ စီစီရီရီ ဆောက်လုပ်ထားကြောင်း တွေ့ရလေ၏။ မြို့တစ်နေရာသို့ ရောက်သောအခါ နန်းတော်





နှင့်တူသော အဆောက်အဦကြီးကို တွေ့ရလေ၏။ လူရိုင်းအကြီးအကဲသည် မင်းခေါင်တို့အား နန်းတော် လှေကားပေါ်သို့ တက်ရန် လက်ခြေဟန်ဖြင့် ပြောလေ၏။ ထိုနန်းတော်၏ ထူးခြားချက်မှာ မှန်စီရွှေချထားခြင်းမရှိဘဲ မှိုင်းညို့သော အနီရင့်ရောင်များကိုသာ သုတ်လိမ်းထားလေ၏။ နန်းတော်၏အတွင်း၌ ရာဇပလ္လင်ကဲ့သို့သော စင်မြင့်ရှိ၏။ ထိုစင်မြင့်ကို ကျောက်ဖြူသားဖြင့် ပြုလုပ်ထားလေ၏။ ထိုစင်မြင့်ပေါ်၌ လွန်စွာရှားပါးသော ကျားသစ်ရေ တစ်ချပ်ကို ခင်းကျင်းထားလေ၏၊ ထိုအခိုက်မှာပင် ရာဇပလ္လင် အနောက်မှ သာယာသော စောင်းတူရိယာ အသံကို ကြားရလေ၏။ စောင်းတူရိယာ အသံကို ကြားရပြီး၊ ရာဇပလ္လင် အနောက်မှ တံခါး ဖွင့်လာကာ၊ လွန်စွာချောမောလှပသော ဘုရင်မ ထွက်ပေါ်လာ၏။ ဘုရင်မ တစ်ကိုယ်လုံးတွင် ရွှေနှင့်တူသော လက်ဝတ်ရတနာများကို မြောက်မြားစွာဝတ်ဆင်ထား၏၊ မင်းခေါင်သည် ဘုရင်မ၏



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သေချာစွာကြည့်ရှုပြီး အလွန် စိတ်လှုပ်ရှားကာ

“ငါတို့ တိမ်တွေပေါ်မှာ ဖိတ်ခေါ်တဲ့ မိန်းမက ဘုရင်မပဲ”

ဟုတီးတိုးပြောလိုက်၏။ မင်းခေါင်စကားကြောင့် အုန်းဖေ

နှင့် စိန်တိုးသည် လွန်စွာအံ့သြသွားပြီး အုန်းဖေက

“ဟုတ်ရဲ့လားကွာ၊ လူချင်းတူလို့လား”

ဟုမေးမြန်းလိုက်လေ၏၊ စိန်တိုးကလည်းယုံကြည်ဟန်မရှိဘဲ

“သေချာရဲ့လားကွာ”

ဟုမေးမြန်းလိုက်လေ၏၊ မင်းခေါင်က ခေါင်းညိတ်၍

“တိမ်ပေါ်မှာ တွေ့ရတဲ့မိန်းမက ဘုရင်မအစစ်ပါ၊ သူ့ရဲ့

ပုံရိပ်ကို ငါဘာဖြစ်လို့ တိမ်ပေါ်မှာ တွေ့ရသလဲမသိဘူး”

ဟုရေရွတ်နေလေ၏။





လွန်စွာချောမောလှပသော ဘုရင်မသည် မည်သည့်စကား

ကိုမျှမဆိုဘဲ မင်းခေါင်တို့လူစုကို ကြင်နာရိုရိုကြည့်ရှုနေလေ၏။

ဘုရင်မ ရောက်ရှိပြီးနောက် လူရိုင်းအကြီးအကဲက ရိုသေစွာ ဦးညွှတ်

လိုက်ပြီး မင်းခေါင်တို့ကို ထိုင်ရန် အချက်ပြလေ၏။ မင်းခေါင်တို့

လူစုနေရာ ယူပြီးသောအခါ တီးသံမှုတ်သံများကို ကြားလိုက်ရပြီး

ဗုံ၊ မောင်းကွင်း၊ နှဲစသော တူရိယာများကို ကိုယ်တိုင်တီး



www.burmeseclassic.com

www.burmeseclassic.com



ခတ်လာသော မိန်းမလှလေးများကို တွေ့ရလေ၏။ မိန်းမလှလေး များအနက် မိန်းမလှလေး သုံးယောက်သည် နွဲ့နှောင်းစွာ ကခုန်ပြီး၊ လျှောက်လှမ်းလာ၏၊ ထိုအချိန်၌ နတ်ဆရာတစ်ဦးသည် မင်းခေါင် တို့ လူစုအနီးသို့ရောက်ရှိလာပြီး၊ အမွှေးနံ့သာများဖြင့် ပက်ဖြန်း လေ၏။ မိန်းမလှလေး သုံးယောက်သည် ကျွန်ုပ်တို့လူစုကို ဝိုင်းပတ်၍ ကခုန် ကြလေ၏။ မိန်းမလှလေးများ၏ မပေါ်တပေါ် အဝတ်အစားများကိုကြည့်၍ အုန်းဖေနှင့်စိန်တိုးတို့သည် သဘောကျ ဟန်ရှိလေ၏။ နတ်ဆရာသည် မင်းခေါင်တို့ သုံးယောက်အရှေ့၌ ရပ်၍ တစ်စုံတစ်ရာကို ရွတ်ဆိုနေလေ၏။ မင်းခေါင်သည် ပလ္လင် ထက်၌ ထိုင်နေသော ဘုရင်မကိုသာ မျက်တောင်မခတ်တမ်း ကြည့်နေမိ၏။ ထိုမိန်းမသည် တိမ်တိုက်ပေါ်တွင်မြင်ရသော မိန်းမ အစစ်အမှန်ဖြစ်လေ၏။ သူမသည် အဘယ်ကြောင့် မိမိကို ဤအရပ် ၌ လေယာဉ်ဆင်းသက်ရန် ခိုင်းစေသနည်း။ ပလ္လင်ထက်၌ရှိသော





ဘုရင်မသည် မင်းခေါင် တို့လူစုတို့ သုံးယောက်ကို ကြွေရရ ကြည့်ရှု၍ နတ်ဆရာအား ၄င်းတို့ဘာသာဖြင့် တစ်စုံတစ်ရာကို မှာကြားလိုက်လေ၏။

ပြီးနောက် ပလ္လင်ပေါ်မှ ဆင်း၍ အနောက်ဘက် အပေါက် မှ ထွက်ခွာသွားလေ၏။ ဘုရင်မထွက်ခွာသွားသောအခါ နတ် ဆရာက မင်းခေါင်တို့ကို နန်းတွင်းရှိ အဆောင်တစ်ခု၌ နေရာချ ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်တို့သည် နန်းတော်အတွင်းရှိ အခန်း(၃)ခန်း၌ တစ်ဦးစီနေထိုင်ရလေ၏၊ မင်းခေါင်သည် အုန်းဖေနှင့်စိန်တိုးကို ခေါ်ယူလိုက်ပြီး

“ဒီအချိန်ကစပြီး၊ ငါတို့အားလုံး လူရိုင်းတွေရဲ့ ညွှန်သည်တွေလို အကျဉ်းသားတွေလိုလို ဖြစ်ကုန်ပြီ၊ မင်းတို့သတိရှိစေချင်တယ်”





ဟုပြောလိုက်ရာ စိန်တိုးက ရယ်မော၍

“ငါတို့ကို ဧည့်သည်တော်တွေကို သဘောထားတာ သေချာပါတယ်ကွာ၊ ဒါကြောင့် သိပ်လည်းမစိုးရိမ်ပါနဲ့”

ဟုပြောလေ၏။ အုန်းဖေကလည်း

“ဒီမြို့ဟောင်းမှာ တွေ့သမျှ မိန်းကလေးတွေက အချော အလှလေးတွေ ဖြစ်နေလို့ ငါတော့ ငြီးငွေ့တယ်မရှိဘူး”

ဟုဆိုလိုက်ရာ စိန်တိုးကလည်း ဝင်ရောက်ထောက်ခံလေ၏၊ မင်းခေါင်က သူငယ်ချင်း နှစ်ဦးကို ကြည့်၍

“ဒီမှာ ခင်ဗျားတို့ နှစ်ယောက်လုံးကျုပ်ထက် အသက်တွေ အများကြီးကြီးတယ်၊ အိမ်ထောင်တွေလည်း ရှိတယ်၊ သားသမီးတွေလည်း ရှိကြတယ်၊ ဒါတောင်ဘာဖြစ်လို့ မိန်းမတွေကို မက်မော နေတာလဲ။ ဒီအရပ်မှာ ပေါ့ပေါ့နေဖို့ မကြိုးစားနဲ့ တိမ်တိုက်တွေကြားမှာ ကျုပ်တို့ကို မြေပြင်ဆင်းဖို့ဖိတ်ခေါ်ခဲ့တာ ဘုရင်များ၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် သေသေချာချာ မှတ်မိတယ်''

ဟုပြောလေ၏။ စိန့်တိုးတို့က မင်းခေါင်တို့ ယုံကြည်ဟန်မရှိဘဲ

''ငါတော့ မင်းထင်ယောင်ထင်မှား ဖြစ်ခဲ့တာဖြစ်မယ်၊ မိန်းမ တစ်ယောက်က ပေပေါင်းထောင် ချီမြင့်တဲ့ မိုးကောင်းကင်ပေါ်သို့ဘယ်လိုလုပ်ပြီးတက်နိုင်မှာလဲကွ၊ မင်းပြောတာ သဘာဝမကျဘူး''

ဟုပြောလေ၏။ စိန်တိုး၏ စကားကြောင့် အုန်းဖေက ဝင်ရောက်၍

''ဟုတ်တယ်၊ မင်းခေါင် မင်းစကားတွေက ယုတ္တိမရှိဘူး၊ မင်းကို လိမ်ညာနေတယ်လို့ စွပ်စွဲနေတာ မဟုတ်ဘူး၊ ဒါပေမယ့် မင်းက ကယောင်ချောက်ချား ဖြစ်သွားတာ သေချာပါတယ်''

ဟုပြောလေ။ မင်းခေါင်က ခေါင်းခါယမ်း၍





''ကျုပ်ကယောင်ချောက်ချားဖြစ်တာ မဟုတ်ဘူး၊ မျက်လုံးထဲမှာ သေသေချာချာကို မြင်ခဲ့တာဗျ၊ ကျုပ်တော့ ဒီမြို့ဟောင်းက လူတွေကို တစ်ယောက်မှ မယုံဘူး၊ ဒီအရပ်မှာ မယုံနိုင်လောက်တဲ့ ထူးခြားဆန်းကြယ်မှုတွေ အများကြီးတွေ ရှိမယ်လို့ထင်တယ်၊ ကျုပ်တို့လူစုလေယာဉ်ရှိတဲ့ နေရာနဲ့ ဝေးကွာသွားတာ မကောင်းဘူး၊ လေယာဉ်နဲ့ ကျုပ်တို့ အနီးဆုံး မှာပဲရှိနေချင်တယ်၊ ဖြစ်နိုင်ရင် ဒီအရပ်က လေယာဉ်ကို အမြန်ဆုံးပျံတက်ချင်တယ်''

ဟုပြောလေ၏။ အုန်းဖေ ခေါင်းခါယမ်း၍

''ငါတော့ သိပ်မစိုးရိမ်တော့ဘူး၊ ဒီအရပ်ဟာ ထူးခြားဆန်းကြယ်မှုတွေ ရှိနိုင်တယ်ဆိုပေမဲ့ လူရိုင်းတွေကို ကြည့်ရတာ ယဉ်ကျေးမှု မရှိတဲ့ ရိုင်းပြတဲ့ လူမျိုးတွေမဟုတ်ဘူး၊ သူတို့ ဘုရင်မရဲ့ နန်းတော်ကို ဆောက်ထားတဲ့ ဗိသုကာလက်ရာတွေကို ကြည့်ရင် သိသာပါတယ်၊ တောထဲမှာ သစ်ခက်လေးတွေကို တဲလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လူသားစားတဲ့ အရိုင်းအစိုင်းတွေမဟုတ်ဘူး''

ဟုပြောလေ၏၊ အုန်းဖေ၏ စကားကို စိန်တိုးက ထောက်ခံလေ၏။ မင်းခေါင်က ၄င်းတို့နှစ်ဦး ခေါင်းမာပုံကို ကြည့်၍ စိတ်မောဟန်ဖြင့် သက်ပြင်းချလိုက်ပြီး

''ခင်ဗျားတို့ ကျုပ်ထက်အသက်ကြီးပါတယ်ဗျာ၊ ကျုပ်တို့ စည်းစည်းလုံးလုံးနဲ့ အန္တရာယ်ကို ကြည့်ရှောင်ကြပါ၊ ကျုပ်တို့ တိုင်းပြည်ပြန်ဖို့ အရေးကြီးတယ်''

ဟုပြောပြီး အသီးသီးလမ်းခွဲလိုက်ကြလေ၏။





၄င်းတို့ သည် အခန်းအသီးသီးသို့ ဝင်ကာ ခဏတာမျှ အိပ်စက်ကြလေ၏။ နန်းတော်အတွင်းလူများ အိပ်စက်ရန် သစ်သား ဖြင့် ပြုလုပ်ထားသော ခုတင်နှင့်ခေါင်းအုံးများကို တွေ့ရ၏၊ သစ်သားခေါင်းအုံးများကို တိရစ္ဆာန်သားရေဖြင့် မွမ်းမံထား၏။ ညဘက်အလင်းရောင်အတွက် တိရစ္ဆာန်အဆီဖြင့် ထွန်းညှိသော မီးအိမ်ခွက်များရှိ၏။

ထိုနေ့ညသို့ရောက်သောအခါ ၄င်းတို့ အခန်းသီးသီးသို့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေး တစ်ဦးစီရောက်ရှိလာပြီး ညစာကို ပြင်ဆင်ကျွေးမွေးလေ၏။ ထိုသို့ကျွေးမွေးရာတွင် အိမ်သူဇနီးက မိမိလင်သားအပေါ် ကျွေးမွေးပြုစုသကဲ့သို့ ကြင်နာယုယစွာပြုလေ၏။ ထို့ကြောင့် အုန်းဖေနှင့် စိန်တိုးသည် မိန်းမလှလေးများ၏ ပြုစုယုယမှုများကို လွန်စွာသဘောကျပြီး ပျော်တပြုံးပြုံး ဖြစ်နေလေ၏။ မင်းခေါင်ကမူ မိမိကို ကျွေးမွေးပြုစုသော မိန်းကလေးများအား ဣန္ဒြေရရဆက်ဆံလေ၏။

အုန်းဖေနှင့်စိန်တိုး၏ အခန်းအသီးသီး၌ ရှိသော မိန်းမလှလေးနှစ်ဦးသည် စိန်တိုးတို့ စားသောက်ပြီးသောအခါ စားသောက်ဖွယ်ရာများကို သိမ်းဆည်းရန် ၎င်းတို့ကို အဖော် မိန်းကလေးများကို ခေါ်ယူလိုက်၏။ ပြီးနောက် အုန်းဖေတို့အား ယမကာတစ်မျိုးဖြင့် ဧည့်ခံလေ၏။ အုန်းဖေနှင့် စိန်တိုးသည် မိန်းမလှလေးများ တိုက်ကျွေးသော ယမကာများကို သောက်သုံး၍ မူးယစ်ရီဝေ





ပြုလေ၏။ မင်းခေါင်ကမူ မိန်းမလှလေးများ တိုက်ကျွေးသော ယမကာများကို မသောက်ရန် လက်ဟန်ခြေဟန်ဖြင့် ငြင်းဆိုပြီး မိန်းကလေးများကို အခန်းထဲမှ ပြန်ရန်မောင်းနှင်ထုတ်လေ၏။ မိန်းမလှလေးက မောင်းနှင်မှုကြောင့် ထိတ်လန့်ဟန်ဖြင့် မျက်လုံးပြူးပြီး လက်ဟန်ခြေဟန်ဖြင့် လည်ပင်းဖြတ်၍ အသတ်ခံရမည်ဖြစ်ကြောင်း ပြောဆိုလေ၏။

မင်းခေါင်သည် မိန်းမလှလေး၏ အမူအရာကြောင့် လွန်စွာစိတ်ပျက်လက်ပျက်ဖြစ်သွား၏။ မိန်းမကိစ္စနှင့် ပက်သက်လျှင် လွန်စွာ ဝါသနာထုံသော အုန်းဖေနှင့် စိန်တိုးတို့ အတွက်လည်း စိုးရိမ်မကင်း ဖြစ်ရလေ၏။ အုန်းဖေနှင့် စိန်တိုးသည် မင်းခေါင် မျှော်လင့်သည့်အတိုင်းပင် မိန်းမလှလေးများနှင့် အိပ်စက်ရမည် ဆိုသဖြင့် အလွန်ပျော်ရွှင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖွင်းတို့သည် ဟိမဝန္တာတောကြီးထဲရှိ ထူးဆန်းသည့် နိမ္မာန်ဘုံသို့ ရောက်ရှိနေသည်ဟူ၍ပင် ထင်မြင်နေလေ၏။ အုန်းဖေသည် မိန်းမလှလေးတစ်ဦးကို ပွေ့ဖက်လိုက်၏။ မိန်းမလှလေးသည် ရှန်းကန်ခြင်းမရှိဘဲ အုန်းဖေ၏ ရင်ခွင်ထဲသို့ ပြုလဲကျလာလေ၏။

စိန်ကိုးသည် အုန်းဖေကဲ့သို့ နိမ္မာန်ဘုံသို့ရောက်ရှိနေလေ၏။ မိန်းမလှလေးများကို ပွေ့ဖက်ပြီး အချစ်နယ်ကျွံရန် ကြိုးစားလေ၏။





မိန်းမလှလေးများသည် ရှန်းကန်ခြင်းမရှိဘဲ စိန်ကိုးပြုသမျှ လက်ခံလေ၏။ ထိုအချိန်၌ မင်းခေါင်သည် မိန်းမ လှလေးကို အခန်းထောင့်၌ အိပ်စက်ရန် ပြောဆိုပြီး သစ်သားခုတင်၌ မိမိတစ်ကိုယ်တည်း လဲလျောင်းလိုက်လေ၏။ ထိုသို့ လဲလျောင်းရင် စိန်ကိုးနှင့် အုန်းဖေတို့ကို များစွာ စိုးရိမ်မကင်း ဖြစ်နေလေ၏။ စိန်ကိုးတို့သည် မိန်းကလေးများနှင့် ပက်သက်လျှင် စည်းစောင့်ကြသူများ မဟုတ်ကြဘဲ အခွင့်အရေးရလျှင် ကျူးလွန်မှာ သေချာ၏။

မိန်းမလှလေးများသည် မိမိတို့အတွက် ကြောက်မက်ဖွယ်ရာ ထောင်ချောက်တစ်ခုဖြစ်နိုင်၏။ ထို့ကြောင့် အိပ်ရာမှ ဝုန်းခနဲထ၍ စိန်ကိုးနှင့် အုန်းဖေ၏ အိပ်ခန်းများရှိရာသို့ ထွက်ခဲ့ပြီး အုန်းဖေ၏တံခါးကိုဦးစွာခေါက်လိုက်၏။ အုန်းဖေသည် အနှောင့်အယှက်များပေါ်လာသဖြင့် ဒေါသတကြီးဖြင့်

"ဘယ်သူလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်လေ၏၊ မင်းခေါင်က အံကို ကြိတ်၍

"ကျုပ်ပါ တံခါးဖွင့်ပါဦး"

ဟုပြောလိုက်လေ၏၊ အုန်းဖေသည် မင်းခေါင်၏ ခေါ်သံကြောင့် မိမိ၏ စည်းစိမ်ပျက်စီးမှာ စိုးရိမ်သဖြင့်

"ငါအိပ်နေပြီဟေ့၊ မနက်ကျမှ လာပေတော့"

ဟုပြောလေ၏၊ မင်းခေါင်က အကြိမ်ကြိမ် ခေါ်သော်လည်း အုန်းဖေသည် တံခါးကို ဖွင့်မပေးခဲ့ချေ၊

မင်းခေါင်သည် အုန်းဖေ၏ အပြုအမူကြောင့် စိတ်ပျက်လက်ပျက်ဖြင့် စိန်တိုး၏ တံခါးကို ခေါက်ပြန်၏၊ စိန်တိုးသည်လည်း အုန်းဖေကဲ့သို့ပင် တုံ့ပြန်ပြီး မိမိကိုတံခါးမဖွင့်ပေးကြောင်းတွေ့ရ၏။ မင်းခေါင်ကလည်း တံခါးကို ဒေါသတကြီးဖြင့် တဒုန်းဒုန်းထု၍

"ခင်ဗျားတို့နှစ်ယောက်လုံး ဒုက္ခရောက်လိမ့်မယ်၊ အသက်ကြီးမှ ရမ္မက်ကြီးတဲ့သူတွေ ကြပ်ကြပ်သတိထားပေတော့





မြန်မာပြည်မှာ သားတွေမယားတွေ ကျန်ခဲ့တာ မေ့နေပြီလား"

ဟုဒေါသတကြီးအော်ဟစ်လိုက်လေ၏။

မင်းခေါင်သည် သူ၏ အိပ်ခန်းအနီးသို့ ပြန်ရောက်လာ၏၊ မိန်းမလှလေးသည် နှစ်သိမ့်သောသဘောဖြင့် မင်းခေါင်ကို ပွေ့ဖက်လိုက်၏။ မင်းခေါင်ကမိန်းမလှလေးကို ဒေါသတကြီး ဆောင့်တွန်း၍

"ငါ့နားမလာနဲ့"

ဟုတားဆီးလိုက်လေ၏။

မိန်းမလှလေးသည် မင်းခေါင်ကို နားမလည်ဟန်ဖြင့် ကြည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ မင်းခေါင်သည် စိန်တိုးနှင့် အုန်းဖေကို ခေါ်၍

"ခင်ဗျားတို့ ဘယ်လိုလုပ်တာလဲ၊ အသက်တွေလဲ ကြီးတယ်၊ မြန်မာပြည်မှာကျန်ခဲ့တဲ့ အိမ်သူဇနီးမယားတွေကို သစ္စာဖောက်နေပြီးလား"

ဟုမေးမြန်းလိုက်လေရာ အုန်းဖေက မင်းခေါင်ကို မကျေမချမ်းကြည့်၍





"မင်းကိုယ်မင်း သူတော်ကောင်းလုပ်မနေနဲ့၊ တောကြီးမြက်မည်းထဲမှာ ငါတို့ ဘာကိုသစ္စာထားနေရမှာလဲ၊ လူဆိုတာ ရောက်တဲ့နေရာမှာ ပျော်သလိုနေမှာ"

ဟုပြောလေ၏၊ စိန်တိုးကလည်း ဝင်ရောက်၍

"ငါတို့ဒီနေရာက ဘယ်တော့မှ လွတ်မြောက်မှာလဲ၊ ငါတို့ ဘဝမှာ မျှော်လင့်ချက်မရှိတော့ဘူးကွ၊ ဒီနေရာနဲ့မြန်မာပြည်က အဝေးကြီးကွ"

ဟုပြောလေ၏၊ မင်းခေါင်က ခေါင်းခါယမ်း၍

"ကျုပ်တို့ တစ်ချိန်ချိန်မှာ ပြန်လည်လွတ်မြောက်မှာပေါ့၊ ကျုပ်တို့ လေယာဉ်အကောင်းကြီးရှိသေးတယ်၊ ဒီအရပ်က မိန်းကလေးတွေနဲ့ ကာမကိစ္စရှုပ်ထွေးနေရင် ခင်ဗျားတို့အတွက် ပြန်လမ်း ရှိမှာမဟုတ်ဘူး၊ မိန်းကလေးတွေက ထောင်ချောက်တွေ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ အုန်းဖေက ခေါင်းခါယမ်း

"မင်းရဲ့ သဘောထားကို ငါတို့လက်မခံဘူး၊ ငါတို့က ဒီအရပ်မှာ ညွှံ့သည်တွေပါ၊ ညွှံ့သည်တွေက အိမ်ရှင်တွေကို မစော်ကားရဘူး၊ မိန်းကလေးတွေ ကိုယ်တိုင် ငါတို့နဲ့ အတူနေဖို့ စိတ်အားထက်သန်နေတာကွ"

ဟုပြောလိုက်၏။ မင်းခေါင်သည် အုန်းဖေနှင့် စိန်တိုးအား သဘောထားချင်း မတိုက်ဆိုင်သဖြင့် ဆက်လက်ဆွေးနွေးရန် ဆန္ဒမရှိတော့ချေ။ ထိုအချိန်မှစ၍ မင်းခေါင်နှင့်စိန်တိုးတို့ နှစ်ယောက် သဘောထားကွဲလွဲကြလေ၏၊ မင်းခေါင်၏ အိပ်ခန်းသို့ မိန်းမလှလေးများ တစ်နေ့ပြီးတစ်နေ့ အတူတူလာရောက်အိပ်စက်လေ၏။

အုန်းဖေနှင့် စိန်တိုးသည် မိန်းမလှလေးများနှင့် အတူယှဉ်တွဲ အိပ်စက်သော်လည်း မင်းခေါင်သည် သူ၏ အဖော်မိန်းကလေးကို လက်ဖျားနှင့်ပင် တို့ထိခြင်းမရှိခဲ့ချေ၊ မင်းခေါင်တို့သည် နံနက်





မိုးလင်းသည်နှင့် နန်းတော် ပတ်ဝန်းကျင်ကို လှည့်ပတ်သွားလာရန် ကြိုးစားကြ၏၊ သို့သော် နန်းတော်ရှိ အစောင့်များသည် မင်းခေါင်တို့အား နန်းတော်ပြင်ပသို့ ထွက်ခွင့်မပြုဘဲ နန်းတော်၌သာ နေထိုင်စေ၏။

မင်းခေါင်သည် လူရိုင်းများက မိမိတို့ကိုယဉ်ယဉ်လေးနှင့် ဖမ်းဆီးထားကြောင်းရိပ်စားမိသွားလေ၏။ မင်းခေါင်သည် စိန်တိုးနှင့် အုန်းဖေကို ခေါ်၍ တိုင်ပင်လေရာ စိန်တိုးက ခေါင်းညိတ်၍

"ဟုတ်တယ်၊ လူရိုင်းတွေက ငါ့တို့ကို ညွှံ့သည်တွေလို သဘောထားပြီး ကောင်းကောင်းညွှံ့ခံပေမယ့် ငါတို့သွားချင်တဲ့ နေရာကို သွားခွင့်မပြုဘူး"

ဟုပြောလေရာ အုန်းဖေက သက်ပြင်းချ၍

"ငါတို့ ဘာများတတ်နိုင်မှာလဲ၊ မီးစင်ကြည့်ကရမှာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထိုအခါ မင်းခေါင်က

"ခင်ဗျားတို့ မိန်းမတွေနဲ့ပဲ ဒီလိုပဲပျော်နေမှာလား၊ ကိုယ်ရဲ့ လွတ်မြောက်ရာလမ်းကို ကြိုးစားပါ၊ ကျုပ်တို့ကို တစ်ချိန်ချိန်မှာ အန္တရာယ်ပြုတော့မယ်လို့ ယုံကြည်နေတယ်"

ဟုပြောလေ၏။ ထိုအခါမှပင် မင်းခေါင်တို့ သုံးဦးသည် တစ်ဦးနှင့်တစ်ဦး ပြန်လည်စည်းရုံးမှုရှိသွားလေ၏၊ မည်သို့ပင်ဖြစ်စေ၊ အုန်းဖေနှင့် စိန်တိုးသည် မိန်းမလှလေးများ၏ မာယာတော၌ ပျော်မွေ့နေဆဲဖြစ်၏၊ မိန်းမလှလေးများ လာရောက် အိပ်စက်ပြီး ငါးရက်မြောက်သောနေ့တွင် မင်းခေါင်သည် မိမိ၏ အနီးသို့ အတူတူလာရောက်၍ အိပ်စက်သော မိန်းကလေးကို ကြည့်၍

"နတ်သမီးလို ချောမောလှပတဲ့ မိန်းကလေးနဲ့ အတူတူ အိပ်ရတာ ငါ့အတွက် အခက်အခဲကြီး တစ်ခုပါပဲ၊ ငါ့လဲ ဘယ်တော့ ဒီဝဋ်က ကျွတ်ပါ့မလဲ"





ဟုတစ်ကိုယ်တည်း ရေရွတ်နေလေရာ မိန်းမလှလေးသည် မင်းခေါင်၏ မျက်နှာကို နားမလည်ဟန်ဖြင့် ကြည့်လေ၏။

မင်းခေါင်က မိန်းမလှလေးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

"ငါလဲ ပုထုဇဉ်လူသားတစ်ယောက်ပါ၊ ငါ့မှာလဲ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်တဲ့ စိတ်ရှိတာပေါ့၊ မင်းရဲ့တစ်ကိုယ်လုံး တပ်မက်စရာတွေချည်းပဲ၊ ငါ့ရဲ့စိတ်တွေ မလှုပ်ရှားဘဲ နေမလား၊ ဒါပေမယ့် ငါဟာ ယောကျ်ားတစ်ယောက်ဆိုတော့ နှမချင်း စာနာတဲ့စိတ်ခတ် ထားရမှာပေါ့"

ဟုဆိုလိုက်ပြန်ရာ မိန်းမချောလေးသည် မျက်တောင်တဖျတ်ဖျတ်ခတ်၍ မင်းခေါင်ကို ကြည့်လိုက်ပြန်၏။

မိန်းမလှလေး၏မျက်နှာသည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန် ပြောင်းလဲသွားပြီး မင်းခေါင်၏အနီးသို့ လျှောက်လှမ်းလာလေ၏။ မင်းခေါင်က ကမန်းကတန်း လက်ကာပြ၍



www.burmeseclassic.com

www.burmeseclassic.com



"အမလေး၊ ငါ့အနားကိုမလာပါနဲ့၊ ကိုယ့်နေရာမှာ နေစမ်းပါ၊ ငါ စိတ်မထိန်းနိုင်ရင်ခက်မယ်"

ဟုပြောလိုက်ရာ မိန်းမလှလေးသည် တိုးညှင်းသောလေသံဖြင့်

"မစိုးရိမ်ပါနဲ့ရှင်၊ ရှင့်ကိုကျွန်မ ဒုက္ခမပေးပါဘူး"

ဟုပြောလေ၏။ မင်းခေါင်သည် မိန်းမလှလေးထံမှ မြန်မာစကားကို ကြားလိုက်ရသဖြင့် ထခုန်မတတ် ဝမ်းသာသွားပြီး

"ဟင်…မင်း…မင်း..မြန်မာစကားတတ်တယ် ဟုတ်လား၊ ဒါဆိုရင် မင်းက မြန်မာမိန်းကလေးပေါ့"

ဟုဆိုလိုက်ရာ မိန်းကလေးက ခေါင်းညိတ်၍

"ကျွန်မက မြန်မာမိန်းမပဲ၊ မြန်မာစကားပြောတတ်မှာပေါ့"

ဟုပြောလိုက်၏။ မင်းခေါင်က ဝမ်းသာအားရဖြင့်

"မြန်မာမိန်းကလေးက ဘာဖြစ်လို့ ဒီနေရာမျိုးကို ရောက်နေတာလဲ"

ဟုမေးမြန်းလေ၏။ မိန်းကလေးက ဝမ်းနည်းဟန်ဖြင့်

"ကျွန်မတို့ အဖမ်းခံခဲ့ရတာပါ"

ဟုပြောလေ၏။ ထိုအခါ မင်းခေါင်က အံ့ဩဟန်ဖြင့်

"မင်းတို့ကို ဘယ်သူဖမ်းတာလဲ"

ဟုမေးမြန်းလိုက်၏။ မိန်းမလှလေးက ထိတ်လန့်ဟန်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်၍

"ပညာရှင် သခင်မ ဖမ်းထားတာပါ၊ သခင်မဟာ သိပ်ကြောက်ဖို့ကောင်းတယ်၊ သူဟာ လူရိုင်းတွေကိုလဲ နတ်ဆရာနဲ့ ထိန်းချုပ်ပြီး ခိုင်းစေနေတယ်၊ ကျွန်မတို့ကိုလဲ အမှိုက်ရှည်ပျက်အောင် မိန်းမချင်း မစာနာဘဲ ခိုင်းစေနေတယ်"

ဟုပြောလေရာ မင်းခေါင်သည် လွန်စွာအံ့ဩသွားပြီး

"ပညာရှင် သခင်မ ဟုတ်လား၊ သူဘယ်သူလဲ၊ လူရိုင်း







www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ ဘုရင်မလား''

ဟုမေးမြန်းလေ၏။ မိန်းကလေးက ခေါင်းညိတ်၍

''ဟုတ်ပါတယ်၊ ပညာရှင်သခင်မဟာ လွန်ခဲ့တဲ့ရက်တွေက ရှင်တို့ မြင်ခဲ့တဲ့ လူရိုင်းဘုရင်မပါပဲ''

ဟုပြောလေ၏။ မင်းခေါင်က မျက်မှောင်ကြုတ်၍

''သူ့ကိုဘာဖြစ်လို့ ပညာရှင်သခင်မလို့ခေါ်တာလဲ''

ဟုမေးမြန်းလေ၏။ မိန်းမလှလေးက ကြောက်ရွံ့ဟန်ဖြင့်

''သူ့မှာထူးဆန်းတဲ့ တန်ခိုးစွမ်းအင်ရှိတယ်၊ ဟိမဝန္တာတောထဲကို ရောက်တဲ့လူတွေကို ဒီမြို့ဟောင်းကိုရောက်အောင် ညှို့ပြီး ခေါ်ယူတယ်''

ဟုပြောလေရာ မင်းခေါင်သည် သူ၏လေယာဉ် တိမ်တိုက်ထဲသို့အရောက်တွင် တိမ်တိုက်ထဲမှ ထွက်ပေါ်လာသော မိန်းမကို သတိရလိုက်၏။





ဤသို့ဆိုလျှင် တိမ်တိုက်ထဲတွင် မိမိတွေ့ကြုံခဲ့သော မိန်းမမှာ ပညာရှင်သခင်မပင် ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်သည် ပညာရှင်သခင်မ၏အကြောင်းကို စိတ်ဝင်စားသွားပြီး

“ဒီမိန်းမက တောကြီးထဲကို လူတွေဖမ်းခေါ်ပြီး ဘာလုပ်တာလဲ”

ဟုမေးမြန်းလေ၏။ ထိုအခါ မိန်းမလှလေးက မျက်မှောင်ကြုတ်၍





“သူ့ရဲ့အသက်ဟာ နှစ်ပေါင်းသုံးရာကျော်ပြီလို့ ဆိုဖူးတယ်၊ သူဒီလို နှစ်ပေါင်းများစွာ နုပျိုလန်းဆန်းပြီး သက်ရှည်ကျန်းမာနေတာ လူတွေကို ယစ်ကောင်အဖြစ် ဖမ်းဆီးပြီး ပူဇော်ခဲ့တယ်လို့ သိရတယ်”

ဟုပြောလေရာ မင်းခေါင်က မျက်မှောင်ကြုတ်၍

“လူတွေကို ယစ်ပူဇော်တယ်ဟုတ်လား၊ ဘယ်လိုပူဇော်တာလဲ”

ဟုမေးမြန်းလေ၏။

မိန်းမလှလေးက ထိတ်လန့်ဟန်ဖြင့်

“တောင်ပေါ်က ကျောက်ဖျာကြီးပေါ်မှာ မီးနတ်ကွန်းရှိတယ်၊ မီးနတ်ကိုပူဇော်ပြီးရင် သူ့ရဲ့အသက်တွေ ပိုရှည်လာတယ်လို့ ဆိုတယ်၊ ဒီလိုနဲ့ နှစ်ရာပေါင်းများစွာ ရှင်သန်နေဦးမယ်”

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်က ခေါင်းခါယမ်း၍

"သဘာဝမကျဘူး၊ ဒါပေမယ့် တန်ခိုးစွမ်းအင်နဲ့ပတ်သက်တဲ့ ဂမ္ဘီရအစွမ်းတွေကို ငါတို့လိုက်မမီဘူး၊ ဒါပေမယ့် သူ့မှာ စွမ်းအင်တစ်ခုရှိနေမှာ သေချာတယ်၊ သူ့ကို တိမ်တိုက်တွေကြားထဲမှာ ငါတွေ့ခဲ့တယ်၊ သူ့ရဲ့ဖိတ်ခေါ်မှုကြောင့် ငါဒီအရပ်ကို လေယာဉ်ဆင်း သက်ခဲ့ရတာပဲ၊ သူက ငါတို့ကို ယစ်ပူဇော်မယ်လို့ အစီအစဉ်ရှိရင် ဘာဖြစ်လို့ အခုလို ကောင်းကောင်းမွန်မွန် စည်းစိမ်ခံစားခိုင်းတာလဲ"

ဟုမေးမြန်းလေရာ မိန်းမလှလေးက

"ပညာရှင်သခင်မဟာ ယစ်ပူဇော်မဲ့သူတွေကို အပြစ်ရှိမရှိ စမ်းသပ်တာပါ၊ အပြစ်ရှိတယ်လို့ ယူဆတဲ့သူကို ယစ်ပူဇော်တယ်၊ အပြစ်မရှိတဲ့သူကိုတော့ ဒီအရပ်မှာပဲ တစ်သက်လုံးနေစေခဲ့တယ်"

ဟုပြောလေ၏။

စေတနာစာပေ



ထိုအခါ မင်းခေါင်က မျက်မှောင်ကြုတ်၍

"ဒါဆိုရင် ငါ့သူငယ်ချင်းနှစ်ယောက် အပြစ်ရှိလို့ ယစ်ပူဇော်ခံရမယ်၊ ငါကတော့ အပြစ်မဲ့တဲ့အတွက် ဒီအရပ်မှာပဲ တစ်သက်လုံး နေရတော့မယ်ဟုတ်လား၊ မဖြစ်နိုင်ဘူး"

ဟုပြောလေ။ မိန်းမလှလေးက မင်းခေါင်ကို ဂရုဏာသက်ဟန်ဖြင့်ကြည့်၍

"ဒီအရပ်ကို ရောက်လာတဲ့ယောကျ်ားတွေအားလုံး အပြစ်ရှိတဲ့သူတွေ ဖြစ်သွားတာပဲ၊ ရှင်တစ်ယောက်တည်း ဒီနေ့အထိ ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်နိုင်တာတွေ့ရတယ်၊ ဒါပေမယ့် ရှင့်မှာ အပြစ်မရှိလဲ ဘာများတတ်နိုင်ဦးမှာလဲ၊ ရှင်တို့လေယာဉ်ပျံ မရှိတော့ဘူး၊ ဘယ်လိုလုပ်ပြီး ဒီအရပ်က ပြန်မှာလဲ"

ဟုမေးမြန်းလိုက်လေ၏။

မင်းခေါင်က အလွန်အံ့ဩထိန်လန့်သွားပြီး

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လေယာဉ်ပျံ ဘယ်ကိုရောက်သွားသလဲ"

ဟု အလောတကြီးမေးမြန်းလိုက်၏။

ထိုအခါ မိန်းမလှက

"လေယာဉ်ပျံတစ်စီးလုံး လူရိုင်းတွေ တစ်စစီ ဖျက်ဆီးပစ်လိုက်ပြီ၊ လေယာဉ်ပျံဘယ်လိုမှ ပြန်မတက်နိုင်တော့ဘူး၊ ပညာရှင်သခင်မရဲ့ အမိန့်နဲ့ ဒီလိုလုပ်လိုက်တာပဲ"

ဟုပြောလေရာ မင်းခေါင်သည် အလွန်စိတ်ဓာတ်ကျသွားပြီး မျက်နှာတစ်ခုလုံး မှိုင်းညို့သွားလေ၏။

လေယာဉ်ပျံမရှိလျှင် ဤအရပ်မှ မည်သို့ပြန်ထွက်မည်နည်း။

အုန်းဖေနှင့် စိန်တိုးမှာ လူရိုင်းများ၏ ယစ်ပူဇော်ခြင်းခံရပြီး မိမိတစ်ယောက်တည်း လူရိုင်းများကြား၌ အထီးကျန် အဖော်မဲ့စွာ နေထိုင်ရတော့မည်။

မိန်းမလှလေးသည် မင်းခေါင်၏မျက်နှာကို ကြည့်၍ စိတ်





မကောင်းဟန်ဖြင့်

"အစ်ကို ဒီအရပ်မှာ နေပေမဲ့ အစစအရာရာ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်မတို့ရှိပါတယ်၊ ကျွန်မတို့နဲ့အတူ ရှိနေတဲ့ မိန်းကလေးတွေထဲမှာ မြန်မာလူမျိုးတွေရှိပါတယ်၊ အိန္ဒိယနဲ့ တရုတ်လူမျိုးတွေလဲ ရှိတယ်၊ ရှင် သူတို့နဲ့အဖော်လုပ်လို့ရတယ်၊ ကျွန်မအနေနဲ့ အဖော်လုပ်မယ်ဆိုရင်လဲ လုပ်ပေးလို့ရတယ်"

ဟုပြောလေရာ မင်းခေါင်က ခေါင်းခါယမ်း၍

"ငါ့ရဲ့အနာဂတ်ဟာ တောကြီးထဲမှာ အချိန်ကုန်ရမှာလား၊ ငါ မြန်မာပြည်ပြန်ပြီး လုပ်စရာအလုပ်တွေအများကြီးရှိသေးတယ်၊ ယုတ်မာကောက်ကျစ်တဲ့ ငါ့ပထွေးကို လက်စားချေရဦးမယ်၊ နေပါဦး မင်းတို့တွေ ထွက်ပြေးဖို့မကြိုးစားဘူးလား"

ဟုပြောလေ၏။ မိန်းမလှလေးက ခေါင်းခါယမ်း၍

"ပညာရှင်သခင်မက ကျွန်မတို့ရဲ့ဝိညာဉ်တွေကို ဒီအရပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှင်သန်ခွင့်ပေးထားတယ်၊ ဒီအရပ်ကိုကျော်လွန်တာနဲ့ ကျွန်မတို့မှာ ရုပ်ပဲရှိတော့မယ်၊ နာမ်မရှိတော့ဘူး"

ဟုပြောလေ၏။ မင်းခေါင်က ယုံကြည်ဟန်မရှိဘဲ

"ပညာရှင်သခင်မဆိုတဲ့ စုန်းမကြီးက မင်းတို့ကို ချောက်လှန့်ထားတာဖြစ်လိမ့်မယ်၊ ဒါကြောင့် ငါ့ကို ဒီအရပ်က ထွက်မြေးဖို့ လမ်းပြပေးပါ"

ဟုပြောလေ၏။

မိန်းမလှလေးက ခေါင်းခါယမ်း၍

"မဖြစ်နိုင်ပါဘူးရှင်၊ ဒီအရပ်ကနေ ခြေလျှင်ခရီးနဲ့တယ်လိုလူမှ ထွက်ခွာသွားလို့မရဘူး၊ ဒီဒေသတစ်ခုလုံး လူတွေ ဖြတ်သန်းလို့မရတဲ့ နှင်းတောကြီး ဖုံးလွှမ်းထားတယ်၊ နှင်းစိုပြီး သေဆုံးရမှာသေချာတယ်၊ ဒီဒေသကို အင်မတန်ကျွမ်းကျင်တဲ့သူတွေဟာ လှရိုင်းတွေရှင့်၊ ဒါပေမယ့် လှရိုင်းတွေဟာ ပညာရှင်သခင်မကို အလွန်ကြောက်ရွံ့ပြီး သစ္စာခံကြတယ်၊ ပညာရှင်သခင်မရဲ့ တန်ခိုးအစွမ်းကို အသုံးပြုရင် လှရိုင်းမျိုးနွယ်စု တစ်စုလုံး ဘေးဒုက္ခရောက်မယ်လို့ ယုံကြည်ကြတယ်၊ ဒါပေမယ့် သူတို့ဟာ အင်မတန် ကြောက်စရာကောင်းတဲ့လူတွေ"

ဟုပြောလေ၏။ မင်းခေါင်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

"လှရိုင်းတွေဟာ ငါတို့ ဒီအရပ်ကိုရောက်မယ်ဆိုတာကြိုတင်ပြီး သိရှိနေတာကိုး"

ဟုပြောလေ၏။

မိန်းမလှက ခေါင်းညိတ်၍

"ဟုတ်တယ်၊ သခင်မက ညွှန်ကြားထားလို့ လှရိုင်းတွေကြိုသိနေတာပါ၊ ဒါကြောင့် ရှင်တို့ကို လှရိုင်းတွေက ဘေးမသီရန်မခအောင် စိုင်းဝန်းစောင့်ရှောက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မင်းခေါင်သည် ပညာရှင်သခင်မ၏အစွမ်းကို ပိုမိုအံ့ဩသွားရလေ၏။ မိန်းမလှက မျက်မှောင်ကြုတ်၍

"သခင်မဟာ ဖီးနစ်ဆိုတဲ့ငှက်လိုပဲ၊ အကြိမ်ကြိမ် အဖန်ဖန် ပြန်လည်နိုးပျိုတယ်လို့ ဆိုဖူးတယ်၊ ဖီးနစ်ငှက်ဟာ မီးထဲကို တိုးဝင်လိုက်ရင် သူ့ရဲ့အသွေးအရောင်တွေဟာ ပြန်လည်နုပျိုလာတယ်လို့ ပြောတယ်"

ဟုပြောလေ၏။

မင်းခေါင်သည်ဒဏ္ဍာရီလာ ဖီးနစ်ငှက်အကြောင်းကို ကြားသိဖူးသဖြင့် မယုံနိုင်အောင်ခံစားရလေ၏။ မင်းခေါင်က မိန်းမလှလေး၏ မျက်နှာကိုကြည့်၍

"မင်းရဲ့နာမည်ဘယ်လိုခေါ်သလဲ"

ဟုတီးတိုးမေးမြန်းလိုက်ရာ မိန်းမလှက

"ကျွန်မနာမည်ကလျာလို့ခေါ်ပါတယ်၊ ဒါပေမဲ့ ဒီအရပ်က





အသက်ရှင်လျက် လွတ်မြောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူးရှင်"

ဟုပြောလေ၏။ မင်းခေါင်က ခေါင်းခါယမ်း၍

"ဘာပဲဖြစ်ဖြစ်၊ ဒီအတိုင်းထိုင်နေတာထက်စာရင် ငါတို့ကြိုးစားကြည့်ရင် အရှုံးမရှိပါဘူး၊ ငါတို့ ဒီအရပ်ကထွက်ပြေးရင် ကလျာ ကူညီပေးပါ"

ဟုပြောလေရာ မိန်းမလှသည် မင်းခေါင်၏မျက်နှာကို ကြည့်၍ တွေဝေဟန်ဖြင့် ငြိမ်သက်သွားလေ၏။

မင်းခေါင်သည် ပညာရှင်သခင်မအကြောင်းကို စိန်တိုးနှင့် အုန်းဖေတို့အား အမြန်ဆုံးဖွင့်ပြောရန် ဆုံးဖြတ်လိုက်၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်သည် စိန်တိုးနှင့်အုန်းဖေအား ပညာရှင်သခင်မ အကြောင်းကို ပြောပြလိုက်ရာ စိန်တိုးတို့သည် အလွန်ထိတ်လန့် တုန်လှုပ်သွားကြ၏။ အုန်းဖေက ချွေးသီးချွေးပေါက်များကျလာပြီး

"ဒါဆိုရင် ငါနဲ့စိန်တိုးကို မီးနတ်ကိုပူဇော်တော့မှာပေါ့"

ဟုမေးမြန်းလိုက်ရာ မင်းခေါင်ကခေါင်းညိတ်၍

"အသေအချာပဲ၊ မင်းတို့နှစ်ယောက် မီးထဲကိုဒိုင်ဗင်ထိုးဆင်း





ရတော့မယ်"

ဟုပြောလိုက်လေ၏။ စိန်တိုးသည် ထိတ်လန့်လွန်းသဖြင့် ရင်ဘက်ကိုလက်နှင့်ဖိလိုက်ပြီး

"ငါတို့အပေါ်မှာ ရက်စက်လှချည်လား၊ ငါတို့ကဒီအရပ်ကို လေယာဉ်ပျက်လို့ ရောက်လာတဲ့ ဒုက္ခသည်တွေလေ၊ ဒုက္ခသည်တွေကို ဒီလိုရက်ရက်စက်စက် လုပ်ရသလား၊ ဧည့်သည်ကိုအိမ်ရှင်က စော်ကားတာလွန်တာပေါ့ကွာ၊ ငါတို့ကိုပြုစုတဲ့ မိန်းမတွေလာရင် သူတို့ကိုမေးရမယ်"

ဟုပြောလေ၏။ မင်းခေါင်က လက်ကာပြ၍

"ဒီလို မဆင်မခြင်လုပ်ရင် ဘယ်ဖြစ်မလဲဗျာ၊ ကလျာဆိုတဲ့ မိန်းကလေးက ငါတို့ဘက်ကဖြစ်သွားပြီ၊ မင်းတို့နဲ့အတူတူအိပ်နေတဲ့ မင်းတို့မယားတွေက ပညာရှင်သခင်မအပေါ်မှာ သစ္စာခံနေတုန်းရှိ သေးတယ်၊ သူတို့ကိုသွားမေးလိုက်ရင် တောနက်ကြီးထဲကထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးမဲ့ ငါတို့ရဲ့အစီအစဉ်တွေ ရေစုန်မျောသွားမှာပေါ့ကွ”

ဟုပြောလေ၏။ အုန်းဖေက မျက်စိမျက်နှာပျက်၍

“ဒါဆိုရင် ဘယ်လိုလုပ်ကြမတုန်း၊ ငါတို့က လူကြီးတွေ ဖြစ်ရဲ့သားနဲ့ မင်းရဲ့စကားကို နားမထောင်ဘဲ တဇွတ်ထိုးလုပ်မိ တာမှားပြီကွာ”

ဟုပြောလေ၏။ စိန်တိုးက ခေါင်းတကြိုး အံကိုကြိတ်၍

“ကောင်မတွေကလဲ အချောအလှတွေနဲ့ မြူဆွယ်တာကိုးကွ၊ သူတို့မမြူဆွယ်ဘူးဆိုရင် ငါတို့တဇွတ်ထိုးဖြစ်စရာအကြောင်း မရှိဘူး”

ဟုပြောလေ၏။

အုန်းဖေက မင်းခေါင်ကို ကြည့်၍

“ငါတို့လေယာဉ်လဲ ဖျက်ဆီးထားပြီးပြီ ဆိုတော့ ငါတို့ ဘယ်လိုထွက်ပြေးမှာလဲ”





ဟုပြောလေ၏။ မင်းခေါင်က မျက်မှောင်ကြုတ်၍

“လေယာဉ်ကို လူရိုင်းတွေဖျက်ဆီးလို့ ရတယ်ဆိုပေမဲ့ လေယာဉ်ပေါ်မှာ လူရိုင်းတွေဖျက်ဆီးလို့မရတဲ့ လုံခြုံရေးသေတ္တာတွေ ပါတယ်ဆိုတာ မင်းတို့ မေ့နေပြီလား၊ လုံခြုံရေးသေတ္တာထဲမှာ အိန္ဒိယလေတပ်မှာအသုံးပြုဖို့ မီးပုံးပျံတွေ ထည့်သွင်းထားတယ်၊ ကျုပ်တို့ မီးပုံးပျံနဲ့ ထွက်ပြေးလို့ ရနိုင်တာပဲ”

ဟုပြောလေရာ စိန်တိုး၏ မျက်နှာဝင်းပသွားပြီး

“ဟိုက် မီးပုံးပျံကို ငါတို့ ဘာလို့သတိမရတာပါလိမ့်၊ လေတပ်မှာ မိုးလေဝသ စမ်းသပ်ဖို့အတွက် ဂတ်(စ်)နဲ့ အသုံးပြု တဲ့ မီးပုံးပျံတွေကွ၊ ငါတို့ အချိန်တိုလေးအတွင်းမှာ ပျံတက်သွား နိုင်တယ်၊ ဒါပေမယ့် လေယာဉ်ပျံရှိတဲ့နေရာကို ငါတို့ ဘယ် လိုသွားမလဲ”

ဟုပြောလေ၏။ မင်းခေါင်က သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



"ကလျာဆိုတဲ့ မိန်းကလေးကို ကျုပ်စည်းရုံးကြည့်ဦးမယ်၊ သူ့ကို ကြည့်ရတာ ကျုပ်တို့ကို ကယ်သင့်မကယ်သင့် စဉ်းစားနေပုံရတယ်၊ ကျုပ်တို့ ဒီနေရာက ထွက်ပြေးမှ ဖြစ်မယ်၊ ထွက်မပြေးဘူး ဆိုရင်တော့ ခင်ဗျားတို့ နှစ်ယောက်သေမယ်၊ ကျုပ်ကတော့ ဒီအခရုပ်မှာပဲ တစ်သက်လုံး အရိုးထုပ်ရမယ်"

ဟုပြောလေ၏။



မင်းခေါင်သည် ထိုနေ့မှစ၍ မိန်းမလှလေးကလျာကို နည်းအမျိုးမျိုးဖြင့် စည်းရုံးလေ၏။ နောက်ဆုံး၌ ကလျာက မင်းခေါင်တို့ထွက်ပြေးရန် ကူညီမယ်ဖြစ်ကြောင်း ကတိပြုလေ၏။ မင်းခေါင်သည် ကလျာထံမှ ကတိစကားကြားရသောအခါ လွန်စွာ ဝမ်းသာသွားလေ၏၊ ကလျာက

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ··· ရှင်တို့နောက်လိုက်ခဲ့ပြီဆိုရင် ကျွန်မကို ရှင်တို့စောင့်ရှောက်ရမယ်"

ဟုပြောလေရာ မင်းခေါင်က မျက်မှောင်ကြုတ်၍

"လူယဉ်ကျေးတွေရဲ့ နေရာကို ရောက်သွားရင် ကလျာကို ကျုပ်တို့ စောင့်ရှောက်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ရဲ့ စီးပွားရေး အခြေအနေအရတော့ ကလျာကို စောင့်ရှောက်တဲ့ နေရာမှာ အားနည်းချက် ရှိနိုင်တာပေါ့"

ဟုပြောလေ၏။ ကလျာသည် မင်းခေါင်၏စကားကြောင့် တွေဝေသွား၏။ ပြီးနောက် တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး

"ကျွန်မတို့ ထွက်ပြေးမယ့် ညကျရင် နတ်ဆရာရဲ့ ရွှေတွေကို ခိုးသွားလို့ရတယ်၊ နတ်ဆရာမှာ ရွှေတွေအများကြီးရှိတယ်၊ ဒါဆိုရင် လူယဉ်ကျေးတွေဆီကိုရောက်ရင် ကျွန်မတို့ ချမ်းချမ်းသာသာနေနိုင်ပြီ"





ဟုပြောလေ၏၊ မင်းခေါင်သည် နတ်ဆရာ၏ ရွှေများ အကြောင်းကို ကြားလိုက်ရသည်နှင့် မျက်နှာဝင်းပသွားပြီး

"ရွှေ၊ ရွှေ၊ ဟုတ်လား၊ နတ်ဆရာမှာ ရွှေတွေ အများကြီး ရှိသလား"

ဟုမေးမြန်းလိုက်လေ၏၊ ကလျာကခေါင်းညိတ်၍

"နတ်ဆရာရဲ့ နတ်စင်ပေါ်မှာ ရွှေတွေအပြည့်အသိပ်ရှိတယ် ကျွန်မတို့ပြေးမယ့်ညကျရင် သယ်နိုင်သလောက်သယ်သွားတာပေါ့"

ဟုပြောလေရာ မင်းခေါင်သည် တောနက်ကြီးထဲမှ ထွက်ပြေးရန် ပိုမို၍စိတ်အားထက်သန်သွားလေ၏။ မင်းခေါင်သည် တောနက်ကြီးထဲသို့ ရောက်ရှိသော မိမိဘဝကို အခဲ့ရွှန်ခဲ့ စဉ်းစားထားပြီးဖြစ်၏။ ဤတောကြီးထဲ၌ တစ်သက်လုံးနေထိုင်ပါက သူ၏ မိတ်ဆွေနှစ်ယောက် မီးနတ်ကို ယဇ်ပူဇော်ခံရပြီးနောက် မိမိ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း အထီးကျန်စွာ နေထိုင်ရမည်၊ ထိုသို့နေထိုင်ရင်း အခွင့်အရေးပေးပါက ပညာရှင် သခင်မကို နှိုးစပ်ရန် ကြိုးစားမည်ဟု ဆုံးဖြတ်ထားလေ၏။ ပညာရှင် သခင်မကို နှိုးစပ်ပါက ဤတော ကြီးတစ်ခုလုံးကို မိမိ ထိန်းချုပ်နိုင်ပေပြီ။





မင်းခေါင်သည် နတ်ဆရာ၌ ရှိသောရွှေသိုက်နှင့် ပတ်သက်၍ စိန်တိုးနှင့် အုန်းဖေအား အားရဝမ်းသာဖွင့်ပြော လိုက်လေ၏။ သို့သော် စိန်တိုးနှင့်အုန်းဖေသည် မင်းခေါင်ကဲ့သို့ စိတ်အား ထက်သန်ခြင်းမရှိဘဲ

"နတ်ဆရာရဲ့ရွှေကိုစွက်ကို နောက်မှ ထားလိုက်စမ်းပါကွာ၊ ငါတို့ဒီနေရာက ထွက်ပြေးဖို့ ပိုအရေးကြီးပါတယ်၊ ရွှေတွေကို လောဘဇောကပ်ပြီး ရန်သူလူရိုင်းတွေ လက်က လွတ်အောင်ပြေး

www.burmeseclassic.com



နိုင်ရင်ခက်မယ်"

ဟုပြောလေ၏။ စိန်တိုးကလည်း ခေါင်းညိတ်၍

"ဟုတ်တယ်၊ မင်းခေါင် ရွှေက ငါတို့အသက်လောက် အရေးမကြီးပါဘူး၊ ရွှေက မြန်မာပြည်ရောက်ရင်ပြန်ရှာလို့ ရပါတယ်"

ဟုပြောလေရာ မင်းခေါင်သည် စိန်တိုးတို့၏ စကားကို သဘောမတူဘဲ

"ခင်ဗျားတို့အတွက် အရေးမကြီးပေမဲ့ ကျုပ်အတွက် အရေးကြီးတယ်ဗျ၊ ခင်ဗျားတို့ အသက်ကြီးနေပြီ၊ သားနဲ့ မယားနဲ့ လည်းဖြစ်နေပြီး၊ ကျုပ်က လူပျိုလူလွတ်ဗျ၊ ကျုပ်ဘဝနောက်ရေး အတွက် အလုပ်အများကြီးလုပ်ရဦးမယ်"

ဟုပြောလေ၏။ စိန်တိုးက မင်းခေါင်၏မျက်နှာကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး





"ကာကယ်တော့ ငါတို့နဲ့ မင်းနဲ့ ဘာမှမထူးပါဘူး၊ ငါတို့က မိန်းမတွေကို မက်တယ်၊ မင်းကရွှေတွေကို မက်တယ်၊ ဘာပဲဖြစ်ဖြစ် အမြန်ဆုံးပြေးအောင်စီစဉ်ပေတော့၊ ညကငါအိပ်မက် ဆိုးတွေ မက်တယ်၊ အိပ်မက်ထဲမှာ မီးပုံထဲကို ငါခုန်ဆင်းရ တယ်တဲ့"

ဟုပြောလေ၏။ ထိုနေ့ညက ကလျာဆိုသော မိန်းမ လှလေးသည် မင်းခေါင်ထံသို့ရောက်ရှိပြီး

"ဟိုလူနှစ်ယောက်အတွက် အန္တရာယ်ရှိနေပြီး သူတို့ကို မီးနတ်ပူဇော်ဖို့ ပြင်ဆင်နေပြီ၊ ဒါကြောင့် မနက်ဖြန်ညပဲ ကျွန်မတို့ ပြေးမှဖြစ်မယ်"

ဟုပြောလေရာ မင်းခေါင်က စိတ်လှုပ်ရှားဟန်ဖြင့်

"ဒါဆိုရင် နတ်ဆရာရဲ့ရွှေတွေကို မနက်ဖြန်ပဲ ခိုးမှာပေါ့"

ဟုမေးမြန်းလိုက်လေ၏၊ ကလျာက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မတို့ ထွက်မပြေးမီ နတ်ဆရာ ဆီက ရွှေတွေကို ခိုးရမယ်၊ ဒါပေမယ့် နတ်ဆရာမိသွားရင် အန္တရာယ်ရှိတယ်၊ ကျွန်မတို့ ဘက်က လက်မြန်မှာဖြစ်မယ်"

ဟုပြောလေရာ ရွှေများနှင့် လောဘဇောများကပ်နေသော မင်းခေါင်က နတ်ဆရာကိုရှင်းရန် တာဝန်ယူလိုက်လေ၏။

ထိုနေ့ညသို့ ရောက်သောအခါ ကလျာသည် မင်းခေါင် အနီးသို့ တရွေ့ရွေ့တိုးကပ်လာပြီး

"ကျွန်မတို့ ဒီမှာအိပ်တာ ဒီနေ့နဲ့ဆိုရင် (၇)ညရှိပြီ၊ ရှင်အနားမှာ တစ်ခါမှ မအိပ်ရသေးဘူး၊ ဒီညတော့ အတူတူ အိပ်မယ်နော်"

ဟုပြောလေ၏။ မင်းခေါင်သည် ကလျာ၏ နုထွားသော ကိုယ်ခန္ဓာကို ကြည့်၍ ရင်ထဲတွင်ပူနွေးလာပြီး သူမကို ပွေ့ဖက်လိုက်၏။ ကလျာကလည်း မင်းခေါင်ကိုပြန်လည်ပွေ့ဖက်၏



မင်းခေါင်က သူမ၏ထူအမ်းသောနှုတ်ခမ်းကို စုတ်နမ်းလိုက်၏။ ပြီးနောက် တစ်ကြိမ်တစ်ခါမှ မရောက်ရှိသော နယ်မြေ တစ်ခုသို့ အတူတူရောက်ရှိလေ၏။ ထိုည က သူတို့ နှစ်ယောက်စလုံး မော်မပြနိုင်အောင် ကြည်နူးချမ်းမြေ့ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ ရောက်သောအခါ မင်းခေါင်တို့သုံးယောက်သည် ယနေ့ည ထွက်ပြေးမည့်ကိစ္စကို နောက်ဆုံးအနေဖြင့် တိုင်ပင်ဆွေးနွေးကြလေ၏။ စိန်တိုးနှင့် အုန်းဖေတို့သည် ၄င်းတို့နှင့် လာရောက်အိပ်စက်သော မိန်းမများကို ကိုယ်နည်းကိုယ်ဟန်ဖြင့် ရှင်းပစ်ရန် သဘောတူကြ၏။ စိန်တိုးကလည်း စိတ်မသက်သာဟန်ဖြင့်





"ကိုယ်နဲ့ ခုနစ်ရက်တောင် ပေါင်းသင်းလာတယ်ဆိုတော့ အသေတော့ မလုပ်ဘူး၊ မေ့မြောရုံပဲလုပ်မယ်"

ဟုပြောလေရာ မင်းခေါင်က

"ပိုင်အောင်လုပ်ဗျာ၊ ခင်ဗျားတို့နှစ်ယောက်ကို စိတ်ချမယ်နော်"

ဟုသတိပေးလိုက်၏။ ပြီးနောက် သူတို့သုံးယောက်စလုံး အသီးသီး လမ်းခွဲလိုက်ကြလေ၏။

ညသို့ရောက်သောအခါ ကလျာသည် အတော်အတန်နောက်ကျပြီးမှသာ မင်းခေါင်၏ အိပ်ခန်းထဲသို့ ရောက်လာ၏။ သူမ၏ လက်၌ သွေးစွန်းနေသော ဓားတိုလေးတစ်ချောင်းကို ကိုင်ထား၏။

"ကျွန်မအစောင့်တွေကို သတ်လိုက်ပြီ၊ ရှင့်လူတွေကို အမြန်ဆုံးခေါ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မင်းခေါင်သည် စိန်တိုးနှင့် အုန်းဖေကို သွားရောက် ခေါ်ယူလေ၏။ မကြာမီ စိန်တိုးနှင့် အုန်းဖေသည် အခန်းအသီးသီးမှ ထွက်လာကြ၏။ ၎င်းတို့၏ မိန်းမများကို မေ့မြော ရှုံသာ ရိုက်နှက်ခဲ့ကြောင်း ပြောလေ၏။ အုန်းဖေက

"ငါတို့ပြေးကြမယ် မင်းခေါင်"

ဟုဆိုလိုက်ရာ မင်းခေါင်က လက်ကာပြ၍

"နေစမ်းပါဦးဗျာ၊ ကျုပ်တို့ နတ်ဆရာရဲ့ ရွှေတွေကို ခိုးရဦးမယ်"

ဟုပြောလိုက်လေ၏။

✈ ✈ ✈





ကလျာသည် မင်းခေါင်တို့အား နန်းတော်အတွင်းမှ ထွက်စေပြီး ကုန်းမြင့်၌ ဆောက်လုပ်ထားသော အဆောက်အအုံငယ်လေးသို့ ခေါ်ဆောင်သွားလေ၏။ ထိုအဆောက်အအုံ၌ နတ်ဆရာရှိနေသည်ဆို၏။

အဆောက်အအုံငယ်လေးရှေ့သို့ ရောက်သောအခါ အတွင်း၌ ဆီမီးခွက်များ ထွန်းညှိထားပြီး အခန်းငယ်လေးတစ်ခုလုံး မီးမိုးမြား



www.burmeseclassic.com

www.burmeseclassic.com



မွန်ထူနေလေ၏။

ကလျာက အခန်းထဲသို့ဝင်ရန် လက်ဟန်ခြေဟန်ဖြင့် ဖြ
လိုက်လေ၏။

မင်းခေါင်သည် ဓားတိုတစ်ချောင်းကို တင်းကျပ်စွာဆုပ်ကိုင်
၍ ဝင်ရောက်သွားလေ၏။

ထိုအခါ မီးခိုးများမွန်ထူနေသော အခန်းထဲ၌ ကျောပေး၍
တစ်စုံတစ်ရာကို ရွတ်ဖတ်နေသော နတ်ဆရာ၏ နောက်ကျောကို
တွေ့ရ၏။

မင်းခေါင်သည် နတ်စင်ရှေ့ရှိ ကျောက်ခွက်ကြီးထဲသို့ ကြည့်
လိုက်သောအခါ ရွှေတုံးရွှေခဲများကို အမြောက်အမြားတွေ့ရလေ၏။
မင်းခေါင်သည် ရွှေတုံးရွှေခဲများကို လောဘတကြီး ကြည့်၍
သားရေအိတ်ထဲသို့ သိမ်းကျုံးထည့်လေ၏။ ထိုအခါ သူ၏အနီးသို့
စိန်တိုးနှင့်အုန်းဖေ ဝင်ရောက်လာပြီး ရွှေတုံးရွှေခဲများကို နိုင်သမျှ





သယ်ယူကြ၏။

ငှင်းတို့ သယ်ယူနိုင်သမျှ သယ်ယူပြီး ပြန်ထွက်ရန် ကြံစည်
နေစဉ် နတ်ဆရာသည် အနောက်သို့လှည့်ကြည့်ပြီး တအံ့တသြ
အော်ဟစ်လေ၏။

မင်းခေါင်သည် အခြေအနေမဟန်မှန်းသိသဖြင့် နတ်ဆရာ၏
ရင်ဝကို ဓားမြှောင်ဖြင့်ထိုးလေ၏။ နတ်ဆရာ ပြိုလဲကျသွားသော
အခါ ကလျာက အလောတကြီးအမူအရာဖြင့်

"ပြေးကြမယ်၊ တောင်ပေါ်ကို လူရိုင်းတွေတက်လာကြပြီ၊
မီးတုတ်အလင်းရောင် ၂၀ မြင်ရတယ်"

ဟုပြောလေ၏။

မင်းခေါင်တို့သည် တောင်၏တစ်ဖက်မှ ကမန်းကတန်း
ဆင်း၍ မိန်းမလှလေး ကလျာ၏အနောက်မှ လိုက်လေ၏။

ကလျာသည် ရှေ့မှ ဦးဆောင်၍ ခေါ်သွားပြီး နန်းမြို့ရိုးအနီး



www.burmeseclassic.com

သို့ ချည်းကပ်လေ၏။

နန်းမြို့ရိုး၌ အစောင့်အကြပ်သုံးဦးရှိသော်လည်း အိပ်ပျော်နေကြ၏။ မင်းခေါင်တို့လူစုသည် အိပ်ပျော်နေသော အစောင့်များကို လှယ်ကူစွာရှင်းလင်းပြီး နန်းမြို့ရိုးကိုဖွင့်ကာ ထွက်ပြေးရန်ပြင်ကြ၏။

ထိုအချိန်၌ မြို့နန်းရိုးဘက်သို့ ညာသန်ပေး၍ လိုက်လာကြသော လူရိုင်းများ၏ မီးတုတ်အလင်းရောင်ကို မြင်တွေ့ရ၏။

ကလျာက အနောက်သို့ အထိတ်တလန့်လှည့်ကြည့်၍

"ဒုက္ခပါပဲ၊ ကျွန်မတို့ထွက်ပြေးတာ သူတို့သိသွားကြပြီ၊ တောထဲကို အမြန်ဆုံးပြေးမှဖြစ်မယ်"

ဟုဆိုကာ နန်းမြို့ရိုးကိုကျော်ဖြတ်၍ တောလမ်းခရီးအတိုင်း လျှင်မြန်စွာ သွားကြ၏။

ကလျာသည် မီးတုတ်ကို ရှေ့မှကိုင်၍ တောလမ်းခရီးကို





ကျွမ်းကျင်စွာ သွားလာနေကြ၏။ အနောက်မှ လူရိုင်းများကလည်း ညာသံပေး၍ လိုက်ပါလာကြ၏။

စိန်တိုးက အနောက်သို့လှည့်၍

"အမလေး မီးတုတ်အလင်းရောင်တွေ အများကြီးပါလား၊ လူရိုင်းအင်အားတွေ အများကြီးပဲ၊ ငါတို့ဟော့ သူတို့လက်ရောက်ရင် တစ်စစီဖြစ်သွားမှာပဲ"

ဟုပြောလေ၏။

www.burmeseclassic.com



မင်းခေါင်သည် လူရိုင်းများ ကိုင်ဆောင်သော မီးတုတ်များကို လှည့်ကြည့်၍ မိမိတို့အတွက် အန္တရာယ်အလွန်ကြီးမားနေကြောင်း တွေ့ရ၏။

ကလျာသည် တောလမ်းခရီးကို ကျွမ်းကျင်သူဖြစ်သဖြင့် လူရိုင်းများကို လှည့်ကြည့်၍

"ကျွန်မတို့ လေယာဉ်ဆီကို အရင်ရောက်မှာသေချာတယ်၊





လူရိုင်းတွေ ကျွန်မတို့ကို မမှီနိုင်ဘူး၊ ဒါပေမယ့် ရှင်တို့ထွက်ပြေးဖို့ ကြာနေမယ်ဆိုရင်တော့ ကျွန်မတို့အားလုံး လူရိုင်းတွေသတ်ဘာခံရလိမ့်မယ်"

ဟုပြောလေ၏။ ၎င်းတို့သည် တောလမ်းအတိုင်း အမြန်ဆုံးခရီးနှင်ကြရာ မနက်အရုဏ်တက်ချိန်၌ လေယာဉ်ရှိရာသို့ ရောက်လေ၏။ ကလျာက အနောက်သို့ မကြာခဏလှည့်ကြည့်၍

"ရှင်တို့ အမြန်ဆုံးလုပ်ကြပေတော့၊ အချိန်မရှိတော့ဘူး"

ဟုပြောလေ၏။

မင်းခေါင်တို့သည် လေယာဉ်အတွင်းသို့ဝင်၍ လုံခြုံရေးသေတ္တာကို ရှာဖွေလေ၏။

လေယာဉ်တစ်စီးလုံးကို လူရိုင်းများ ရစရာမရှိအောင် ဖျက်ဆီးထားလေ၏။ လေယာဉ်ရှိ မှန်များအားလုံး ကွဲကြေနေ၏။

၎င်းတို့သည် လုံခြုံရေးသေတ္တာရှိရာ နေရာသို့ရောက်သော်



www.burmeseclassic.com

www.burmeseclassic.com



အခါ သေတ္တာကိုမတွေ့သဖြင့် မျက်လုံးပြူးသွား၏။

မင်းခေါင်တို့သည် အတန်ကြာအောင် ရှာဖွေပြီးနောက် လုံခြုံရေးသေတ္တာကို လေယာဉ်အောက်သို့ ချထားကြောင်း တွေ့ရလေ၏။

၎င်းတို့သည် လုံခြုံရေးသေတ္တာ၏ နံပါတ်များကို လှည့်၍ ဖွင့်လေရာ သေတ္တာပွင့်ပြီး မီးပုံးပျံပြုလုပ်ရန် ဂတ်စ်အိုးနှင့် မီးပုံးပျံ ကို သိုင်းချည်မည့် ကြိုးများကိုတွေ့ရလေ၏။

မင်းခေါင်တို့သည် မီးပုံးပျံကို အမြန်ဆုံး တပ်ဆင်ကြလေ၏။

သို့သော် ၎င်းတို့အားလုံး မီးပုံးပျံကို တစ်ကြိမ်တစ်ခါမျှ တင်ဆင်ဖူးခြင်းမရှိသဖြင့် မီးပုံးပျံ၏အောက်မှ သိုင်းကြိုးများ တပ်ဆင် ရာ၌ ချော်နေလေ၏။

ကလျာသည် တောနက်ထဲသို့ နားစိုက်ထောင်၍ အလွန်စိတ် လှုပ်ရှားသွားပြီး





"မြန်မြန်လုပ်ပါရှင်၊ လူရိုင်းတွေရောက်လာနေပြီ၊ ကျွန်မတို့ ပြန်အဖမ်းခံရတော့မယ်"

ဟုလော်ဆော်လေ၏။

မင်းခေါင်တို့သည် မီးပုံးပျံကြီးကို မသပ်မရပ် တပ်ဆင်လိုက် ပြီး မီးပုံးပျံအောက်ရှိ ဂတ်စ်အိုးကြီးကိုဖွင့်လိုက်၏။ ထိုအခါ ဂတ်စ် အိုးကြီးမှ ဝုန်းခနဲ မီးတောက်ကြီးထွက်ကာ မီးပုံးပျံကြီးအတွင်းသို့ ဓာတ်ငွေ့များ ဝင်ရောက်သွား၏။ မကြာမီ မီးပုံးပျံကြီး ဖောင်းကြွ လာလေ၏။

သို့သော် လုံလောက်သော ဓာတ်ငွေ့များမရသဖြင့် မီးပုံးပျံ အပေါ်သို့ မတက်နိုင်သေးချေ။

လူရိုင်းများ တဖြည်းဖြည်း နီးကပ်လာလေ၏။ ၎င်းတို့၏ ကျယ်လောင်စွာ ဟစ်ကြွေးသံကို ကြားနေရ၏။ ကလျာက အနောက် သို့ လှည့်ကြည့်၍ အထိတ်တလန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲရှင် ရှင်တို့မီးပုံပျံ မတက်သေးဘူးလား၊ သူတို့ရောက်လာနေပြီ"

ဟုပြောလေ၏။ မင်းခေါင်က အဝေးမှ ပြေးလွှားနေသော လူရိုင်းများကိုကြည့်၍ အထိတ်တလန့်ဖြင့်

"ဒုက္ခပါပဲ၊ ကဲ‥‥ ကျုပ်တို့အားလုံမီးပုံးပျံပေါ်တက်နေကြမယ်၊ သေမြေကြီးရှင်ရွှေထီးပဲ လူရိုင်းတွေရောက်တဲ့အထိ မီးပုံပျံကောင်းကင်ပေါ် မတက်သေးဘူးဆိုရင်တော့ ကျုပ်တို့အားလုံးသေပြီပဲ"

ဟုအော်ဟစ်လိုက်လေ၏။ သူတို့အားလုံးမီးပုံးပျံအောက်၌ တပ်ဆင်ထားသော ဓာတ်ငွေ့အိုးကိုသာ စိုက်ကြည့်နေမိ၏။ မီးပုံးပျံကြီးသည် ဓာတ်ငွေ့များပြည့်နှက်နေသဖြင့် တဖြည်းဖြည်းကြွတတ်လာ၏။ စိန်တိုးက မီးပုံးပျံကြီး ကြွတက်နေပုံကိုကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့်





"မီးပုံးပျံကြီးတက်တော့မယ်"

ဟုအော်ဟစ်လေ၏။ အုန်းဖေကလည်း

"မီးပုံးပျံကြီးမြန်မြန်တက်ပါတော့ လူရိုင်းတွေနီးနေပြီ"

ဟုအော်ဟစ်လေ၏။

လူရိုင်းများသည် ညာသံပေး၍ ပြေးလွှားလာကြ၏။ ၄င်းတို့လက်ထဲ၌ရှိသော လေး၊ မြား၊ လက်နက်များဖြင့် စိန်တိုးတို့ရှိရာသို့ ပစ်ခတ်ကြလေ၏။

မီးပုံးပျံကြီးအနီးသို့ မြားတံများ တဖွဲဖွဲကျရောက်လာ၏။

လူရိုင်းများသည် အလွန်နီးကပ်သောအကွာအဝေးသို့ ရောက်သောအခါ မီးပုံးပျံသည် စတင်မြင့်တက်စပြုလေ၏။

လူရိုင်းများ၏မြားတံများသည် မီးပုံးပျံ၏ နံရံကိုပင် လာ၍စိုက်ဝင်နေ၏။

မင်းခေါင်က ဝမ်းသာအားရဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"မီးပုံးပျံကြီး ပျံတက်နေပြီ၊ ကျုပ်တို့ လွတ်ပြီ ကျွတ်ပြီ"

ဟုအော်ဟစ်လိုက်လေ၏။

ထိုအခိုက်မှာပင် လူရိုင်းများ ပစ်လိုက်သော မြားတံတစ်ချောင်းသည် မိန်းမလှလေး ကလျာ၏ ရင်ဝသို့ စိုက်ဝင်သွားပြီး ကလျာသည် မီးပုံးပျံပေါ်မှ ပြုတ်ကျသွားလေ၏။

သူတို့အားလုံး မိန်းမလှလေးအတွက် စိုးရိမ်ပြီး

"ကလျာ"

ဟုစိုးရိမ်တကြီး အော်ဟစ်လိုက်လေ၏။

မီးပုံးပျံသည် လူတစ်ရပ်အမြင့်ထိ တဖြည်းဖြည်း မြင့်တက်လာ၏။ ကလျာသည် လဲကျနေရာမှ လူးလဲထ၍

"ကျွန်မ မနေရတော့ဘူး၊ ရှင်တို့သွားပေတော့၊ သူတို့ မြားချက်မိသွားရင် အသက်မမီတော့ဘူး"

ဟုဝမ်းပန်းတနည်းပြောဆိုလေ၏။





မင်းခေါင်သည် မိန်းမလှလေးကလျာကို မြေပေါ်သို့ဆင်း၍ ကယ်တင်ရန်နီး၊ ထားခဲ့ရန်နီး ဖြစ်နေလေ၏။

ထိုအခိုက်မှာပင် လူရိုင်းများ ပစ်လိုက်သော မြားတံများသည် ကလျာ၏ ကိုယ်ခန္ဓာအတွင်းသို့ တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်သွားလေ၏။

သူတို့သုံးယောက်စလုံး ကလျာကို ကယ်တင်ရန် မဖြစ်နိုင်တော့သဖြင့် ထားခဲ့ရန် ဆုံးဖြတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီးပုံးပျံသည် အထက်သို့ တဖြည်းဖြည်းမြင့်တက်သွားလေ၏။

လူရိုင်းများ၏ ဓားလှံများ မြားတံများသည် မီးပုံးပျံအနီးမှ ပျံဝဲထွက်သွားလေ၏။ မင်းခေါင်တို့ လူစုသည် ကံကောင်းထောက်မစွာဖြင့် မြားတံများ၏အန္တရာယ်မှ လွတ်ကင်းသော်လည်း ရွှေတုံး၊ ရွှေခဲများကိုချိတ်ဆွဲထားသော သားရေအိတ်သည် မြားတံများစိုက်ဝင်





သွားပြီး မြေပေါ်သို့ တလဲလဲပေါက်ကျလေ၏။ မင်းခေါင်သည် ရွှေတုံး၊ ရွှေခဲများပေါက်ကျသွားခြင်းကို တိတ်လန့်တကြား အော်ဟစ်၍ တားဆီးရန်ကြိုးပမ်းလေ၏။ သို့သော် မင်းခေါင်တို့ နောက်ကျသွားချေပြီ၊ အိတ်ပေါက်ကြီးထဲ၌ ရွှေတို့ရွှေစအနည်းငယ်သာ ကျန်ရစ်ခဲ့လေ၏။

မီးပုံးပျံသည် တဖြည်းဖြည်းမြင့်တက်သွားပြီး လူရိုင်းများ လိုက်မမီသော အရပ်သို့ရောက်ရှိသွားလေ၏။

ထိုအခါ လူရိုင်းများသည် မင်းခေါင်တို့ မီးပုံးပျံကို တိုက်ခိုက်ခြင်းမရှိတော့ဘဲ မြေပြင်၌ မြားတံများ ထိမှန်ပြီးကျန်ရစ်ခဲ့သော ကလျာကို ဝိုင်းဝန်းလိုက်လေ၏။

ကလျာက လူရိုင်းများ ဝိုင်းရံလာသောအခါ သူ၏ညာဘက်လက်ကို ကောင်းကင်ပေါ်သို့ မြှောက်လိုက်၏။

ထိုအခါ လူရိုင်းများသည် ရိုသေသောအမူအရာဖြင့် မြေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ဒူးညွတ်၍ ဦးခေါင်းကို ငုံ့ထားလိုက်ကြ၏။

ကလျာ၏ကိုယ်ပေါ်ရှိ မြားဒဏ်ရာများမှာလည်း သွေးများ တိတ်သွားပြီး ဒဏ်ရာသည် တဖြည်းဖြည်း ပကတိအတိုင်းဖြစ်သွားလေ၏။

ကလျာက လူရိုင်းများကိုကြည့်၍ တည်ကြည်သောအမူအရာဖြင့်

“နတ်ဆရာကို ရန်သူတွေသတ်လို့သေသွားပြီ၊ ရန်သူတွေဟာ နတ်ဆရာရဲ့ ရွှေတွေကို လိုချင်တပ်မက်စိတ်နဲ့ သတ်သွားတာဖြစ်တယ်၊ နတ်ဆရာ မရှိတော့တဲ့အတွက် ဒီအချိန်ကစပြီး ယဇ်ပူဇော်တာ မရှိတော့ဘူး၊ မင်းတို့အားလုံး ငါ့ကို သစ္စာခံရမယ်”

ဟုပြောကြားလိုက်ရာ လူရိုင်းအကြီးအကဲအပါအဝင် လူရိုင်းများက ပညာရှင်သခင်မ၏ သစ္စာကိုခံယူမည်ဖြစ်ကြောင်း ဂတိပြုလေ၏။ အမှန်စစ်စစ် ကလျာဆိုသော မိန်းမလှလေးသည်





ပညာရှင် သခင်မပင်ဖြစ်၏။ ပညာရှင်သခင်မသည် လူရိုင်းအုပ်စု၌ ကြီးစိုးနေသော နတ်ဆရာကို ရှင်းပစ်ချင်နေ၏။ နတ်ဆရာကို သူမလက်ဖြင့် မသတ်ရပဲ သစ္စာဆိုထားသဖြင့် မင်းခေါင်တို့အုပ်စုကို ခုတုံးလုပ်၍ နတ်ဆရာအား ရှင်းပစ်လိုက်ခြင်းဖြစ်၏။ နတ်ဆရာမရှိတော့သဖြင့် ဤအရပ်၌ ယဇ်ပူဇော်ခြင်းလည်း မရှိတော့ချေ။ ပညာရှင်သခင်မသည် လူရိုင်းများကို သနားညှာတာစွာ အုပ်ချုပ်ရန် ဆုံးဖြတ်ထား၏။ ပညာရှင် သခင်မက ကောင်းကင်ပေါ်၌ တအိအိပျံတက်သွားသော မီးပုံးပျံကို မော့ကြည့်၍

“ ဘာပဲဖြစ်ဖြစ် လွန်ခဲ့တဲ့ညက ရှင်နဲ့အတူတူနေရတာကို ကျွန်မ တစ်သက်ဘယ်တော့မှမမေ့တော့ဘူး၊ ကျွန်မ သိပ်ကျေနပ်တယ်”

ဟု တိုးတိုးပြောပြီး ကျွန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်တို့လိုက်ပါလာသော မီးပုံးပျံသည် ဟိမဝန္တာတောင်တန်းများကို ကျော်ဖြတ်သွားလေ၏။ တစ်ခါတစ်ရံ ဖြူဖွေးသော ဝါဂွမ်းဆိုင်ကြီးများနှင့်တူသော တိမ်တိုက်များအတွင်း ဖြတ်သန်းသွားလေ၏။

မင်းခေါင်သည် သားရေအိတ်ထဲတွင် အနည်းငယ်မျှ ကျန်ရစ်သော ရွှေတုံးရွှေခဲများကိုကြည့်၍ လောဘဇောကြောင့် စိတ်





အပျက်ကြီး ပျက်နေလေ၏။

မင်းခေါင်က သားရေအိတ်ကြီးကို ကိုင်မြှောက်၍

"ကြည့်စမ်းပါဦးဗျာ၊ ကျုပ်တို့ အန္တရာယ်ကြားက ယူလာတဲ့ရွှေတွေ ဘာမှမရှိတော့ဘူး"

ဟု မချိတင်ကဲ ပြောဆိုလေရာ စိန်တိုးက

"ငါတို့အသက်ဘေးက လွတ်ခဲ့တာပဲကွာ၊ တော်ပြီပေါ့၊ ငါတို့ကို ကူညီပေးတဲ့ မိန်းမလှလေး ကလျာလဲ လူရိုင်းတွေကြောင့် အသက်ဆုံးခဲ့ရတာပဲ"

ဟု နှစ်သိမ့်လေ၏။

အုန်းဖေကလည်း ဝင်ရောက်၍

"အခုချိန်အထိ ငါတို့အသက်အန္တရာယ်ရှိသေးတယ်ကွ၊ မီးပုံးပျံကြီးနဲ့ ဘယ်ကို ခရီးဆက်ရမှာလဲ"

ဟုမေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ စိန်တိုးက ဝင်ရောက်၍

"ဒီအတွက်တော့ မပူနဲ့ကွ၊ လေက အရှေ့ဘက်ကို တိုက်နေတယ်၊ ငါတို့မီးပုံးပျံကြီးဟာ လေတိုက်ရာအတိုင်း သွားရင် မြန်မာပြည်ကို ပြန်ရောက်မှာပဲ၊ မြန်မာပြည်ကို ပြန်ရောက်ရင် ငါတို့ကို ဗြိတိသျှလေတပ်က သူရဲကောင်းတွေလို ကြိုဆိုမှာ သေချာတယ်"

ဟုပြောလေရာ အုန်းခင်က သဘောကျဟန်ဖြင့်

"ဟိဟိ…ငါတို့ရဲ့ ဓာတ်ပုံတွေကို သတင်းစာတွေမှာ ပလူပျံအောင် ထည့်ကြဦးမှာကွ၊ နောက်ပြီးတော့ ငါတို့တောထဲကနေ သက်စွန့်ဆံဖျား လွတ်မြောက်လာပုံတွေကို သတင်းစာတွေက ရေးကြဦးမှာ၊ လူရိုင်းဘုရင်မအကြောင်း၊ မိန်းမချော မိန်းမလှတွေနဲ့ ငါတို့ဘယ်လို စွံခဲ့တဲ့အကြောင်းတွေကို ရေးကြမှာ"

ဟုပြောလေ၏။



၎င်းတို့၏စကားကို နားထောင်၍ မင်းခေါင်ကခေါင်းခါယမ်း၍

"ကျုပ်တို့ တောထဲမှာ ကြုံတွေ့ရတဲ့ ထူးခြားဆန်းကြယ်မှုအကြောင်းတွေကို လူတွေသိလို့မဖြစ်ဘူး၊ လူတွေသိသွားရင် တောထဲက ကျုပ်တို့သယ်လာခဲ့တဲ့ ရွှေတွေအကြောင်းလဲ သိသွားကြလိမ့်မယ်၊ ရွှေတွေကိုဗြိတိသျှအစိုးရဘဏ္ဍာအဖြစ် မသိမ်းဘူးလို့ ခင်ဗျားတို့ပြောနိုင်မှာလား၊ ဒီရွှေတွေက ကျုပ်တို့အသက်နဲ့လဲပြီး ယူလာတဲ့ရွှေတွေဗျ"

ဟုပြောလေ၏။ စိန်တိုးနှင့် အုန်းဖေတို့သည် ခေါင်းတဆတ်ဆတ် ညိတ်၍ ငြိမ်သက်သွားလေ၏။ ၎င်းတို့ စီးနင်းလာသော မီးပုံးပျံကြီးသည် လေနှင်ရာအတိုင်း ကောင်းကင်၌ ပျံသန်းလာလေရာ စိန်တိုးက မိုးကောင်းကင်ကို ကြည့်၍ မျက်စိမျက်နှာ ပျက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး…အရှေ့ဘက်မှာ ကောင်းကင်တစ်ခုလုံး နီရဲနေတယ်၊ မုန်တိုင်းတိုက်တော့မယ်၊ ငါတို့တော့ ဒုက္ခပဲ၊ ဒီမီးပုံးပျံကြီးဟာ မုန်တိုင်းထဲမှာ ဖြတ်သန်းနိုင်မှာမဟုတ်ဘူး"

ဟုပြောလေရာ သူတို့အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။ ခဏကြာလျှင် လေပြင်းများစတင်တိုက်ခတ်လာပြီး ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းလာလေ၏။ မင်းခေါင်က မည်းမှောင်နေသော ကောင်းကင်ကြီးကို ကြည့်၍

"ငါတို့တော့ မုန်တိုင်းထဲမှာ မျောချင်ရာမျောတော့မှာပဲ၊ မြန်မာပြည်မှ ပြန်ရောက်ပါ့မလားမသိဘူး"

ဟုရေရွတ်လေ၏။ စိန်တိုးက သက်ပြင်းချ၍

"မြန်မာပြည်ကို ပြန်မရောက်တာ အရေးမကြီးဘူး၊ မုန်တိုင်းကြောင့် မီးပုံးပျံကြီး ပျက်ကျမှာကြောက်တယ်"

ဟုပြောလေ၏။ စိန်တိုး၏စကားမဆုံးမီ မီးပုံးပျံကြီးသည်





လေပြင်း၏သယ်ဆောင်ရာနောက်သို့ ပါသွားလေ၏။

မုန်တိုင်းလည်း စတင်တိုက်ခတ်လေ၏။ မင်းခေါင်တို့လူစုသည် လေပြင်းနှင့် မိုးစက်မိုးပေါက်များကြောင့် မီးပုံးပျံကို ပျံသန်းစေသော ဂက်စ်အိုးကြီး ပျက်စီးမှာ စိုးရိမ်နေလေ၏။

၄င်းတို့သည် မုန်တိုင်းကြား၌ မျောချင်ရာမျောနေသော မီးပုံးပျံကြီးပေါ်၌ ဘုရားတပြီး လိုက်ပါလာရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုန့်တိုင်းသည် နေ့တစ်ဝက်မျှ တိုက်ခတ်ပြီးနောက် အနည်းငယ် ငြိမ်သက်သွားလေ၏။

မင်းခေါင်က သက်ပြင်းချ၍

"မုန့်တိုင်းစဲသွားပြီ"

ဟုဆိုလိုက်ရာ စိန်တိုးက အထိတ်တလန့်ဖြင့် ဂတ်စ်အိုးကြီးကို ကြည့်ကာ





"ဟိုက် မီးပုံးပျံကြီးကို သယ်ဆောင်တဲ့ ဂတ်စ်အိုးပျက်သွားပြီဟေ့"

ဟုအော်ဟစ်လိုက်၏။

မီးပုံးပျံကြီးသည် ဂတ်စ်အိုးမှ ဓာတ်ငွေ့များမထွက်တော့သဖြင့် မြေပေါ်သို့ တဖြည်းဖြည်း အိကျလာ၏။

၎င်းတို့သည် မီးပုံးပျံပျက်ကျနေသဖြင့် အထိတ်တလန့် အော်ဟစ်ကြ၏။ မီးပုံးပျံကြီးသည် မြေပြင်နှင့် နီးကပ်လာသည်နှင့်အမျှ အရှိန်နှုန်း မြန်ဆန်လာ၏။ မင်းခေါင်က မီးပုံးပျံ၏ အပေါ်ဆင့်ကို ခိုဆွဲတက်၍

"မြေပြင်နဲ့ထိရင် အကျမနာအောင် အားလုံးသေသေချာချာ ကိုင်တွယ်ထားကြ"

ဟုအော်ဟစ်လိုက်လေ၏။

နောက်ဆုံး မီးပုံးပျံကြီး မြေပေါ်သို့ ကျရောက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး မြေပေါ်သို့ လွှင့်စင်ကျသွားလေ၏။

မင်းခေါင်သည် ခြေထောက်တစ်ဖက် အနည်းငယ် နာကျင်ခြင်းမှအပ မည်သည့်ဒဏ်ရာမျှ မရခဲ့ချေ။ အုန်းဖေနှင့်စိန်တိုးတို့မှာလည်း မင်းခေါင်နည်းတူ အနည်းငယ် ကိုယ်လက်ထိခိုက်ခြင်းသာ ဖြစ်ခဲ့၏။

သူတို့လူစု မီးပုံးပျံပျက်ကျသောနေရာသည် တောတွင်း၌ ဖြစ်၍ မည်သူမျှ မြင်တွေ့ခြင်းမရှိချေ။

အုန်းဖေက အနီးပတ်ဝန်းကျင်ကို ကြည့်ရှု၍ လူအသုံးအဆောင် ပစ္စည်းအကြွင်းအကျန်များကို မြင်သောအခါ

"ဒီနေရာဟာ တောနက်ထဲမှာမဟုတ်ဘူး၊ မြို့ရွာတွေနဲ့ နီးပုံရတယ်၊ ငါတို့ ဘယ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေထဲမှာ မီးပုံးပျံ ပျက်ကျသလဲမသိဘူး၊ လောလောဆယ် မီးပုံးပျံကြီးကို လူတွေမမြင်အောင် အစဖျောက်ရမယ်"

———— ဇေတာနာတာပေ ————



ဟုပြောလေ၏။

၄င်းတို့သည် လူအများမမြင်စေရန် မီးပုံးပျံကြီးကို မြေ၌ မြှုပ်နှံလိုက်လေ၏။

ထိုသို့မြှုပ်နှံရင်း ချုံတောစပ်တစ်ခု၌ အိုးခွက်များနှင့် ဆေးလိပ်တို၊ ဖယောင်းတိုင် အစရှိသည်များကိုတွေ့ရသဖြင့် အုန်းဖေက

"ဒီနေရာကို သစ်ခုတ်သမားတွေလာတာသေချာတယ်၊ ငါတို့ လူတွေရှိတဲ့အရပ်နဲ့ နီးနေပြီ"

ဟုပြောလေ၏။ ၄င်းတို့သည် တောတွင်းမှထွက်ပြီး မကြာမီ လူနေအိမ်ခြေများနှင့် နီးကပ်လာကြောင်းခံစားရ၏။

———— ဇေတာနာတာပေ ————

www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်သည် မီးခိုးငွေ့များကို မြင်ရသဖြင့် သစ်ပင်ပေါ်သို့တက်၍ ကြည့်လေရာ

"ရှေ့မှာ ရွာတစ်ရွာရှိတယ်ဟေ့"

ဟုပြောလေ၏။ မင်းခေါင်တို့သည် သတိကြီးစွာထား၍ ထိုရွာသို့ ချည်းကပ်ကြည့်သောအခါ အိန္ဒိယလူမျိုးများရှိသော ရွာတစ်ရွာဖြစ်ကြောင်းသိရ၏။





မင်းခေါင်က မျက်မှောင်ကြုတ်၍

"ငါတို့မီးပုံးပျံဟာ အိန္ဒိယထဲမှာ ပျက်ကျတော့၊ မြန်မာပြည်နဲ့ဘယ်လောက်ဝေးသေးသလဲ စုံစမ်းကြည့်ရမယ်"

ဟုပြောလေ၏။ မင်းခေါင်တို့သည် နွားကျောင်းသားလူငယ်တစ်ဦးထံသို့ သွား၍ ဟိန္ဒူဘာသာဖြင့် မေးမြန်းကြည့်လေရာ ၎င်းတို့သည် အိန္ဒိယ-မြန်မာနယ်စပ် ရွာလေး၌ ရောက်ရှိနေကြောင်း သိရလေ၏။ ကိုစိန်တိုးက မင်းခေါင်နှင့်အုန်းဖေကိုကြည့်၍

"ငါတို့နေ့တစ်ဝက်လောက် ခရီးဆက်ရင် အိန္ဒိယ-မြန်မာနယ်စပ်ထဲကို ရောက်မယ်၊ ငါတို့မှာ အဖိုးတန်ရွှေတိုရွှေစတွေပါတယ်ဆိုတော့ အနေအထိုင် ဆင်ခြင်မှဖြစ်မယ်၊ ငါတို့ဘာဝနောက်ကြောင်းကို ဘယ်သူမှပြောလို့မဖြစ်ဘူး"

ဟုပြောလေရာ မင်းခေါင်က ခေါင်းညိတ်၍

"ခင်ဗျားစိတ်ကူး သိပ်ကောင်းတယ်၊ ကျုပ်တို့ဖေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်တဲ့အကြောင်းကို ပြောလို့မဖြစ်ဘူး၊ ဗြိတိသျှလေတပ်က ကျုပ်တို့ကို လေယာဉ်ဖျက်ကျပြီး သေပြီလို့ မှတ်ထားမှာပဲ၊ ကျုပ်တို့ဘဝကို ဖာတ်မြှုပ်ထားရင် အကောင်းဆုံးပဲ''

ဟုပြောလေ၏။ ထိုအခါ အုန်းဖေက

''ငါတို့ဘဝကို ဖာတ်မြှုပ်မယ်ဆိုရင် မင်းက လူဖျိုဆိုတော့ အကြောင်းမဟုတ်ဘူး၊ ငါတို့နှစ်ယောက်က မိသားစုတွေကျန်ခဲ့သေးတယ်''

ဟုပြောလေ၏။ မင်းခေါင်က

''ခင်ဗျားတို့ကို တစ်သက်လုံး ဖာတ်မြှုပ်ဖို့ပြောတာမဟုတ်ဘူး၊ နှစ်အနည်းငယ်လောက် ဖာတ်မြှုပ်နေဖို့ပြောတာ၊ ကျုပ်တို့နိုင်ငံ လွတ်လပ်ရေးရရင်တော့ သိပ်ကောင်းတယ်၊ ကျုပ်တို့ အေးအေးချမ်းချမ်း နေထိုင်လို့ရတာပေါ့၊ အခုလောလောဆည် ကျုပ်တို့ရဲ့ဘဝမှန်တွေကို ဖော်ထုတ်ပြီး အမှန်အတိုင်းပြောလိုက်ရင် ကျုပ်တို့





ယူလာတဲ့ရွှေတွေကို အင်္ဂလိပ်အစိုးရက သူ့မိုးလက်က သူ့ဖက်လုသလို သိမ်းပိုက်သွားလိမ့်မယ်''

ဟုပြောလေ၏။ ထိုအခါ အုန်းဖေက

''ငါတို့ရဲ့ကျောပိုးအိတ်ထဲက ရွှေတွေနဲ့ မြို့ထဲကိုဝင်လို့မဖြစ်ဘူး၊ ရွှေတို့ရွှေစနည်းနည်းကို ခွဲယူပြီး ရွှေတုံးရွှေခဲတွေကို တစ်နေရာမှာ ဖုက်ထားရင်ကောင်းမယ်''

ဟုအကြံပြုလေ၏။ အုန်းဖေ၏အကြံကို သူတို့အားလုံးသဘောတူကြသဖြင့် အိန္ဒိယ-မြန်မာနယ်စပ်သို့ ရောက်သောအခါ တောစပ်ရှိ ကျောက်တုံးကြီးတစ်တုံးအနီး၌ ရွှေတုံးရွှေခဲများကို မြှုပ်နှံလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာကို မြေပုံတစ်ပုံရေးဆွဲ၍ တစ်ယောက်လျှင် မြေပုံတစ်ပိုင်းစီ သိမ်းဆည်းထားလိုက်၏။

ပြီးနောက် မြန်မာပြည်ဘက်ခြမ်းသို့ ကူးသန်းလိုက်ရာ ထိုအရပ်ရှိ ရွာကြီးများ၌ လောင်းကစားခြင်းလုပ်ငန်းဖြင့် အလွန်စည်ကားနေ ကြောင်းတွေ့ရ၏။

စိန်တိုးက နယ်စပ်ရွာကြီး၏ စည်ကားပုံကိုကြည့်၍





"နယ်စပ်ကရွာကြီးတွေမှာ မြို့လိုပဲ စည်ကားတယ်လို့ ကြားဖူးတယ်၊ အခုမျက်မြင်ကြုံတွေ့ရမှ ပိုပြီး စည်ကားမှန်းတွေ့ရတယ်၊ ကြည့်စမ်းပါဦး၊ ဈေးတန်းကြီးကလဲ စည်လိုက်တာ၊ မြို့မှာလိုပဲ အကုန်ရတယ်၊ လောလောဆယ် ငါ့မှာ ပိုက်ဆံနည်းနည်းရှိသေးတယ်၊ တစ်ခုခု စားသောက်ပြီး အေးအေးဆေးဆေး စဉ်းစားကြတာပေါ့"

ဟုဆိုကာ ၎င်းတို့သည် တရုတ်ဆိုင်ကြီးတစ်ဆိုင်၌ ဝင်ရောက်စားသောက်လေ၏။ ထိုသို့ စားသောက်ပြီး စားပွဲထိုးလူငယ်ကို စုံစမ်းကာ ၎င်းတို့၏ ရွှေတိုရွှေစလေးများကို ရွှေဆိုင်ကြီးတစ်ဆိုင်၌ ရောင်းချလေ၏။

ထိုရွှေဆိုင်ရှေ့၌ တည်းခိုဆောင်တစ်ဆောင်ကိုတွေ့လေရာ တည်းခိုဆောင်၌ပင် သူတို့သုံးယောက်တည်းခိုလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ရွာကြီး၌ လောင်းကစားလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး ဘိန်းနှင့် ရှားပါးသော သယံဇာတပစ္စည်းများကို ရောင်းဝယ်ဖောက်ကားကြကြောင်း သိရ၏။

ထိုရွာ၏ ဈေးတန်း၌ စပါးကြီးမြွေ၊ ကျားသစ် စသည့် သတ္တဝါများကို အရှင်ဝယ်ယူရရှိနိုင်ကြောင်း သိရ၏။

ဤအရပ်၌ ဗြိတိသျှအစိုးရ၏ အာဏာစက် မဖြန့်နိုင်သော





ဒေသဖြစ်သဖြင့် မကောင်းမှု ဒုစရိုက်အလုပ်များ လွန်စွာပေါများလေ၏။ လူတစ်ယောက်၏အသက်ကို ဖက်ရွက်မျှပင် တန်ဖိုးမထားသော အရပ်ဖြစ်၏။

အရက်၊ ဖဲ၊ ပြည့်တန်ဆာစသည်တို့ကိုလည်း လိုသလောက် ရရှိနိုင်၏။

ထိုနေ့ညသို့ရောက်သောအခါ တည်းခိုဆောင်၌ မင်းခေါင် တစ်ယောက်သာ ကျန်ရစ်ခဲ့ပြီး စိန်တိုးနှင့်အုန်းဖေသည် ရွာ့ထိပ်ရှိ အပျော်မယ်များရှိရာဂေဟာသို့ ရောက်ရှိသွားလေ၏။

မင်းခေါင်သည် တည်းခိုဆောင်၏ ဝရန်တာ၌ အရက်တစ်လုံးသောက်၍ ကျန်ရစ်ခဲ့၏။

မင်းခေါင်သည် လောဘသားဖြစ်သဖြင့် လူရိုင်းများထံမှ ရရှိခဲ့သောရွှေများကို အသုံးချ၍ ကြီးပွားချမ်းသာရန်သာ စိတ်ကူးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရက သူတို့ သုံးယောက်အား လေယာဉ်ပျက်ကျရာ၌ ကျဆုံးသွားကြောင်း မှတ်တမ်းတင်ထားလိမ့်မည်။ မိမိတို့၏ သေရွာပြန် အတွေ့အကြုံများအား ဗြိတိသျှတို့အား အစီရင်ခံရလျှင် လူရိုင်းများထံမှ ခိုးယူခဲ့သော ရွှေများအကြောင်းကို တစ်နည်းမဟုတ်တစ်နည်း ပေါ်လွင်သွားနိုင်၏။

ဤအရပ်၌ မိမိတို့၏ရွှေတုံးရွှေခဲများကို အသုံးချ၍ စီးပွားရှာနိုင်လျှင် ကိုယ့်ကိုယ်ကို တက်ကြွယ်ဝချမ်းသာနိုင်သည်ဟု တွေးမိ၏။





မင်းခေါင်သည် သူ၏အကြံအစည်ကို စိန်တိုးနှင့်အုန်းဖေအား ဖွင့်ဟတိုင်ပင်လိုက်၏။

စိန်တိုးတို့သည် ဤအရပ်၌ ပျော်ရွှင်စရာ များလွန်းသဖြင့် မင်းခေါင်၏အကြံအစည်ကို လက်ခံလေ၏။

စိန်တိုးက မျက်မှောင်ကြုတ်၍

''ငါတို့ယူလာတဲ့ ရွှေတုံးရွှေခဲတွေက များလွန်းတယ်၊ ဒီအရပ်မှာ တစ်ခါတည်း ထုခွဲလို့ရမှာမဟုတ်ဘူး၊ ထုခွဲလို့ရမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ဒီအရပ်ကလူတွေဟာ ငါတို့ကို သံသယအကြီးအကျယ် ဝင်ပြီး အန္တရာယ်ပြုနိုင်တယ်”

ဟုပြောလေ၏။ အုန်းဖေက ခေါင်းညိတ်၍

“ဟုတ်တယ်၊ ဗြိတိသျှအစိုးရကိုတောင် သတင်းပေးနိုင် သေးတယ်၊ ငါတို့လောလောဆယ် ကုန်သည်ပွဲစားငယ်လေးတွေ လို ဟန်ပြပြီးနေရမယ်၊ ပြီးတော့မှ ရွှေတွေကို နည်းနည်းချင်းထုခွဲ ရမယ်၊ ငါတို့အချင်းချင်း သစ္စာရှိဖို့ပဲ လိုတယ်”

ဟုပြောလေ၏။

ဤသို့ဖြင့် ၄င်းတို့သုံးယောက်သည် နယ်စပ်ရွာကြီး၌ တစ်ယောက်တစ်မျိုးစီ စီးပွားရှာကြလေ၏။

မင်းခေါင်သည် ရွာကြီး၌ အိမ်တစ်လုံးကို ဝယ်ယူပြီး ပျော်ပွဲ စားရုံဆောက်လုပ်ခဲ့လေ၏။ စိန်တိုးသည် မုဆိုးများနှင့် ပေါင်းသင်း ကာ ရှားပါးတိရစ္ဆာန်များကို ရောင်းဝယ်လေ၏။



အုန်းဖေမှာမူ လောင်းကစားဒိုင်ဖွင့်သော တရုတ်လူမျိုး တစ် ယောက်နှင့် စပ်တူလုပ်ကိုင်လေ၏။

ထိုသို့ လုပ်ကိုင်ရင်း နှစ်အနည်းငယ်ကြာသောအခါ သူတို့ သုံးယောက်၏ စီးပွားရေးအခြေအနေများပြောင်းလဲလာ၏။

မင်းခေါင်၏ ပျော်ပွဲစားရုံလုပ်ငန်းမှာ ပုံမှန်တိုးတက်ဖြစ်ထွန်း ပြီး စီးပွားရေးအခြေအနေများ ပြောင်းလဲလာလေ၏။

စိန်တိုးသည် ရှားပါးတိရစ္ဆာန်များကို ရောင်းဝယ်ရာမှ ပိုမို၍ လောဘဇောကြီးလာကာ ဘိန်းကုန်ကူးသောအလုပ်ကိုပင် လုပ်ကိုင် လေ၏။ ထိုသို့ လုပ်ကိုင်ရင်း အိန္ဒိယစစ်တပ်၏ ဖမ်းဆီးခြင်းခံရ သောကြောင့် စီးပွားပျက်လုမတတ်ဖြစ်သွားလေ၏။

အုန်းဖေမှာလည်း လောင်းကစားဒိုင်လုပ်ငန်းကို တရုတ်လူမျိုး တစ်ယောက်နှင့် စပ်တူလုပ်ကိုင်ရာမှ လုပ်ငန်းမကျွမ်းကျင်မှုကြောင့် တဖြည်းဖြည်း စီးပွားရေးအဆင်မပြေဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိန်တိုးနှင့် အုန်းဖေသည် မင်းခေါင်ထံသို့ လာရောက်၍ တောထဲ၌ ဖွက်ထားသော ရွှေများကို ထုခွဲရောင်းချရန် တိုက်တွန်းလေ၏။

မင်းခေါင်က ရွှေများကို ထုခွဲရောင်းချရန် သဘောမတူညီဘဲ

"ကျုပ်တို့သုံးယောက်ကို ရွာသူကြီးက မျက်လုံး ဒေါက်ထောက်ကြည့်နေတယ်၊ သူတို့မျက်လုံးထဲမှာ နည်းနည်းလေး မသင်္ကာစရာတွေ့ရင် ဗြိတိသျှအစိုးရကို အကြောင်းကြားလိုက်မှာပဲ၊ ကျုပ်တို့ ဒီမှာ တစ်နှစ်၊ နှစ်နှစ် စီးပွားရှာပြီး ရွှေတွေကို အညီအမျှ ခွဲဝေကြမယ်၊ ရွှေတွေ ခွဲဝေပြီးရင် ဒီမြို့က တစ်ခါတည်း ထွက်ခွာကြမယ်၊ ဒီမြို့မှာ ဆက်နေရင် ကျုပ်တို့ အဖမ်းခံရမှာပဲ"

ဟုပြောဆိုလေ၏။

ထိုအခါ စိန်တိုးနှင့်အုန်းဖေကလည်း ရွှေများကို အမြန်ဆုံး တူးဖော်ချင်ကြောင်း ပိုင်းဝန်းပြောဆိုကြလေ၏။





မင်းခေါင်ကလည်း သူတို့သုံးယောက်အတွက် အန္တရာယ်ရှိသည်ဟု ယူဆသဖြင့် ငြင်းဆို၍သာနေလေ၏။

နောက်ဆုံး၌ အုန်းဖေသည် မင်းခေါင်၏ဆန္ဒကို လိုက်နာရန် ဆန္ဒမရှိတော့သဖြင့် စိန်တိုးအား တိတ်တဆိတ်တိုင်ပင်လေ၏။

"ဒီမှာစိန်တိုး၊ မင်းခေါင်ကတော့ ဥစ္စာရူးရူးနေပြီ၊ ဒီကောင်က ရွှေတွေကို သူတစ်ယောက်တည်း ပိုင်တယ်လို့တောင် ယူဆနေပုံရတယ်၊ သူဟာ တစ်နေ့နေ့မှာ ရွှေတွေကို ယူပြေးမှာပဲ"

ဟုပြောလေရာ စိန်တိုးကလည်း

"ဟုတ်တယ်၊ ဒီကောင်ကို ငါမယုံဘူး၊ ဒီကောင်က လောဘကြီးလွန်းတယ်၊ငါတို့ဘယ်လို လုပ်ကြမှာလဲ"

ဟုပြောလေ၏။ အုန်းဖေက အံကိုကြိတ်၍

"ဒီကောင်က လူယုံ၊ လူလွှတ်၊ ဒီနေရာမှာ ပိုက်ဆံရှာလို့ကောင်းတယ်ဆိုပြီးတော့ တစ်သက်လုံးနေလဲ အကြောင်းမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မှာ သားမယားတွေရှိသေးတယ်၊ သူတို့နဲ့ ပြန်ဆုံချင်လှပြီ၊ ငါ့မိန်းမနဲ့ကလေးတွေက မန္တလေးမှာရှိတယ်''

ဟုပြောလေရာ စိန်တိုးကလည်း ခေါင်းညိတ်၍

''ငါ့မိသားစုလဲ ဗန်းမော်မှာ ကျန်နေခဲ့တယ်၊ သူတို့နဲ့ငါ ပြန်ဆုံချင်ပြီ''

ဟုပြောလေ၏။ ထိုအခါ အုန်းဖေက

''ဒါဆိုရင် ငါတို့နှစ်ယောက်ပေါင်းကြံမှဖြစ်မယ်၊ ငါရွှေတွေကို သွားတူးမယ်၊ ရွှေတွေရရင် ဒီအရပ်ကခွာပြီး ရန်ကုန်ကိုပြေးမယ်၊ ရန်ကုန်ကို ငါ့မိသားစုခေါ်ပြီး ဘဝသစ်နဲ့နေကြမယ်၊ ရန်ကုန်မှာ အဆင်မပြေရင်လဲ မြိတ်၊ ကော့သောင်းဘက် သွားနေမယ်၊ ဒါဆိုရင် ဗြိတိသျှအစိုးရကို ငါတို့မျက်လှည့်ပြလို့ရပါပြီ၊ အစိုးရကလဲ ငါတို့ကို သေလူတွေဆိုပြီး စာရင်းသွင်းထားကြမှာပါ''

ဟုပြောလေ၏။ ထိုအခါ စိန်တိုးက မျက်မှောင်ကြုတ်၍





''မင်းက ရွှေတွေကိုယူသွားပြီဆိုတော့ ငါ့ရဲ့ဝေစုကို ဘယ်မှာလိုက်ယူရမလဲ''

ဟုပြောလေ၏။ အုန်းဖေက

''ငါ့ကို ယုံပါကွာ၊ မင်းဝေစုကို ငါတိတိကျကျ ခွဲပေးမှာပါ၊ ငါ ရန်ကုန်ကိုရောက်လို့ အခြေကျရင် သတင်းစာမှာကြော်ငြာထည့်လိုက်မယ်၊ ကြော်ငြာတဲ့လိပ်စာအတိုင်း မင်းလိုက်လာခဲ့ပါ''

ဟုပြောလေ၏။

စိန်တိုးက မျက်မှောင်ကြုတ်၍

''ဘယ်လိုကြော်ငြာထည့်မှာလဲ''

ဟုမေးမြန်းလေ၏။

အုန်းဖေက စဉ်းစားဟန်ပြု၍

''ဒီလိုကွာ၊ ဟုတ်ပြီ၊ ခေါင်းယောင်ခေတ်သောက်ဦးကို တွေ့မြင်ချင်လျှင် အောက်ပါလိပ်စာအတိုင်း လာခဲ့ပါလို့ ကြော်ငြာလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ဟုပြောလေ၏။ စိန်တိုးက စဉ်းစားဟန်ပြု၍

''ဟုတ်ပြီ၊ မင်းငါ့ကို သစ္စာဖောက်ဖို့တော့ မကြိုးစားနဲ့နော်၊ မင်းဘက်က သစ္စာမတည်ရင် မင်းတို့တစ်မျိုးလုံးကို ငါသတ်မယ်၊ တကယ်တော့ မင်းနဲ့အတူ ငါလဲတစ်ပြိုင်တည်း လိုက်ချင်တာကွ၊ မင်းခေါင် ရိပ်မိသွားမှာစိုးလို့ ငါနေခဲ့တာ''

ဟုပြောလေ၏။ အုန်းဖေက

''ဟုတ်တယ်၊ မင်းကို တစ်ပြိုင်တည်းခေါ်သွားချင်ပေမယ့် ယုတ္တိရှိအောင် မင်းနေခဲ့တာကောင်းတယ်၊ ငါတို့နှစ်ယောက်စလုံး ပျောက်သွားရင် တောထဲကရွှေတွေ သွားရှာတယ်ဆိုတာ ရိပ်မိသွားနိုင်တယ်''

ဟုပြောလေ၏။ ထိုအခါ စိန်တိုးသည် သူ၏လက်ထဲ၌ရှိသော မြေပုံတစ်ပိုင်းကို ထုတ်ပေးလိုက်လေ၏။ အုန်းဖေက ၄င်း





ထဲ၌ရှိသော မြေပုံတစ်ပိုင်းနှင့် ဆက်လိုက်ပြီး

''မြေပုံနှစ်ပိုင်းဆက်လိုက်ရင် ငါတို့သွားမဲ့နေရာကို မှတ်မိသွားပြီကွ၊ မနက်ဖြန်ပဲ ငါရွှေတွေသွားရှာပြီး ဒီအရပ်ကပြေးတော့မယ်၊ ရွှေတွေအတွက် ဘာမှမပူနဲ့သူငယ်ချင်း၊ မင်းအပေါ် ငါ ဘယ်တော့မှ သစ္စာမဖောက်ဘူး''

ဟုဆိုကာ စိန်တိုးနှင့် လမ်းခွဲထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အုန်းဖေ သည် နယ်စပ်ရွာကြီးမှပျောက်သွားပြီး တစ်ပတ်ခန့်အကြာတွင် မင်းခေါင်သည် စိန်တိုးထံသို့ ရောက်ရှိလာပြီး

"အုန်းဖေ ဘယ်ရောက်နေသလဲ"

ဟု မသင်္ကာဟန်ဖြင့်မေးမြန်းလေ၏။ စိန်တိုးကစိုးရိမ်ဟန်ဖြင့်

"အုန်းဖေ ပျောက်နေတာကြာပြီ၊ ငါလဲ ဒီကိစ္စကို မင်းနဲ့ တိုင်ပင်ချင်လို့ အခုပဲ လာတော့မလို့၊ အုန်းဖေ အန္တရာယ်များ





ဖြစ်နေပြီလား"

ဟုဆိုလိုက်ရာ မင်းခေါင်က အံကိုကြိတ်၍

"သူ့အန္တရာယ်ဖြစ်တာ အရေးမကြီးဘူး၊ ရွှေတွေကို သူတစ်ယောက်တည်းတူးပြီး ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

ဟုမေးမြန်းလေ၏။

စိန်တိုးက မသိမသာ သက်ပြင်းချ၍

"ဒါတော့ မဖြစ်နိုင်ပါဘူးကွာ၊ မြေပုံတစ်ချပ်က ငါ့ဆီမှာရှိတာပဲ၊ သူတစ်ယောက်တည်း ဘယ်လိုသွားယူလို့ရမလဲ"

ဟုပြောလေ၏။

ထိုအခါ မင်းခေါင်က ဒေါသတကြီးဖြင့်

"ဒီမှာ ရွှေတွေမြှုပ်ထားတဲ့နေရာကို မြေပုံမကြည့်ဘဲ ကျုပ်တစ်ယောက်တည်း သွားတူးဖော်နိုင်တယ်ဗျ၊ ဒီလူကြီးလဲ ကျုပ်လို မှတ်မိနေရင် ဘယ်လိုလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ စိန်တိုးသည် စိုးရိမ်ထိတ်လန့်ဟန်ပြ၍

"ဟင်...ဒါဆိုရင် ရွှေတွေကို စိုးရိမ်နေရပြီ၊ ဒီကောင် လောင်းကစားလုပ်ငန်းမှာ အကြီးအကျယ်အရှုံးပေါ်နေတယ်လို့ကြားတယ်၊ သူနဲ့စပ်တူလုပ်တဲ့ တရုတ်လူရှုပ်မောင်လှိုင်ကို သွားစုံစမ်းရအောင်"

ဟုဆိုကာ ရှေ့မှ ဦးဆောင်၍ သွားရောက်စုံစမ်းလေရာ တရုတ်လူရှုပ်မောင်လှိုင်က

"သူ့မှာ ကျုပ်ရဲ့အကြွေးတွေ အများကြီးတင်နေပြီ၊ သူငွေရှာမယ်ဆိုပြီး ရွာကထွက်သွားတာပဲ"

ဟုပြောလေရာ မင်းခေါင်သည် အထိတ်တလန့်အော်ဟစ်လိုက်ပြီး

"သွားပြီ.. ဒီလူကြီးသစ္စာဖောက်သွားပြီ၊ ကျုပ်တို့ရွှေတွေ ပါသွားပြီ"





ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုလေ၏။

ထို့နောက် ရွှေတုံးရွှေခဲများ မြှုပ်နှံထားရာနေရာသို့ အမြန်ဆုံးသွားပြီး ကြည့်ရှုလေရာ ကျောက်တုံးကြီးအောက်၌ မြှုပ်နှံထားသော ရွှေထုပ်ကြီးမရှိတော့ချေ။

စိန်တိုးသည် ကြိုတင်သိရှိပြီးဖြစ်သဖြင့် ရင်ထဲ၌ ပူပင်သောက မဖြစ်သော်လည်း မင်းခေါင်ယုံကြည်မှုရရှိစေရန် ဒေါသတကြီး အော်ဟစ်ပေါက်ကွဲပြလေ၏။

ရွှေများနှင့်ပတ်သက်၍ လွန်စွာလောဘကြီးသော မင်းခေါင်မှာမူ အရူးတစ်ယောက်ကဲ့သို့ ဖြစ်နေလေ၏။

မင်းခေါင်သည် အတန်ကြာအောင် အော်ဟစ်နေရာမှ လက်သီးကိုဆုပ်၍

"လူယုတ်မာကြီးအုန်းဖေ၊ ခင်ဗျားကြီး ကမ္ဘာမြေကြီးရဲ့ အဆုံးထိရောက်အောင်ပြေးပါစေ၊ ကျုပ်မရရအောင် ရှာဖွေပြီးလက်စားချေ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကျုပ်ရဲ့ရွှေတွေကို ပြန်ယူမယ်"

ဟုကြုံးဝါးလေ၏။

ထိုအခါ စိန်တိုးကလည်း

"ရွှေတွေမရှိမှ ငါလဲ ဒီရွာမှာ ဆက်နေလို့ဘာထူးမှာလဲ၊ သစ္စာဖောက်အုန်းဖေကိုပဲ မရရအောင် ပြန်ရှာပြီး ရွှေတွေတောင်းရတော့မှာပဲ၊ သေတွင်းထဲက အတူတူထွက်လာသူချင်း ဒီလိုသစ္စာဖောက်တာ ရင်နာလို့မဆုံးဘူးကွာ၊ ငါတို့နှစ်ယောက် လူစုခွဲပြီး အုန်းဖေကို ရှာကြမယ်၊ အုန်းဖေကိုတွေ့ရင် ငါတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ကြမယ်"

ဟုတိုင်ပင်ဆွေးနွေးကြလေ၏။ ထို့နောက်တွင်မူ မင်းခေါင်နှင့် စိန်တိုးသည် နယ်စပ်ရွာကြီးမှ တစ်ယောက်ပြီးတစ်ယောက် ဖျောက်ကွယ်သွားလေတော့၏။





ကိုမင်းခေါင်သည် ရွှေတုံးရွှေခဲများကို အပိုင်စီးသွားသော အုန်းဖေ၏အနောက်သို့ လိုက်ခဲ့လေ၏။ သူသည် မြန်မာပြည်အနှံ့ ခြေဆန့်၍ နှစ်များစွာရှာဖွေခဲ့၏။

ထိုသို့ရှာဖွေရင်း မိမိ၏ စည်းစိမ်ဥစ္စာများကို လိုချင်တက်မက်စိတ်ဖြင့် အဆိုတ်ခတ်လုပ်ကြံခဲ့သော ပထွေးဖြစ်သူကို ပညာပေးရန်ကြံစည်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းခေါင်သည် သူ၏ပထွေး ဦးမြဒင်ရှိရာအရပ်ကို စုံစမ်းလေရာ ဦးမြဒင်သည် ရန်ကုန်မြို့၌ ကြောင်နှစ်ကောင်ပွဲရုံကို ဖွင့်ထားကြောင်း သိရ၏။

ထို့ကြောင့် ကိုမင်းခေါင်သည် ဦးမြဒင်အား လက်စားချေရန် အတွက် စာတစ်စောင် ရေးပို့လိုက်လေ၏။

ထိုစာကို ရေးပို့ပြီး ဦးမြဒင်နှင့်သွားရောက်တွေ့ဆုံကာ ပထွေး ဖြစ်သူအား လှလှပပ ပညာပေးခဲ့လေ၏။

*မှတ်ချက်။ ကိုမင်းခေါင်က ပထွေးဖြစ်သူဦးမြဒင်ကို ပညာပေးသောအခန်းသည် ရွှေ့စွာစိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် အုန်းပင်၏ စာဖတ်သူများ ဦးစွာဖတ်ရှုနိုင်ရန်ဤစာအုပ်၏ရှေ့ခန်းများ၌ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။*

*(စာရေးသူ)*

ကိုမင်းခေါင်သည် ပထွေးဖြစ်သူကို ပညာပေးပြီးနောက်





သတင်းစာထဲ၌ ပါရှိသော ထူးဆန်းသည့် ကြော်ငြာတစ်ခုကိုတွေ့ ရလေ၏။ ထိုကြော်ငြာမှာ

"ဒေါင်းယောင်ဆောင်သောကျီးကိုတွေ့ချင်လျှင် အောက်ပါ လိပ်စာအတိုင်း လာခဲ့ပါ"

ဟူသော ကြော်ငြာပင်ဖြစ်လေ၏။ ကိုမင်းခေါင်သည် ထိုကြော်ငြာ၌ပါရှိသောလိပ်စာကို မသိမသာ သွားရောက်ကြည့်ရှုရာ မိမိ၏ရန်သူတော်ကြီး ကိုအုန်းဖေကို တွေ့ရလေ၏။

ကိုအုန်းဖေသည် ကြည်မြင့်တိုင်ဘက်၌ အုတ်တိုက်နီကြီး တစ်လုံးကို ဝယ်ယူပြီး ကြီးပွားချမ်းသာနေကြောင်းတွေ့ရလေ၏။

ကိုမင်းခေါင်သည် ကိုအုန်းဖေ၏နေအိမ်ကို မသိမသာ ချောင်းမြောင်းကြည့်ရှုလေရာ ကိုအုန်းဖေ၌ သက်တော်စောင့်များ ကိုပင် ငှားရမ်းထားကြောင်း တွေ့ရလေ၏။

ကိုအုန်းဖေခြံရှိ ခြံစောင့်ကုလားပင်လျှင် နပန်းသမားတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေ၏။

ကိုမင်းခေါင်သည် ကိုအုန်းဖေ၏ ခြံကို နေ့စဉ်မပြတ် အကဲခတ်နေလေရာ မကြာမီ ကိုအုန်းဖေ အသည်းအသန် မနာမကျန်းဖြစ်နေကြောင်း သိရလေ၏။

တစ်နေ့ ကိုအုန်းဖေ၏အိမ်သို့ ချောင်းမြောင်းကြည့်ရှုလေရာ ကိုအုန်းဖေသည် ပြတင်းပေါက်၌ မိမိ၏မျက်နှာကို မြင်တွေ့သွားပြီး အထိတ်တလန့်အော်ဟစ်လိုက်လေ၏။

ကိုအုန်းဖေ၏ သားနှစ်ယောက်မှာ ဖခင်ဖြစ်သူ၏အမူအရာကြောင့် ခြံပြင်သို့ အပြေးအလွှားထွက်၍ လိုက်လံရှာဖွေရာ ကိုမင်းခေါင်သည် အုတ်တံတိုင်းကိုကျော်၍ ပြေးလွှားခဲ့ရလေ၏။

ကိုအုန်းဖေသည် ထိုနေ့မှာပင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရ၏။

မိမိတို့သုံးယောက် အသက်နှင့်ရင်း၍ ရှာဖွေခဲ့သော ရွှေတုံး





ရွှေခဲများကို ကိုအုန်းဖေ၏သားနှစ်ယောက် ရရှိသွားချေပြီ။

ကိုမင်းခေါင်သည် ရွှေတုံးရွှေခဲများကို ရယူလိုသော လောဘစိတ်ကြောင့် အမှားအမှန်ကို ဝေဖန်ပိုင်ခြားနိုင်စွမ်းမရှိတော့ဘဲ ကိုအုန်းဖေ၏အိမ်ထဲသို့ တိုက်တဆိတ်ဝင်ရန် ကြိုးစားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အခွင့်အရေးရသည်နှင့် ကိုအုန်းဖေ၏ အိမ်ကြီးထဲသို့ အိမ်ခေါင်မိုးမှတစ်ဆင့် ခိုးဝင်ကာ ရွှေဒင်္ဂါးသေတ္တာကို ရှာဖွေတွေ့ရှိခဲ့၏။

ထိုအခန်း၌ ကိုအုန်းဖေ၏သား အေးတင့်ကိုတွေ့ရှိခဲ့ပြီး အဆိပ်လူးမြှားဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့လေ၏။

ပြီးနောက် ရွှေဒင်္ဂါးသေတ္တာကို ပြတင်းပေါက်မှ ကြိုးဖြင့်





ချ၍ ပြတင်းပေါက်ကို အတွင်းမှ ချက်ကိုချလိုက်၏။ မိမိကိုယ်တိုင်ကမူ မျက်နှာကျက်မှ ပြန်လည်ထွက်ခွာသွားလေ၏။

ပုလိပ်များသည် ကိုအေးတင့်၏အလောင်းကို စစ်ဆေးပြီး သဲလွန်စရှာရန် ခက်ခဲသွားပေလိမ့်မည်။

ကိုမင်းခေါင်သည် ကမ်းနားဘက်သို့ရောက်သောအခါ မော်တော်ဘုတ်ငှားသည်ဆိုသော ဆိုင်းဘုတ်ကို တွေ့ရသဖြင့် မော်တော်ဘုတ်ကို ငှားဟန်ဆောင်ပြီး အပိုင်စီးရန် ဆုံးဖြတ်လိုက်၏။

မိမိ၌ ရွှေဒင်္ဂါးသေတ္တာပါရှိသည့်အတွက် ကုန်းလမ်းခရီးထက် ရေလမ်းခရီးက ပိုမိုစိတ်ချရသည်ဟု ယူဆ၏။

သို့သော် မိမိငှားရမ်းလာသော မော်တော်ဘုတ်သည် မကြာခဏ စက်ရပ်နေသဖြင့် သံလျင်ဘက်ရှိ မော်တော်ဘုတ်ပြင်သောရုံ၌ ပြင်ဆင်ခဲ့ရ၏။

မော်တော်ဘုတ်ပြင်ဆင်နေစဉ် သံလျက်ဘက်ရှိ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဇရပ်၌ သွားရောက်အိပ်စက်လေ၏။

နောက်တစ်နေ့တွင် မော်တော်ဘုတ်ကို သွားရောက်ယူဆောင်ပြီး ထိုအရပ်မှ ထွက်ပြေးရန် ကြံစည်နေစဉ် ဂျာမဒါမင်းထင်၏ ဖမ်းဆီးခြင်းကို ခံရခြင်းဖြစ်လေ၏။





ရုံးတော်မှ ကိုမင်းခေါင်၏အမှုကို စစ်ဆေးပြီး ပြစ်မှုထင်ရှားသည်ဆိုကာ ထောင်ဒဏ် (၁၀) နှစ် အပြစ်ဒဏ်ချမှတ်ခဲ့လေ၏။

ကိုမင်းခေါင်၏အမှုကို စီရင်ချက်ချသောနေ့တွင် ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည် ကိုမင်းခေါင်ကို သွားရောက်တွေ့ဆုံခဲ့၏။

ကိုမင်းခေါင်နှင့် ကျွန်ုပ်တို့ စကားလက်ဆုံကျနေစဉ် ချောမော လှပသော မိန်းမတစ်ဦးသည် ကိုမင်းခေါင်ရှိရာသို့ ကူးရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းလာပြီး နှင်းဆီပန်းလေးတစ်ပွင့်ကို ပေးလိုက်၏။

ကိုမင်းခေါင်သည် ထိုမိန်းမ ကပ်ပေးသော နှင်းဆီပန်းကို မယူဘဲ လွန်စွာ အံ့သြထိတ်လန့်သောအမူအရာဖြင့်

"ကလျာ. . . ကလျာ. .ကလျာ မသေဘူး ဟုတ်လား၊ ကျုပ်ကတောထဲမှာ ကလျာ လူရိုင်းတွေရဲ့ မြားချက်ကြောင့် သေပြီလို့ ထင်နေတာ၊ ဒီလောက်ဝေးတဲ့နေရာကို ဘာလို့ရောက်လာတာလဲ"

ဟုပြောလိုက်ရာ ကလျာဆိုသော မိန်းမလှက ကိုမင်းခေါင်ကို တည်ကြည်စွာကြည့်၍

"နီးတယ်၊ ဝေးတယ်ဆိုတာ ပညတ်တွေပါ၊ ပရမတ်မဟုတ်ပါဘူး၊ ရှင့်ဘဝမှာ ပရမတ်တည့်အောင်ကြည့်ဖို့ကြိုးစားပါ"

ဟုပြောရင်း ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်ကို မျက်လုံးဖွေ့ကြည့်လိုက်လေ၏။ ပြီးနောက် ကြောင်ငေးငေးကြည့်နေသော





ကိုမင်းခေါင်၏ အင်္ကျီအိတ်ထဲသို့ နှင်းဆီပန်းလေးကို ထိုးစိုက်ကာ ထိုနေရာမှ ထွက်ခွာသွားလေ၏။

ကိုမင်းခေါင်သည် ကလျာဆိုသော မိန်းမလှလေးကို အားမလို အားမရ ကြည့်၍

"ကလျာ. .ကလျာ. . .နေပါဦး၊ ခဏနေပါဦး၊ ကျုပ် မေးစရာရှိသေးလို့ပါ"

ဟုပြောဆိုသော်လည်း မိန်းမလှလေးသည် ကိုမင်းခေါင်၏ စကားကို မကြားဟန်ပြု၍ ကျောခိုင်းထွက်ခွာသွားလေ၏။

ထိုမြင်ကွင်းကို သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း စသော သတင်းစာမှ သတင်းထောက်များသည် ဓာတ်ပုံများ တဖျတ်ဖျတ် ရိုက်လိုက်ကြလေ၏။

ကျွန်ုပ်သည် ကလျာဆိုသော မိန်းမလှလေး၏ အကြောင်းကို ကိုမင်းခေါင်၏ ဘဝနောက်ကြောင်း၌ ကြားဖူးထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူမ အနောက်သို့ ကမန်းကတန်း လိုက်ကြည့်လေ၏။

ထိုအခါ ကလျာသည် ရုံးအရှေ့၌ ရပ်တန့်ထားသော လွန်စွာ ခံ့ညားလှသည့် အော်စလီကားနက်ကြီးပေါ်သို့ ဣန္ဒြေရရ တက်သွားလေ၏။

ကျွန်ုပ်က ကားရှိရာသို့ ကမန်းကတန်းပြေးလိုက်သွားသော အခါ ပန်ချာပီ ဒရိုင်ဘာက

"ပညာရှင် သခင်မ၊ ကျွန်တော် မောင်းလို့ရပြီလား"

ဟုမေးမြန်းသံကို မသဲမကွဲကြားလိုက်ရပြီး ကားကြီးသည် တရားရုံးရှေ့မှ လျှင်မြန်စွာ ထွက်ခွာသွားလေ၏။





နောက်တစ်နေ့ထုတ် သတင်းစာများထွက်သောအခါ ကျွန်ုပ်သည် စိတ်လှုပ်ရှားစွာဖြင့် ကလျာဆိုသော မိန်းမလှ၏ဓာတ်ပုံကို ကြည့်ရှုလေ၏။

သို့သော် မည်သည့်သတင်းစာတွင်မှ ကလျာ၏ဓာတ်ပုံကို မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သတင်းစာတိုက်များ၌ရှိသော အသိမိတ်ဆွေ သတင်းထောက်များကို ကလျာ၏ ဓာတ်ပုံ မပါရှိခြင်းနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခဲ့လေ၏။

ထိုအခါ သတင်းစာတိုက်များရှိ သတင်းထောက်များအားလုံးက အံ့သြစွာဖြင့် တညီတညွတ်တည်းပြောဆိုကြလေ၏။

''သိပ်ထူးဆန်းတယ်ဗျာ၊ ကျုပ်တို့ ဒီမိန်းမဓာတ်ပုံကို ရချင်လွန်းလို့ အလုအယက် ရိုက်ယူကြတယ်၊ ဒါပေမယ့် ဘယ် သတင်းထောက်ရဲ့ ဖလင်မှာမှ သူ့ဓာတ်ပုံ မစွဲထင်ဘူး၊ တော်တော့်ကို ထူးဆန်းတဲ့ တိုက်ဆိုင်မှုပါပဲဗျာ''

ဟုပြောဆိုကြလေ၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

(ဘာမှမသိသော)

မင်းမြတ်သူရ



BURMESE CLASSIC .com

www.burmeseclassic.com